

ပြည်သူ့တရားရှင်
အဝေတောက်တော်ကျန်ကျောင်းနှင့်

ဤမျက်ပါဒေဟုံ

စီစဉ်သူ-ပိုးနဲ့ဒဝိ

လှငိဝါပေ
အမှတ် ၁၅/၁၃၈၊ မြလမ်း
တောင်ဒဂုံမြို့
ဖုန်း ၂၁၇၄၄

ပိုးဆပ်ပန်း
တဝေပ
၁၉/၂၁၊ ကျောင်းလမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့

စာမူခွင့်ပြုချက်အမှတ် ၉၅/၉၈ (၃)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၁၂၅/၉၈ (၄)

| | |
|---|---|
| | ပထမအကြိမ် |
| | ၁၉၉၈ ခုနှစ်၊ ဇွန်လ |
| တန်ဖိုး | ကျပ်နှစ်ရာတိတိ |
| အုပ်ရေ | ၅၀၀ အုပ် |
| မျက်နှာဖုံးပန်းချီ | မျိုးတင့်လှိုင် |
| ကာလာခွဲ | ကိုကျော်ဌေး |
| မျက်နှာဖုံးနှင့်အတွင်း ပုံနှိပ်သူ | ဒေါ်ခင်စန်းမြင့် (၀၅၄၄၉) ဟသ်ာ **OFFSET** အမှတ် ၁၁၊ ၁၂၅လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |
| ထုတ်ဝေသူ | ဦးသောင်း၊ ရွှေပင့်ကူစာပေ (၀၁၁၁၄ မြဲ) ၅၂၅ (ခ)၊ (၈)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ရန်ကုန်မြို့။ |


# ရန်မျိုးအောင်

ပြည်သူ့တရားရှင် အသောက်တော် ကျွန်တော်ဆောင်းနှင့်
မျှော်ဝေတော်ပဋ္ဌာ

(နှစ်အုပ်တွဲ သိုင်းဘာသာပြန် အသစ်စက်စက်စာအုပ်)

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင် ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူ အဖြစ် သတ်မှတ်ချေမှုန်းကြ။

ညွှင့်စာပေ
အမှတ် ၁၅/၁၃၈၊ မြေလစ်း
တောင်ငူမြို့။
ဖုန်း ၂၀၇၆၆

# ရန်မျိုးအောင်

## ပြည်သူ့တရားရှင်
## အထောက်တော်ကျော်ကျောင်းနှင့် လျှို့ဝှက်ပုစ္ဆာ

( ပထမပိုင်း )

နိုးဆမ်းပန်းစာနပ

လွင်စာပေ
အမှတ် ၁၅/၁၃၈၊ ဖြေလမ်း
တောင်ငူမြို့
ဖုန်း ၂၁၇၄၄

## အခန်း (၁)

ကျဲ့ဟူကျင့်စားသောက်ဆိုင်ထဲတွင် နူတ်ခမ်းမွေးမည်းမည်းနှင့် လူငယ်တစ်ဦး ထိုင်နေသည်၊ သူသည် အရက်ခွက်တစ်ခွက်ကိုကိုင်ကာ မော့မသောက်သေးဘဲ တစ်စုံတစ်ရာကို တွေဝေစဉ်းစားနေ၏၊ ထိုအချိန်မှာပင် စားသောက်ဆိုင် ခတွင်းသို့ အဝတ်အစား စုတ်စုတ်ပြတ်ပြတ်နှင့် လူတစ်ယောက်ဝင်လာ၏။

'ဝူချင်းဖိန်-ဝူချင်းဖိန်း'

'သူတွေလိုသော လူတစ်ယောက်၏ အမည်ကိုခေါ်ကာ စားသောက်ဆိုင်ထဲတွင် လှည့်ပတ်ရှာဖွေနေသည်။

စားသောက်ဆိုင်ထောင့်တွင် ထိုင်နေသော နှုတ်ခမ်းမွေး မည်းမည်းနှင့်လူငယ်မှာ ဆိုင်ထဲသို့ဝင်လာသူကို ကြည့်ကာ ခေါင်းတစ်ချက်ခါလိုက်သည်။

'ဂူချင်းဖိန်ရဲ့ ဟေ့ ဂူချင်းဖိန်'

မကြာမီ အော်ခေါ် နေသောလူက နှုတ်ခမ်းမွေးမည်းမည်း နှင့်လူငယ်ကို တွေ့သွားသည်၊ လူငယ်က အေးစက်စက်နှင့် သူ့လက်ထဲမှ အရက်ခွက်ကို မော့သောက်နေ၏။

'ဂူချင်းဖိန် ဘာလို့ပြန်မထူးတာလဲ'

လူငယ်၏ပခုံးကို ပုတ်ကာ အဝတ်အစား စုတ်စုတ်ပြတ်ပြတ် နှင့်လူက မေးလိုက်၏။

'ခင်ဗျား ဘာလို့ ဒီလောက် ပြာလောင်ခတ်နေရတာလဲ ခမ်းမို့၊ ဆိုင်ထဲမှာ လူတွေအများကြီးပဲဆိုတာ သတိလေးထား ဦးမှပေါ့'

ထိုအခါမှ ခမ်းမို့က ပတ်ဝန်းကျင်ကို သူ့မျက်လုံးပြူး ကြောင်ကြောင်များနှင့် ငုံ့စိငုံ့စိ လှည့်ကြည့်လိုက်သည်။

'အေးပါ၊ စိတ်တွေလှုပ်ရှားလွန်းလို့ ငါ့ကို အရက်တိုက် စမ်းပါကွာ'

ခမ်းမို့က ပြောပြောဆိုဆို ဂူကျင်းဖိန်၏အရက်ခွက်ကို ယူကာ ပုလင်းထဲမှအရက်များကို လောင်းထည့်ကာ မော့ သောက်လိုက်၏။

'ဖူး ဂူး'



အရက်တစ်မျိုးက သူ့ မေးစေ့မှ လည်ပင်းအထိ ချွေးများ နှင့်ရောကျလာသည်၊ ခမ်းမို့က လက်ခုံနှင့် မေးစေ့ကို ပွတ်ခတ် သုတ်လိုက်၏။

'ဝင်း သတင်းကြားပြီးပြီလား'

'ဘာသတင်းလဲ ခမ်းမို့'

'ခိုင်ဖုန်းတရားရုံးက သူခမိန်ကြီးက ခါးပြမှုကြီးကို ကျူး လွန်တဲ့သူတွေကို အမှုကိုစစ်ဖို့ တို့မြို့ကိုလာမလို့တဲ့'

ခမ်းမို့က ဂူချင်းဖိန်ဆိုသော လူငယ်၏နားနားသို့ကပ်ကာ ခပ်တိုးတိုးပြောလိုက်၏။

'အဲဒါဘာဖြစ်တုန်း၊ သူ့အလုပ် သူလာလုပ်တာပဲ တို့က တို့အလုပ် တို့လုပ်ရုံပေါ့'

'မဟုတ်သေးဘူး ဂူချင်းဖိန် အခု သူခမိန်ကြီးက ဘုရင့် ဘဏ္ဍာတော်တွေကို ခါးပြတိုက်သွားတဲ့ ခါးပြခေါင်းဆောင် ဟာ သူဌေးကြီး တိုကျန်းဖုန်းနဲ့ တစ်နည်းနည်း ဆက်နွှယ်နေ လိမ့်မယ်လို့ ယူဆတာတဲ့'

'ဟာ....သူဌေးကြီးက တစ်သက်လုံး ကောင်းမှုတွေချည်းပဲ လုပ်နေတာ ခင်ဗျားလဲအသိပဲ၊ မဖြစ်နိုင်တာတွေကို ပြောမနေ ပါနဲ့'

ဂူချင်းဖိန်က ခမ်းမို့၏စကားကို မယုံကြည်သည့်အသံဖြင့် ပြောကာ အရက်တစ်ငုံမော့ပြန်သည်၊ ခမ်းမို့ကတော့ မျက်လုံး များ အငြိမ်မနေ၊ ဆိုင်ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်ရှု နေသည်။

'ဒီကာဟူးမြို့မှာ နောက်ထပ် လူနှစ်ယောက်ထပ်ပြီး သေသွားတာရော မင်းသိလား ဝူကျင်းဖိန်'

'မသိဘူး ကျုပ်က တောထဲမှာ အမဲသွားပစ်နေတာ ခုမှ မြို့ပေါ် ရောက်လာတာ'

'သိရင်တော့ မင်းအံ့ဩမှာပဲ'

'ဘယ်သူတွေလဲ'

'ထန်းဖိနဲ့ ကျောင်းဖုံ'

'ဘာ'

ခမ်းမို့၏စကားကြောင့် ဝူကျင်းဖိန်လက်မှ အရက်ခွက် လွတ်ကျသွားသည်။

'ခင်ဗျားစကားတွေဟာ ဟုတ်ရောဟုတ်ရဲ့လား ခမ်းမို့ရာ ဒီလူတွေက သူဌေးကြီးပဲ အင်မတန် ချမ်းသာတဲ့ သူတွေပဲ၊ ဥပုသ်နေ့ကတောင် ထန်းဖိကိုတွေ့ချင်တယ်ဆိုလို့ အောညက်က သွားခေါ်ပေးခဲ့သေးကာ'

'ထန်းဖိက သူဌေးကြီးအိမ်ကိုလာတဲ့ ဥပုသ်နေ့မှာပဲအသတ် ခံရတယ် ဝူကျင်းဖိန်'

'ဗျာ'

'ဟုတ်တယ် ဒီကိစ္စနဲ့ပတ်သက်ပြီး ကာဟူးမြို့ဝန် ချူးရင်ထင်က မင်းကိုခေါ်တွေ့လိမ့်မယ်လို့ပါ သတင်းရထားတယ်၊ မင်းသူဌေးကြီးရဲ့ အတွင်းရေးတွေကို သိရင်လဲ မြို့ဝန်ကိုပြောပြလိုက်ပေါ့'

'မဖြစ်နိုင်တာ ခမ်းမို့ရာ ခင်ဗျားကျွန်တော့်ကို ယုံတမ်းပုံပြင်တွေ ပြောပြနေတာတော့ မဟုတ်ပါဘူးနော်'



'မဟုတ်ပါဘူးကွာ၊ သူဌေးကြီး လိုကျန်းဖုန်းနဲ့ပတ်သက်ရင်တော့ မင်းတို့အားလုံး အစစ်ဆေးခံရမှာပဲ မေချူးပါ အပါပေါ့ကွာ'

ခမ်းမို့၏ စကားထဲတွင် မေချူး ပါလာသောကြောင့် ဝူချင်းဖိန် ပို၍မျက်နှာပျက်သွားသည်၊ မေချူးဆိုသည်မှာ မိန်းမလှလေးတစ်ဦးဖြစ်၍ သူနှင့်ပတ်သက်ရန် ရည်ရွယ်ထားသူဖြစ်ပါသည်။

'မေချူးက ဘာဆိုင်လို့လဲကွာ'

'ဆိုင်တာပေါ့ ဝူချင်းဖိန် မေချူးဟာ မင်းရဲ့ချစ်သူဖြစ်နေတာရယ် ပြီးတော့ အသတ်ခံရလို့သေသွားတဲ့ ကျောင်းဖုရဲ့ ရည်းစားဟောင်းမဟုတ်လား'

'ခင်ဗျားတော်စမ်းဗျာ'

'ဝုန်း'

ဝူချင်းဖိန်သည် စားပွဲကို လက်သီးနှင့်ထုကာ ထရပ်လိုက်သည်၊ သူသည် ကျောင်းဖု၏ အမည်ကို မကြားချင်ဆုံးပင် ဖြစ်သည်။

ကျောင်းဖုမှာ မေချူး၏ ချစ်သူဟောင်းဖြစ်၍ ပန်းချီဆွဲခြင်း၊ မျက်နှာဖုံးဘုများကို လုပ်ကိုင်အသက်မွေး၍ အရက်အလွန်အကျွံ သောက်ကာ မိုက်ကြီးမိုက်ကန်း နေတတ်သူ ဖြစ်သည်၊

မေချူးမှာ မူလကတော့ လူငယ်သဘာဝ ကျောင်းဖုကို ချစ်ခင်နှစ်သက်ခဲ့သည်၊ ကျောင်းဖုနှင့်လည်း ငယ်သူငယ်ချင်း ဖြစ်သည်။

သို့သော် အရွယ်ရောက်လာသောအခါတွင် သွေးဆိုးကာ ရန်ဖြစ်တတ်ခြင်း၊ အလုပ်ကိုလုပ်၍ ရသည့်ငွေကြေးကို အရက်သောက်ခြင်း လောင်းကစားလုပ်ခြင်းတို့ကြောင့် မေချူးမှာ ကျောင်းဖုကို ဆက်၍ လက်မတွဲရဲတော့ပေ။

အရက်များ မူးယစ်ရီဝေလာလျှင် မေချူးကိုလူလယ်ခေါင်တွင် ဆွဲလားရမ်းလား လုပ်သည်ကို မေချူးက အမုန်းဆုံး ဖြစ်၏။

မေချူးမှာ အမေမရှိတော့၊ အရုပ်ရောင်းသော အလုပ်ကို လုပ်သည့် ဖခင်ကြီး ကျူးထန်းချိန်နှင့်အတူ နေထိုင်ရသူ ဖြစ်သည်။

ဖခင်အရုပ်ဆိုင်တွင် မေချူးမှာ ကူညီရောင်းချရပြီး ဝယ်သူများကို အဆင်ပြေအောင် ဆက်ဆံရသူဖြစ်၏။

ခမ်းမို့မှာ ဝူချင်းဖိန်မျက်နှာကို ကြည့်ကာ အရက်ကို တစ်ခွက်ပြီးတစ်ခွက် မော့သောက်နေသည်။

ဝူချင်းဖိန်ကတော့ လက်နှစ်ဘက်ကို မေးထောက်ကာ ကျောင်းဖုနှင့်ပတ်သက်၍ ဒေါသဖြစ်စရာများကို စဉ်းစားနေ၏၊ ကျောင်းဖုသေသွားမှန်းသိ၍ သူ့မျက်နှာမှာ ပြုံးရွှင်လာသည်။

'ကောင်းတယ် ဒီလိုကောင်မျိုး သေသွားတာအကောင်းဆုံးပဲကွ လောကကြီးကို ဘာမှအကျိုးမပြုတဲ့ကောင်'

ရုတ်တရက်ထ၍ အော်ပြောလိုက်သော ဝူချင်းဖိန်၏စကားသံကြောင့် ခမ်းမို့မှာ မျက်ခုံးများ မြင့်တက်သွားတာ....

'ထန်းဖိခေတာကို ပြောတာလား'



'တွီး....ထန်းဖိနဲ့ ကျုပ်နဲ့ ဘာဆိုင်လို့လဲဗျ၊ ကျောင်းဖုကို ပြောတာ ဒီကောင့်ကို ကျုပ်တောင် အကြိမ်ကြိမ်သတ်မိတော့မလို ဖြစ်ခဲ့တာပဲ'

'တော်တော့ ဝူချင်းဖိန်၊ မင်းဒီစကားကို ဒီအချိန်မှာမပြောသင့်ဘူး မင်းကို လူသတ်သမားထင်နေတယ်၊ ကဲ ငါသွားတော့မယ်'

ခမ်းမို့က ဆိုင်ထဲမှ ရုတ်တရက်ထွက်သွားသည်၊ ဝူချင်းဖိန်တစ်ဦးတည်း သူ့ဘဝကိုသူ ပြုံး၍စဉ်းစားမိသည်။

## အခန်း [၂]

အလွန်အေးမြသော ညတစ်ညတွင် လူငယ်လေးတစ်ဦးသည် မိခင်ဖြစ်သူအား ဆေးတစ်ခွက်ကို ချော့ကာ တိုက်နေ၏။

'သောက်လိုက်စမ်းပါ အမေရာ ဒီဆေးသောက်လိုက်ရင် အမေ ရောဂါ သက်သာသွားမှာပါ'

ပိန်လှီကာ အရိုးပေါ် အရေတင်နေသည့် မိန်းမကြီးတစ်ဦးသည် သားဖြစ်သူက ကိုင်ပေးသည့်ဆေးခွက်ကို လက်နှင့် တွန်းလိုက်၏။

'အမေ့ကိုယ် အမေသိပါတယ်သားရယ်၊ အမေဒီဆေးသောက်လို့လဲ မထူးတော့ပါဘူး'



တဲစုတ်ကလေး၏အမိုးအပေါက်အပြဲများကြားမှ လရောင်က တဲတွင်းသို့ ထိုးဆင်းနေသည်၊ မီးအိမ်မှိန်မှိန်လေးအောက်တွင် လက်တစ်ဘက်က မိခင်ကို ပွေ့ထားပြီး လက်တစ်ဘက်က ဆေးခွက်ကို ကိုင်ထားသော လူငယ်လေး၏ မျက်နှာမှာ ညှိုးလျှနေ၏။

'အမေရှာနေတဲ့ အမေ့ရဲ့သစ္စာရှိသော မိတ်ဆွေ ဆိုတာကို တွေ့အောင် မစောင့်တော့ဘူးလား အမေရယ်'

ငိုသံပါဖြင့် လူငယ်လေးက သူ့မိခင်ကို ပြောလိုက်သည်။

'သူ ဒီလောက်ဆို သစ္စာဖောက်သွားပြီသား၊ မင်းအဖေနဲ့ အတူရခဲ့တဲ့ ရတနာတွေကို သူတစ်ယောက်တည်း အပိုင်စီးလိုက်ပြီသား သူ့ကို ဆက်ရှာပါ၊ အဖေနဲ့ အမေအတွက် သူ့ကို လက်စားချေပါ၊ သား ဒီကျောက်စိမ်း တံဆိပ်ပြားလေးကို ဘယ်တော့မှ မပျောက်ပါစေနဲ့'

အဘွားအိုကြီးက သူ့အိတ်ထဲမှ သမင်လေး တစ်ကောင် ရေသောက်နေသည့်ပုံ ထွင်းထားသည် ကျောက်စိမ်းပြားဝိုင်းလေးကို ပေးလိုက်သည်။

'အဲဒီကျောက်စိမ်းပြားဟာ မင်းအဖေရဲ့သူငယ်ချင်း ချင်တောက်နဲ့ မင်းအဖေ ကျင်းဖိန်တို့ သစ္စာမပျက်တဲ့ အထိမ်းအမှတ်ထွင်းပြီးတော့ တစ်ယောက်တစ်ခုစီဆောင်ထားကြတာ၊ အဲဒီကျောက်စိမ်းပြားဆောင်ထားပြီး လည်ပင်းရဲ့အောက်မှာ သမင်ပုံရုပ်ဆေးထိုးထားတဲ့လူသာ ချင်တောက်ဆိုတဲ့ လူယုတ်မာပဲ ဟား'

အဘွားအိုကြီးက စကားပြောရင်း မောလာသည်၊

'အမေ သိပ်စကားမပြောပါနဲ့၊ ဆေးသောက်လိုက်ပါဦး နော်'

အဘွားကြီးက တုန်ယင်သောလက်များဖြင့် ဆေးခွက်ကို ကိုင်လိုက်သည်။

'အင်း....ဒီဆေးသောက်လို့တော့ မထူးပါဘူး၊ ဒါပေမယ့် သား ကျေနပ်အောင် အမေ သောက်လိုက်ပါ့မယ်ကွယ်'

တုန်ယင်သောလက်များဖြင့် ဆေးခွက်ကိုယူ၍ သောက်သည်ကို မထိန်းနိုင်မည်စိုး၍ လူငယ်လေးက အလိုက်သင့်ကိုင်ပေးလိုက်၏ ဆေးကို တစ်ငုံသာသာ သောက်နိုင်ပြီးနောက် မျက်လုံးများကို မှိတ်ထားလိုက်သည်ကို တွေ့ရသည်။

လူငယ်လေးက အိပ်ရာပေါ်သို့ သူ့အမေ၏ဦးခေါင်းကို ဖြည်းဖြည်းသာသာ ချပေးလိုက်သည်၊ အဘွားကြီးမှာ မျက်လုံးများကို မှိတ်ထားရာမှ နှုတ်ခမ်းများ လှုပ်လာပြန်သည်။

'သား....ငချင်းဖိန်'

'ဗျာ....အမေ၊ သားရှိပါတယ် အမေ'

'အမေ့ရင်တွေ သိပ်ပူတယ် သား၊ သွားပါကွယ် သမားတော်ကြီးဆီကို သွားပြီးတော့ ရင်ပူသက်သာတဲ့ဆေး သွားတောင်းပေးပါလား သားရယ်'

'ဟုတ်ကဲ့ အမေ၊ သား ခုပဲသွားပါ့မယ်'

ငချင်းဖိန်သည် တဲထဲမှ လွှားခနဲ ခုန်ထွက်လာသည်၊ သူ့ခါးတွင် သူ ဆောင်နေကျဓားကိုပါ ယူဆောင်လာခဲ့သည်။ သမားတော်ကြီးနေသော အိမ်သို့ သွားရာလမ်းကြောင်းအတိုင်း ခပ်သွက်သွက်ခြေလှမ်းများဖြင့် ထွက်ခွာလာခဲ့သည်၊



ညအချိန်ဖြစ်၍ လမ်းမှာ ကျဉ်းမြောင်းပြီး မှောင်မည်းနေလေသည်၊ ငချင်းဖိန်မှာ စိတ်လှုပ်ရှားစွာနှင့် ခပ်သွက်သွက် လှမ်းလာခဲ့သည်။

'တပ်'

'ဟင်'

လမ်းချောင်ကြားထဲသို့ ငချင်းဖိန် ရောက်သည့်အချိန်မှာပင် လူတစ်ယောက် သစ်ပင်ပေါ်မှ လွှားခနဲ ခုန်ဆင်းလာသည်ကို တွေ့လိုက်ရသည်၊ ထိုလူမှာ မျက်နှာဖုံးစွပ်ထား၏။

'ဟေ....ရပ်လိုက်စမ်း'

'ကျွန်တော် အရေးကြီးလို့ပါ၊ လမ်းဖယ်ပေးပါ'

'မင်း ဘယ်သွားမလို့လဲ'

'သမားတော်ကြီး ရှောင်သု အိမ်ကိုပါ'

'ဘာကိစ္စလဲ'

'အမေ့အတွက် ဆေးတောင်းချင်လို့ပါ'

'မင်း ငချင်းဖိန်မို့လား'

'ဟုတ်ပါတယ် ခင်ဗျာ'

'ငချင်းဖိန်တဲ့ဟေ့'

လမ်းပိတ်ထားသူက ငချင်းဖိန်ဟု အော်ဟစ်လိုက်သည်နှင့် သစ်ပင်ပေါ်မှ ခုန်ချလာသော အသံများ ကြားလိုက်ရသည်၊

အားလုံး လူလေးရောက်တိတိရှိသည်၊ သူက လမ်းပိတ်ဆို့ထားသူနှင့်ဆိုလျှင် စုစုပေါင်း ငါးယောက်။

ခင်ဗျားတို့ ဘာလုပ်တာလဲ၊ ခင်ဗျားတို့နဲ့ကျွန်တော် ဘာရန်ညိုးရန်စမှ မရှိဘဲ'

ဂူချင်းဖိန်က ထိတ်လန့်သောအသံဖြင့် ပြောဆိုလိုက်သည်၊

'မင်းက မရှိပေမယ့် တို့ရဲ့အလုပ်ရှင်က မင်း လောကမှာ အသက်ရှင်နေတာ မမြင်ချင်ဘူး'

'ဗျာ'

'ကြာတယ်ကွာ'

'ထန်'

'အား'

ရှေ့မှ လမ်းပိတ်ထားသောသူမှာ စတင်၍တိုက်ခိုက်သည်နှင့် ဘေးမှဝိုင်းထားသော လူငါးယောက်ကပါ ဂူချင်းဖိန်ကို ဝိုင်း၍တိုက်ကြတော့သည်၊ ဂူချင်းဖိန်မှာ သိုင်းပညာ မယ်မယ်ရရ မတတ်မြောက်ပါ၊

သူ့အမေ လေ့ကျင့်သင်ကြားပေးဖူးသည့် မိသားစုသိုင်း ပညာလောက်သာ သူ့မှာရှိသည်၊ အသက်ဘေးကြောင့် ဂူချင်းဖိန်မှာ ကြိုးစားပမ်းစား ခုခံနေရသည်။

'ထန်'

'အား'

သိပ်မကြာမီမှာပင် ဂူချင်းဖိန်၏ပခုံးပေါ်သို့ ဓားတစ်ချက် ကျရောက်လာသည်၊ ဂူချင်းဖိန်သည် ခုခံရင်း ထွက်ပြေးဖို့ ကြိုးစားသည်။

'မလွတ်စေနဲ့ဟေ့၊ ဒီကောင့်ကို အသက်ရှင်လျက်သား လွတ်သွားလို့မဖြစ်ဘူး'

'ထန်'

'ဒုတ်'



'အိုး'

ဂူချင်းဖိန် ခုန်၍လှည့်အထွက်မှာပင် ကျောပေါ်သို့ ဓား ချက်တစ်ချက် ကျရောက်လာပြန်သည်၊ ဂူချင်းဖိန်မှာ လမ်းပင် ကောင်းကောင်း မလျှောက်နိုင်တော့ပေ။

မျက်လုံးများပင် ပြာဝေလာသည်၊ ထိုအချိန်မှာပင် အော် သံတစ်သံ ကြားလိုက်ရသည်၊

'မင်းတို့ လူစိတ်တော်တော်ကင်းမဲ့တဲ့ ကောင်တွေပါလား၊ လူတစ်ယောက်ကို မင်းတို့ငါးယောက်ဝိုင်းပြီး မသေမချင်း သတ်ဖို့ ကြိုးစားနေတာကိုး'

ယိုင်လဲသွားသည့် ဂူချင်းဖိန်၏ရှေ့သို့ ခုန်၍လာသော လူ ရိပ်တစ်ရိပ်က အော်ပြောလိုက်ခြင်းဖြစ်သည်၊ အသက်အရွယ်ကို အသံဖြင့်ခန့်မှန်းကြည့်ပါက သက်ကြီးရွယ်အိုတစ်ဦး၏ အသံပင် ဖြစ်ကြောင်း သိလိုက်ရသည်။

'ကိုယ်နဲ့မဆိုင်တဲ့ကိစ္စတွေမှာ ဝင်မရှုပ်ပါနဲ့ အဖိုးကြီး'

'ဟား....ဟား....ဟား....ဒီလို မတရားတဲ့ကိစ္စမျိုးကို ငါ့ တစ်သက်မှာ ရှောင်ပြီးမသွားဖူးဘူးကွ'

အဖိုးကြီးက၊ သူ့လက်ထဲမှ သံတောင်ဝှေးကို ဝှေ့ရမ်းကာ ပြောလိုက်သည်။

'ရှုတ်တယ်ကွာ၊ အချိန်သိပ်မရဘူး၊ ဒီအဖိုးကြီးကို ရှင်း လိုက်ကြ'

'ထန်'

'ခွမ်း'

'အား'

ခေါင်းဆောင် မျက်ဖုံးစွပ်က ရှေ့သို့ခုန်တက်ကာ တိုက်ခိုက်လိုက်စဉ် အဘိုးကြီး၏ သံတောင်ဝှေးက ထိုသူ့လက်ထဲမှ ဓားကို ရိုက်ထုတ်ပစ်လိုက်သည်၊ ခါးကိုပါ တစ်ချက် ဝှေ့ရိုက်လိုက်၍ ထိုသူက ခါးကော့ကာ ရှောင်ရှားလိုက် သော်လည်း တောင်ဝှေးဖျားနှင့် ထိခတ်ခြင်း ခံရကာ လွင့်ထွက် သွားသည်။

မျက်နှာဖုံးစွပ်နှင့် လူနှစ်ယောက် အညိုရောင်ဝတ်စုံ ဝတ်ဆင်ထားသော မုတ်ဆိတ်ပါးသိုင်းမွေးများ ဖြူဖွေးနေသည့် အဘိုးအိုကြီးကို ပြိုင်တူ ဝင်ရောက်တိုက်ခိုက်ပြန်သည်။

'မဆိုင်ပဲနဲ့ ဝင်ရှုပ်တဲ့အဘိုးကြီး သေပေတော့'

'ချွင်'

'မင်းလားကွ ငါ့ကိုသေအောင်သတ်နိုင်မှာ'

အဘိုးကြီးက မျက်နှာဖုံးစွပ် ဓားသမားတစ်ဦး၏ဓားကို သူ၏ သံတောင်ဝှေးဖြင့် ရိုက်ထုတ်လိုက်ပြီး တစ်ဘက်မှဝင်လာသူ့ကို မိုး၍ ခုတ်ချလိုက်သည့် မျက်နှာဖုံးစွပ် ဓားသမားကို တောင်ဝှေး လက်ကိုင်ရိုးဖြင့် ဆွဲကာထိုးလိုက်၏။

'အွတ်'

'အား'



တောင်ဝှေးရိုးဖြင့် ရင်ဝကို ဆောင့်ထိုးခြင်းခံရသူမှာ ခါးကုန်း၍ ပါးစပ်ထဲမှ သွေးများကို ဗွက်ခနဲ အန်ချ လိုက်သည်၊

ထို့နောက် နောက်သို့ တစ်လှမ်း နှစ်လှမ်းဆုတ်ကာမတတ်နိုင်တော့ပဲ လဲကျသွားတော့သည်။

လဲကျနေရာမှ ဒဏ်ရာများရရှိထားသည့် ဝူချင်းဖိန်မှာ ထရပ်ကာ အဘိုးကြီးကို ကူညီနိုင်ဖို့ ကြိုးစားသည်၊ သို့သော် သူသည် ကောင်းစွာ မရပ်နိုင်သေး ယိမ်းယိုင်နေသည်။

'မင်းရှေ့ကိုထွက်မလာနဲ့ ငါ့နောက်မှာနေစမ်း'

အဘိုးအိုက ရှေ့မှမျက်နှာဖုံးစွပ်များကို တိုက်ခိုက်နေရာမှ ဝူချင်းဖိန်ကို လှည့်ကာ အမိန့်ပေးလိုက်၏၊ ဝူချင်းဖိန်မှာ အားနည်း၍ ကိုယ်ကလည်း မဟန်နိုင်သောကြောင့် မြေကြီးပေါ်တွင် ဖင်ထိုင်ကာ ဓားကို အားပြုထောက်ထားပြီးနောက် အဘိုးအိုကြီး၏ တိုက်ခိုက်ပုံကို ငေးကြည့်နေသည်။

'အင်း ဒီအဘိုးကြီးရဲ့ သိုင်းပညာက တော်တော်အဆင့်မြင့်တာပဲ ငါလဲ သူ့လို သိုင်းပညာသာ အခြေခံရှိခဲ့ရင် ကောင်းမှာပဲ'

ဝူချင်းဖိန် ကြည့်နေသည့် အချိန်အတွင်းမှာပင် အဘိုးအိုကြီးက ဝတ်ရုံနက်များကို တစ်ယောက်ပြီးတစ်ယောက်လွင့်ထွက်သွားအောင် တောင်ဝှေးကို ဝှေ့ရမ်းကာ လိုက်လံ တိုက်ခိုက်နေသည်။

မျက်နှာဖုံးစွပ် ဝတ်ရုံနက်များမှာ အဘိုးကြီး၏သိုင်းပညာကို ခန့်မှန်းမိသောကြောင့် ကြိုးစား တိုက်ခိုက်ကြပါ သော်လည်း တစ်ယောက်ပြီးတစ်ယောက် လဲကျနေသည်၊ ပခုံးမှဒဏ်

ရာနှင့် ကျောတွင်ထိတားသော ဒဏ်ရာမှ သွေးများယိုစီးကျမှုကြောင့် အားနည်းကာ ဂူချင်းဖိန့်မှာ မျက်လုံးများကို မှိတ်ထားလိုက်ရ၏။

သည့်နောက်တော့ ဂူချင်းဖိန့်သည် မည်သို့ဆက်လက် ဖြစ်သွားသည်ကို မသိနိုင်တော့ပဲ လဲကျသွားလေသည်။

## အခန်း (၃)

သူသတိရလာသောအချိန်၌ ရေကျသံ တစ်ပေါက်ပေါက်ကို ကြားနေရသည်၊ သူ့ ခန္ဓာကိုယ်မှာ အိပ်ယာတစ်ခုပေါ်တွင် လဲလျောင်းနေရပြီး အေးစိမ့်သော နေရာတစ်ခုသို့ သူရောက်နေသည်ဟု သတိရမိလိုက်၏။

'အမေ....အမေ ဒ ယ်ရောက်နေပြီ၊ ကျွန်တော့် အမေဆီကို ပို့ပေးပါ'

သတိရသည်နှင့် နေမကောင်းကာ အိပ်ရာထဲတွင် လဲကျန်ခဲ့သည့် သူ့အမေကို မြင်ယောင်ကာ အော်ဟစ်လိုက်မိသည်။

'အမေရေ....အမေ'

ဝူချင်းဖိန်သည် ဒဏ်ရာများက နာကျင်သည့် ကြားမှပင် အော်နေသည်။

'သိပ် အော်မနေနဲ့ဟေ့'

အဘိုးကြီးတစ်ဦး၏ အသံကိုကြားလိုက်ရသည်နှင့် ဝူချင်းဖိန်မှာ သူသတိမမေ့မီက အဖြစ်အပျက်ကိုသတိရကာအော်ဟစ်အကူအညီ တောင်းပြန်သည်။

'ဘဘ ကျွန်တော့်အမေဆီကို ပို့ပေးပါဗျာ၊ ကျွန်တော့်အမေက တော်တော်ဝေဒနာ ခံစားနေရတယ်'

'ဒီအချိန်ကျမှ မင်းပြန်သွားလို့လဲ အပိုပေါ့ကွာ'

'ကျွန်တော်မရှိရင် အမေဒုက္ခရောက်မှာပါ၊ ကျွန်တော့်အမေကို ပြုစုဖို့ ကျွန်တော့်ကို ပို့ပေးပါ'

အဘိုးကြီးကို သူမမြင်ရပေ၊ မျက်လုံးဖွင့်ကြည့်သောအခါ အမိုးပေါ်မှ ကျောက်ခက်ပန်းဆွဲများကို မြင်ရသောကြောင့် ကျောက်ဂူကြီးတစ်ခုအတွင်းသို့ သူရောက်ရှိနေကြောင်းသိလိုက်ရသည်။

'ဟေ့ ကောင်လေး ငါ့ကိုအပိုတွေပြောမနေနဲ့ဟေ့၊ မင်းအသက်ရှင်တာကို ကျေးဇူးတင် ဘာမှထပ်ပြီး ငါ့ကိုအခွင့်အရေးတောင်းမနေနဲ့'

အဘိုးကြီးအသံက မာကျောလျက်....

'ကျွန်တော် အခွင့်အရေးတောင်းတာ မဟုတ်ပါဘူးဗျာ၊ ကျွန်တော်မရှိရင် မဖြစ်လို့ပါ'

နာကျင်နေသည့်ကြားမှပင် ဝူချင်းဖိန်မှာအားတင်း၍ပြောလိုက်ပြန်သည်။



'လောကကြီးမှာ ဘယ်သူမရှိရင် ဘယ်သူ့အတွက် ပူပန်ရတယ်ဆိုတာ အလကားပြောတာကွ၊ လူတွေဟာ ကိုယ့်အကြောင်းနဲ့ကိုယ်တွေချည်းပဲ၊ အခုမင်းကိုယ်မင်းတောင် ထနိုင်လို့လား မင်းအမေဆီ မင်းသွားပြီး ဘာလုပ်မှာလဲ'

ဝူချင်းဖိန်မှာ အဘိုးကြီးပြောလိုက်သော စကားကြောင့် သူ့ခန္ဓာကိုယ်မှာ လှုပ်ရှား၍မရကြောင်း သိရှိသွားသည်၊ သူ့ကိုယ်ကို အဝတ်စများဖြင့် အထပ်ထပ် စည်းနှောင် ထားသည်၊ ဒဏ်ရာကို ဆေးများလိမ်းကာ ကြပ်စည်းထားခြင်းမျိုး ဖြစ်သည်ဟု ထင်ရသည်။

'ဒါ....ဒါဆို ကျွန်တော့်အမေ ဒုက္ခရောက်တော့မှာပေါ့ဗျာ'

'ရောက်တော့မှာပေါ့ကွာ ရောက်တော့ရော ဘာတတ်နိုင်မှာလဲ ကောင်လေးရဲ့၊ မင်းတောင်အခုဒုက္ခရောက်နေပြီမို့လား မင်းသေသွားရင် သူဒုက္ခရောက်နေတာကို မင်းခုလိုတောင် ပြောနိုင်မှာ မဟုတ်တော့ဘူး၊ မင်းပဲမင်းကိုမင်း အသက်ရှင်မရှင် စောင့်ကြည့်ပါဦး ခုချိန်မှာမင်းအမေအကြောင်း ဘာမှမပြောနဲ့ မတွေးနဲ့ ပြောနေ တွေးနေလို့ အပိုပဲ'

အဘိုးအိုကြီးက စကားဆုံးသည်နှင့် ဂူထဲမှထွက်လာကာ ဝူချင်းဖိန်ကို လာကြည့်သည်၊ ဝူချင်းဖိန်မှာ သူ့အား ငုံ့ကြည့်နေသည့် အဘိုးအို၏မျက်နှာကို ကြည့်လိုက်သည်၊ မျက်လုံးများက အထူးသဖြင့် တောက်ပနေသည်။

အဘိုးကြီးက မည်မျှပင် တရားချစေကာမူ အ[illegible]မသက်မှသာဖြစ်နေသော သူ့အမေကို သတိရကာ တဟီးဟီးဖြင့်

ရိုက်ငိုလိုက်လေတော့သည်။

'အီး....ဟီး ဟီး'

'ဒဟ ကောင်လေး'

'ဗျာ'

'မင်း ဒါဘာလုပ်နေတာလဲ'

'ငိုနေတာပေါ့ဗျာ'

'အမယ်လေးကွာ....ဒီလို ဒုက္ခရောက်နေတဲ့အချိန်မှာ မငိုရဘူးကွ'

'ကျွန်တော်တော့ ငိုချင်တော့တာပဲ'

'မင်း အဲဒီလိုငိုရင် မင်းရဲ့ပခုံးနဲ့ ကျောမှာ ရထားတဲ့ဒဏ်ရာတွေ ငါချုပ်ထားတာ ပြုတ်ထွက်ပြီးတော့ မင်း သေသွားလိမ့်မယ်'

'ဗျာ....ဟုတ်လား'

ဝူချင်းဖိန်က ထိတ်လန့်ကာ အငိုရပ်လိုက်၏၊ ဝူချင်းဖိန် အငိုရပ်လိုက်သည်ကိုကြည့်ကာ အဘိုးကြီးက တဟားဟားရယ်လေသည်။

'ဟား ဟား ဟား ဟား မင်း သေရမှာကိုတော့ ခုထိ ကြောက်တုန်းပဲမဟုတ်လား'

ဝူချင်းဖိန်က ခေါင်းညိတ်ပြလိုက်သည်။

'ဒီလိုပါပဲကွာ၊ ငါလဲ တစ်ချိန်က မင်းလိုပဲ အများကြီး ငိုခဲ့ရတာပေါ့၊ မင်း ငိုနေလို့အပိုပဲ၊ ငိုနေခြင်းအားဖြင့် မင်းဟာ ပိုပြီးဒုက္ခဖြစ်မယ်၊ ဒီလိုပဲ ဒီအချိန်မှာ မင်းဟာ ရယ်လဲ မရယ်နိုင်ဘူး၊ ရယ်လို့လဲ မသင့်လျော်ဘူး၊ မင်းရဲ့ခန္ဓာကိုယ်ကို



လှုပ်ရှားစေတဲ့စိတ်မျိုး မဖြစ်အောင် ထိန်းသိမ်းထားရမယ်၊ ငါပြောတာ ကြားလား'

'ဟုတ်....ဟုတ်ကဲ့၊ ဒါပေမယ့် ကျွန်တော့်စိတ်တွေက ငြိမ်မှမငြိမ်တာ၊ ရင်ထဲမှာလဲ ဆို့ကျပ်နေတာပါပဲဗျာ'

ဝူချင်းဖိန်က သူ့ခံစားချက်အတိုင်း ဖွင့်ပြောပြလိုက်ပြန်သည်။

'ငါ မင်းကို အကြံပေးမှာပေါ့ကွာ၊ ဒီအချိန်မှာ ငါက လွဲပြီး အသက်ရှင်အောင် လုပ်ပေးနိုင်တဲ့သူ လောကမှာ တစ်ယောက်မှ မရှိတော့ဘူး'

'ဟုတ် ဟုတ်ပါတယ်ဗျာ'

'ဒါဆိုရင် မင်း နားထောင်ကြည့်စမ်း၊ အသံတစ်သံ ကြားရလိမ့်မယ်'

ဝူချင်းဖိန်သည် စိတ်ကိုချုပ်တည်းကာ မျက်လုံးကို မှိတ်၍ နားကို အာရုံစိုက်လိုက်သည်။

'ဖောက်'

'ဖောက်'

'ဖောက်'

ရေကျသံကို ကြားလာရသည်။

'အမိုးပေါ်က ရေစက်တစ်စက် ရေအိုးထဲကို ကျတဲ့အသံကို ကျွန်တော် ကြားနေရတယ်'

'အေး....တစ်ချိန်က ငါ သေကောင်ပေါင်းလဲဖြစ်လို့ ဒီဂူကြီးထဲကို ရောက်လာတုန်းက ဒီရေကျတဲ့အသံက ငါ့ကို အသက်ရှင်အောင် လုပ်ပေးခဲ့တာပဲ'

ဝူချင်းဖိန်မှာ ရေကျသံကို ငြိမ်သက်စွာ မျက်လုံးမှိတ်၍ နားထောင်နေသည်၊ ရေကျသံမှာ တစ်စက်တစ်စက် အချိန်မှန်လှသည်၊ မြည်သံမှာလည်း ပုံသေပင်ဖြစ်သည်။

'မင်း စောစောကလို ငိုချင်သေးလား'

'ကျွန်တော် မငိုချင်တော့ဘူးဗျ'

'အေး....အဲဒါ မင်းရဲ့ လှုပ်ရှားနေတဲ့ စိတ်တွေဟာ အာရုံကစ်ခုနဲ့ ငြိမ်သွားတာပဲ၊ စိတ်ငြိမ်သွားရင် မင်းရဲ့ခန္ဓာကို မလှုပ်ရှား မရုန်းရင်တော့ ဆေးဇတ္တက အနာကျက်အောင် မြန်မြန်လုပ်ပေးနိုင်တာပေါ့၊ မင်း ပါးစပ်ဟာစမ်း'

ဝူချင်းဖိန်က မျက်လုံးမဖွင့်ဘဲ ပါးစပ် ဟာပေးလိုက်လေသည်။

'မင်းကို ငါ ပန်းပေါင်းဆီဆေး တိုက်ခဲ့မယ်၊ ဒီဆေးကို သောက်ပြီး မင်း စိတ်ဘယ်မှမလွင့်အောင် ရေကျသံကို နားထောင်ပြီးနေ၊ ငါ လုပ်စရာရှိတာ သွားလုပ်လိုက်ဦးမယ်'

သူ့ ပါးစပ်ထဲသို့ ပူနွေးသော ဆေးစက်တစ်စက် ကျလာသည်။

'မင်း မလိမ္မာရင် သေသွားမှာပဲ၊ လောကမှာ လိမ္မာတဲ့သူတွေပဲ အသက်ရှင်တယ်ကွ၊ ငါလဲ ဘာမှမတတ်နိုင်ဘူး မင်းစိတ်ကို မင်း ငြိမ်အောင်လုပ်မှ ငါ ထတ်နိုင်မှာ'

'ဆေးတစ်စက်တိုက်ပြီးနောက် မုတ်ဆိတ်မွေး နှုတ်ခမ်းမွေးများ ဖြူသော အဘိုးကြီးက ထွက်ခွာသွားလေသည်။

## အခန်း (၄)

ကျောက်စက်ရေ၏ အသံကို တည်ငြိမ်စွာ နားထောင်ကာ သိပ်ပျော်၍သွားခြင်း၊ အဘိုးအိုကြီး၏ ဆေးဝါး ကုသမှု ကောင်းခြင်းတို့ကြောင့် ဝူချင်းဖိန်မှာ ခုနစ်ရက် အတွင်း အနာများကျက်ကာ ထ၍ ထိုင်၍ရသည်၊ လမ်းလျှောက်လာနိုင်လေသည်။

သို့သော် သူသည် ထိုကျောက်ဂူကြီးထဲ၌ အမိန့်ကိုနာခံကာ တစ်နေ့လျှင် သုံးနာရီခန့်မျှ ကျောက်စက် ရေကျသံကို တည်ငြိမ်စွာထိုင်၍ နားထောင်ရလေသည်။

စိတ်ကိုတည်ငြိမ်၍ သမာဓိရိုင်အောင် အဘိုးကြီးကပြုလုပ်ပေးခြင်း ဖြစ်သည်၊ သို့နှင့်ပင် ဝူချင်းဖိန်မှာ ဆယ့်ငါးရက် အတွင်း လူကောင်းပကတိဖြစ်လာတော့သည်။

'ကျွန်တော်တော့ အမေပေးတဲ့ အသက် မရှိတော့ပါဘူး၊ ဘဘပေးတဲ့အသက်ပဲရှိပါတော့တယ်'

'အေး....မင်းအမေလဲ မရှိတော့ပါဘူးကွာ'

ရုတ်တရက် မျက်နှာချင်းဆိုင် ထိုင်ရင်း ပြောလိုက်သော အဘိုးအို စကားကြောင့် ဝူချင်းဖိန် မျက်နှာပျက်သွားသည်။ ထိုသော် မည်သည့်အခါမျှ မငိုရဖူးသော စည်းကမ်းကြောင့် ဝူချင်းဖိန်မှာ အံကိုကြိတ်ကာ ပါးပေါ်သို့မျက်ရည်များသာ စီးကျလာခဲ့၏။

'အေး ဟုတ်တယ်၊ မင်း မငိုဘဲ မျက်ရည်ကျတတ်လာပြီ၊ ဒီအချိန်မှာ မင်းအဲဒီလိုဖြစ်လာတာ မင်းအဆင့်မြင့်လာတာပဲ'

'ကျွန်တော့်အမေ ဆုံးသွားရှာပြီ ဟုတ်လား၊ ဘဘတွေ့လိုလားဟင်'

'အင်း....မင်းကို ဒဏ်ရာတွေနဲ့ ငါဒီဂူထဲကို ထမ်းခေါ်လာတဲ့နေ့မှာပဲ ဆုံးသွားတာကွ'

'ဗျာ....ဒါ ဒါကို ဘဘက ကျွန်တော့်ကို စောစောပြောပြဖို့ကောင်းတာပေါ့ဗျာ'

'အေး....ငါ စောစော ပြောလိုက်ရင် မင်း ခုလိုတောင် အသက်မရှင်တော့ဘူးပေါ့ကွာ'

ဝူချင်းဖိန်သည် ပါးပေါ်သို့ စီးကျလာသော မျက်ရည်များကို သုတ်ကာ အံကိုကြိတ်ထား၏၊ အဘိုးအိုကြီး၏ စကားကို သူ သဘောပေါက် နားလည်သွားသည်။

'ဘယ်သူလဲ၊ မင်း ငါ့ကို အပြစ်တင်ချင်သေးလား၊ တကယ် အပြစ်တင်ရမှာက မင်းကိုယ်မင်းကွ'



'ဗျာ....ဘာဖြစ်လို့လဲ'

'မင်းက သခင်တော် အတုအယောင်ဆီက ဆေးတွေကို ယူပြီး မင်းအမေကိုတိုက်လို့'

'ဟင်....ဟုတ်လား'

'ဟုတ်တယ်၊ အဲဒီ သမားတော်ဟာ မင်းတို့ သားအမိရှာနေတဲ့ မင်းအဖေရဲ့ သူငယ်ချင်း ချင်တောက်ပဲ'

ဝူချင်းဖိန်မှာ ထိုင်ရာက ရုတ်တရက် ထရပ်လိုက်မိလေ၏။

'တောက်....ကျွန်တော် ဒီလိုမှန်းစောစောကမသိဘဲဘဘရာ သိရင် ဒီသမားတော်ကြီးကို ကျွန်တော် သွားသတ်တာပေါ့'

ဝူချင်းဖိန်က နာကျည်းခံပြင်းသော အသံဖြင့် ပြောကြားလိုက်သည်။

'မဖြစ်နိုင်တာကွာ၊ မင်းတောင် သူသတ်လို့ မသေတာ ကံကောင်းထောက်မပြီး ငါနဲ့တွေ့ခဲ့လို့ကွ၊ ပြီးတော့ ဒီရတနာတွေရဲ့နောက်ကို မင်းလဲဆက်မလိုက်ပါနဲ့တော့ကွာ'

'ဘာဖြစ်လို့လဲ ဘဘ'

'ဒီရတနာတွေဟာ မသမာမှုနဲ့မင်းအမေနဲ့ချင်းတောက်က ရလာခဲ့တာကွ၊ ဒါပေမယ့် ချင်တောက်ဆီမှာလဲ ဒီရတနာတွေဟာ မရှိတော့ဘူး'

'ဘယ်ကို ရောက်သွားလို့လဲဘဘ'

'အင်း....သူတို့ကို အထောက်ဥာဏ်ခိုင်းတဲ့သူက မင်းအဖေကို သစ္စာဖောက် ချင်တောက်ကိုလုပ်တယ်၊ ပြီးတော့ ချင်တောက်ဆီက လုယူစားပြီး သူအကုန်ယူလိုက်ပြီ'

ဝူချင်းဖိန် ကြားရသော စကားများမှာ စိတ်လှုပ်ရှားစရာ ချည်းဖြစ်နေသည်။

သူ့ဘဝကို သူ မည်သို့ဆက်လက် စခန်းသွားရမည်ကို ယခုအချိန်တွင် မသိနိုင်တော့သောကြောင့် အဘိုးအိုကြီး ကိုသာ ငေးကြည့်နေလေသည်။

'မင်း ဒီအကြောင်းအရာတွေကို စိတ်မဝင်စားပါနဲ့တော့ကွာ'

'ဒါပေမယ့် ကျွန်တော်တို့မိသားစုကိုဒုက္ခပေးတဲ့အဲဒီလူကိုတော့ ကျွန်တော်ရှာပြီး သတ်ချင်တယ် ဘဘ'

'တော်ပါကွာ၊ မင်း ဒီစိတ်မျိုးတွေးမယ်ဆိုရင်တော့ မင်းကို ငါတစ်ခုပေးစရာရှိတာကို မပေးတော့ဘူး၊ အဲဒီ တစ်ခုဟာ မင်းဘဝအတွက် အသုံးတည့်မယ့်ပညာပဲ'

ဝူချင်းဖိန်သည် အဘိုးအို၏ ခြေထောက်ကို ငုံ့ကာ ဆုပ်ကိုင်လိုက်သည်။

'ဘဘဟာ ကျွန်တော့်ဘဝရဲ့ အသက်သခင် ဖြစ်သလို တစ်ခုတည်းသော အားကိုးရာပါဘဘရယ်၊ ဘဘရဲ့ အမိန့်ကို ကျွန်တော်ဘယ်တော့မှ မဆန့်ကျင်ပါဘူး၊ ဒါပေမယ့် ကျွန်တော့် မိဘတွေနဲ့ ကျွန်တော့်ဘဝကို ဖျက်ဆီးတဲ့ ရန်သူကိုတော့....'

'မင်းသတ်ချင်တယ် ဆိုပါတော့'

ဝူချင်းဖိန်က နှုတ်မှမဖြေဘဲ ခေါင်းကို အဘိုးအို ခြေထောက်များနှင့် ထိတွေ့လိုက်လေသည်။

အဘိုးအိုက သက်ပြင်းတစ်ချက်ချလိုက်လေသည်။



'အင်း....ငါပြောတဲ့စကားကို မင်းနားထောင်၊ မင်းဟာ အခုဘဝမှာ သိပ်ဆိုးရွားတဲ့ကံကြမ္မာနဲ့ ဆုံခဲ့တဲ့ကောင် မဟုတ်လား ဝူချင်းဖိန်'

'ဟုတ်ပါတယ် ခင်ဗျား'

'ဒါဆိုရင် မင်း အသက်ရှင်ပြီး ကောင်းကောင်းမွန်မွန်နဲ့ သူများရဲ့အကျိုးကို ပြုနိုင်ဖို့ဟာ အသက်ရှင်သန်မှုရဲ့ အဓိက အဓိပ္ပါယ်မို့လား'

'ဟုတ်ကဲ့'

'ဒီတော့ မင်းရဲ့ရန်သူကို မင်း ရှာဖွေပြီး သတ်မယ်ဆိုရင် မင်းကို ငါ-ကျောက်စက်ရေသိုင်းပညာကိုသင်မပေးဘူး၊ မင်းရဲ့ ရန်သူကို မင်းရဲ့ခရီးလမ်းမှာ တွေ့ရင်တော့ မင်းဟာ သူ့ကို တရားမျှတဲ့နည်းနဲ့ လက်စားချေခွင့်ပြုနိုင်တယ်၊ ငါပြောတာ ဘယ်လို သဘောရလဲ'

'ဟုတ်ကဲ့....ဘဘ ပြောတဲ့အတိုင်း ကျွန်တော် လိုက်နာပါ့မယ်၊ ဘဘရဲ့ ကျောက်စက်ရေသိုင်းပညာကိုသာ သင်ခွင့်ပြုပါ'

## အခန်း (၅)

ဂူချင်းဖိန်သည် 'နှင်းဆီဘိုးဘိုး'ဟု ခေါ်သော သူ့အား ကယ်တင်ခဲ့သည့် ချူးထန်ကျောင်း ထံမှ ကျောက်စက်ရေ သိုင်းပညာကို စတင် သင်ယူခဲ့သည်၊ နှင်းဆီဘိုးဘိုးသည် ပထမ ကျောက်စက်ရေသိုင်းကွက်ဖြစ်သည့် ကျောက်ဂူအနီးပေါ်မှ ကြမ်းပြင်ပေါ်သို့ ခုန်ချသည့်သိုင်းကွက်ကို သင်ပေးသည်။

'မင်း စိတ်တည်ငြိမ်အောင် လေ့ကျင့်ခဲ့တာပဲ၊ ဒီကျောက်စက်ရေကျသံအတိုင်း မင်း ကျောက်ဂူနံရံပေါ်ကနေ အောက်ကို ခုန်ချစမ်း၊ ပြီးတော့ မင်း နောက်ထပ် ပကျောက်စက်ရေ တစ်စက်ကျသံနဲ့အညီ မင်း ခုန်ချခဲ့တဲ့နေရာကို ပြန်ခုန်တက်လိုက်'



'ဟုတ်ကဲ့'

ကျောက်ဂူအမိုးနံရံပေါ်တို့ ချက်ချင်း ပြန်၍ခုန်တက်ခိုင်းလိုက်သည်။

'ဝုန်း'

'အား'

ဂူချင်းဖိန်မှာ ကျောက်ဂူအမိုးပေါ်မှ ကျောက်စက်ရေနှင့်အတူ ရေအိုင်ထဲသို့ ခုန်ချနိုင်ခဲ့သည်၊ သို့သော် ရေအိုင်ထဲမှ ပြန်၍ခုန်တက်ရာတွင် ကျောက်စက်ရေ သုံးလေးစက် ကျသည်အထိ ပြန်၍ မခုန်နိုင်ခဲ့ပေ။

သူသည် ရွှဲစိုသော ခန္ဓာကိုယ်ဖြင့် ရေထဲမှ တက်လာခဲ့သည်၊ မျက်နှာမှာ ရှုံ့မဲ့နေပြီး တကိုယ်လုံးလည်း ရေများစိုရွှဲနေသည်။

'ကျွန်တော် ပြန်ခုန်မတက်နိုင်ဘူး ဘဘ'

'အဲဒါဆိုလဲ ဆက်မသင်နဲ့တော့ပေါ့ကွာ'

'ဗျာ'

နှင်းဆီဘိုးဘိုးက စကားဆုံးသည်နှင့် ဂူအပြင်သို့ ထွက်သွားသည်၊ သူသည် ရေအိုင်ပေါ်တွင်ထိုင်ကာ ငိုင်၍ ကျန်ရစ်ခဲ့သည်။

'ငါ့ကို နှင်းဆီဘိုးဘိုးက ဆက်မှ သင်ပေးနိုင်ပါ့မလား မသိဘူး၊ ဒီကျောက်စက်ရေနှင့်အတူ ငါပြန်ခုန်တက်နိုင်အောင် ကြိုးစားရမယ်'

ဝူချင်းဖိန်သည် အားတင်းကာ အကြိမ်ကြိမ် ခုန်ချလိုက်၊ ပြန်တက်လိုက်ဖြင့် ကြိုးစားနေသည်၊ ညနေ မှောင်ရီသန်းသော ကာလအထိ သူကြိုးစားသော်လည်း ကျောက်စက်ရေ နောက်တစ်စက်မကျမီ သူ အမိုးပေါ်သို့ ပြန်ရောက်အောင် မခုန်တက်နိုင်ခဲ့သေးပေ။

ညပိုင်းတွင် သူ ပြုနေကျ ဓလ္လရားအတိုင်း အစားအသောက်များကို ပြင်ဆင်ကာ နှင်းဆီဘိုးဘိုး၏ရှေ့တွင် ထိုင်ချလိုက်သည်။

ပန်းသီးများ၊ ငါးကြော်များနှင့် အရက်အိုးတစ်အိုးပါ တိုးစီအတိုင်း ပါရှိသည်။

'ဘယ်လိုလဲ....မင်း ဒီနေ့အဖို့ ကျောက်စက်ရေကို တစ်စက်နဲ့တစ်ချက် အချိန်မီအောင် ခုန်တက်ခုန်ဆင်း လုပ်နိုင်ပြီလား'

'မလုပ်နိုင်ပါဘူး ခင်ဗျား'

အစားအသောက်များကို စားရင်း နှင်းဆီဘိုးဘိုးက ဝူချင်းဖိန်ကို စကားပြောနေခြင်းဖြစ်သည်။

'အဲဒါ ဘာဖြစ်လို့လဲ သိလား'

ဝူချင်းဖိန်က ခေါင်းခါပြလိုက်သည်။

'မင်းဟာ ကျောက်စက်ရေနဲ့အတူ ခုန်ချလိုက်ကတည်းက အမိုးပေါ်ကို ပြန်ခုန်တက်ရမယ် ဆိုတာပါ တစ်ခါတည်း



တွေးထားရမတ်၊ ပြီးတော့ မင်းခြေဖဝါးကို ခြေဖနောင့်နဲ့ မကျစေနဲ့၊ မင်းတွေးထားတဲ့ အတွင်းအားတွေကို ခြေဖဝါးရဲ့ ရှေ့ပိုင်း ခြေချောင်းလေးတွေပေါ်မှာ ကျကျချင်း အား ထည့်ပြီးတာနဲ့ ပြန်ခုန်တက်'

'ဘဘက မစောစောကတည်းက ကျွန်တော့်ကို အဲဒီလိုမှ မပြောတာကိုး'

'ညာရပ်တစ်ရပ်ကို သင်ကြားတယ်ဆိုတာ အချိန်နဲ့ အဆင့်ဆင့် သင်ရတာကွ၊ ဒါမှ တန်ဖိုးရှိရှိ တတ်မှာပေါ့၊ အခု မင်း ခုန်ချနေတာဟာ မှားယွင်းနေတယ်ဆိုတာ မင်း ကောင်းကောင်းသိသွားပြီမို့လား၊ ဟား ဟား ဟား'

ပန်းသီးတစ်လုံးကို ကိုက်စားရင်း နှင်းဆီဘိုးဘိုးက အော်၍ ရယ်လိုက်သည်၊ ပြီးနောက် ချက်ချင်း မျက်နှာက တည်ကြည်သွားကာ ပန်းသီးကိုချလိုက်ပြီးနောက် တစ်စုံတစ်ရာကို တည်ငြိမ်စွာ စဉ်းစားနေသည်ကို တွေ့ရသည်။

'ဘဘ... ဘာတွေစဉ်းစားနေတာလဲ'

'ငါ့မှာလဲ စဉ်းစားစရာတွေ အများကြီးပေါ့ ဝူချင်းဖိန်ရာ၊ မင်းက ငယ်ငယ်လေးဆိုတော့ စဉ်းစားစရာတွေကလဲ နည်းနည်းလေး၊ ငါက အသက်ကြီးတော့ စဉ်းစားစရာတွေကလဲ အများကြီးပေါ့'

'ဘဘရဲ့ ဘဝအကြောင်းကို ကျွန်တော့်ကိုပြောပြပါလား'

ဝူချင်းဖိန်က အဘိုးအိုကြီး၏အကြောင်းကို စိတ်ဝင်စားလာ၍ မေးလိုက်သည်။

'ငါ့ဘဝအကြောင်း ပြောပြရင်လဲ မင်း စိတ်ချမ်းသာစရာဆိုလို့ မပါပါဘူးကွာ၊ ဒါတွေ ထားလိုက်ပါ၊ ကဲ....မင်း ငါပြောသလိုသာ ကျင့်နော်'

နှင်းဆီဘိုးဘိုးက စကားဖြတ်လိုက်ပြီးနောက် အစားအသောက်များ ထည့်ထားသောဗန်းကို ဝူချင်းဖိန်ရှိရာသို့ တိုးပေးလိုက်လေ၏၊ ထိုအခါတွင်မှ ဝူချင်းဖိန်သည် နှင်းဆီဘိုးဘိုး စားပြီးသောလက်ကျန်ကို သူ ဟောင်းကောင်းထိုင်၍ စားလေတော့သည်။

နှင်းဆီဘိုးဘိုးက ပက်လက်လှန်ကာ လက်နှစ်ဖက်ကို ဘေးသို့ချရင်း ကျောက်ဂူနံရံကို စူးစိုက်ကြည့်ကာ အတွင်းအားလေ့ကျင့်နေပြီဖြစ်ကြောင်း ဝူချင်းဖိန် သိလိုက်၏၊ ထို့ကြောင့် သူအိပ်သော ကျောက်ခုတင်လေးရှိရာသို့ စားစရာများ ထည့်ထားသော ဗန်းကိုယူကာ ထသွားလေသည်။

ကျောက်ဂူနံရံတွင် ထွန်းညှိထားသော မီးတိုင်က အရှိန်အဟုန်ကောင်းစွာ ထိန်လင်းနေ၏၊ ဝူချင်းဖိန်သည် စား



သောက်ပြီးသည်နှင့် ကျောက်စက်ရေသံကို နားထောင်ကာ နှင်းဆီဘိုးဘိုး သင်ကြားထားသည့်အတိုင်း အတွင်းအားကို စတင်လေ့ကျင့်လေတော့သည်။

ဝူချင်းဖိန်သည် သုံးရက်အတွင်းမှာပင် ကျောက်စက်ရေပထမသိုင်းကွက်ကို လေ့ကျင့်သင်ကြားပြီးသွားလေသည်၊ နောက်နေ့များတွင် ကျောက်ဂူအတွင်းပိုင်းသို့ ခေါ်သွားကာ နှင်းဆီဘိုးဘိုးက သိုင်းကွက်အဘစ်များကို လေ့ကျင့်သင်ကြားပေးလေတော့သည်။

သူသည် ကျောက်ပန်းအိုးများကို လက်တစ်ဖက်နှင့်ခိုကာ လက်တစ်ဖက်ကခေါးကိုင်၍ နှင်းဆီဘိုးဘိုး၏ သိုင်းကွက်များကို သင်ကြားကာ နှင်းဆီဘိုးဘိုးနှင့် အုပ်ပြိုင်တိုက်ခိုက်ရလေသည်၊

သို့သော် အသက်အရွယ်ကြီးရင့်သော်လည်း အတွင်းအားကောင်းလှသော နှင်းဆီဘိုးဘိုးကို သိုင်းကွက်ပေါင်း သုံးဆယ်တိတိ သင်ကြားပြီးသည့်တိုင် နိုင်အောင်တိုက်ခိုက်၍ မရခဲ့ပေ။

'ကဲ....ဝူချင်းဖိန် မင်းဟာ ကျောက်စက်ရေသိုင်းကွက်သုံးဆယ်ကိုတော့ သင်ကြားတတ်မြောက်ပြီးပြီ၊ ငါ့ကို နိုင်အောင်တိုက်ဖို့ပဲ ကျန်တော့တယ်၊ ဒီနေ့တော့ မင်း ငါ့ကို နိုင်အောင်တိုက်ကွာ'

ကျောက်ဂူထဲတွင် သိုင်းပညာသင်ကြား၍ သုံးလမြောက်သည့်နေ့တွင် နှင်းဆီဘိုးဘိုးက ဝူချင်းဖိန်ကို အိပ်ယာမှ နိုးနိုးချင်း ပြောကြားလိုက်ခြင်းဖြစ်သည်။

'ကျွန်တော်လဲ ကြိုးစားပြီးတိုက်တာပဲ၊ ဒါပေမယ့် ဘဘရဲ့ သိုင်းကွက်တွေက သိပ်မြန်တော့ ကျွန်တော် နိုင်အောင် မတိုက်နိုင်ဘူး'

နှင်းဆီဘိုးဘိုးက ခေါင်းခါရမ်းလိုက်သည်။

'မင်းရဲ့အတွင်းအားကလဲ ငါ့ထက် အဆင့်မနိမ့်တော့ပါဘူး ဝူချင်းဖိန်၊ ငါ အနှစ်နှစ်ဆယ်တိတိ ဒီဂူထဲမှာ စမ်းသပ်လေ့ကျင့်ခဲ့တဲ့ သိုင်းပညာကို မင်းကို သုံးလတည်းနဲ့ အကုန်မြအောင် ငါသင်ပေးခဲ့တာပဲ၊ ဒီတော့ မင်းရဲ့ဉာဏ်ကိုသုံးပြီး ငါ့ကိုတိုက်ကြည့်စမ်းပါ'

ဂူအမိုးပေါ်သို့ တက်ကာ နံနက်နေရောင်ခြည်နှင့်အတူ အတွင်းအားနှင့် သေးကြောများ အနှံ့စမ်းစေသည့် လေ့ကျင့်မှုကို ဆရာတပည့်နှစ်ယောက် ထမင်းအိုးတစ်လုံးချက်ကြာမျှ လေ့ကျင့်လိုက်ကြသည်၊ ပြီးနောက် ကျောက်ခက်ပန်းဆွဲများ ရှုတ်ထွေးနေသည့် ဂူအတွင်းပိုင်းသို့ဝင်ရောက်ကာ တစ်ဦးနှင့်တစ်ဦး သူနိုင်ကိုယ်နိုင် တိုက်ခိုက်ကြလေတော့သည်။



'လာပြီဟေ့ ဝူချင်းဖိန်'

'ဟွမ်း'

'ထန်း'

ကျောက်ခက်ပန်းဆွဲတစ်ခုကို ခိုကာ နှင်းဆီဘိုးဘိုးက ဝူချင်းဖိန်၏ ခေါင်းပေါ်သို့ လက်ဝါးဖြင့်ရိုက်ချလိုက်သည်၊ ဝူချင်းဖိန်က သူ၏ဦးခေါင်းပေါ်သို့ကျလာသော လက်ဝါးချက်ကို ဘေးသို့ခုန်ရှောင်ကာ ကျောက်ပန်းဆွဲတစ်ခုပေါ်သို့ ခုန်တက်လိုက်၏။

ဝူချင်းဖိန်က အားလွန်သွားသော နှင်းဆီဘိုးဘိုး၏ကျောကို သူ၏လက်ဝါးချက်ဖြင့်ရိုက်ချလိုက်သည်၊ နှင်းဆီဘိုးဘိုးက ကျောက်ခက်ပန်းဆွဲတစ်ခုကို ခြေထောက်ဖြင့် ယှက်ကာ ကိုယ်ကိုဇောက်ထိုးထား၍ ဝူချင်းဖိန်၏ လက်ဝါးရိုက်ချက်ကို သူ့လက်ဝါးနှင့် လှည့်ခံလိုက်သည်။

'ပုန်း'

'အိုး'

အတွင်းအားချင်းတူသော်လည်း မြေပြင်ပေါ်တွင်ရမ်းကာ မတ်တတ်ရိုက်လိုက်ရသော ဝူချင်းဖိန်ရိုက်ချက်ကို နှင်းဆီ

ဘိုးဘိုးက မခံနိုင်တော့ဘဲ ကျောက်ခက်ပန်းဆွဲများကို ဖောက်ထိုးညှပ်ထားသော ခြေထောက်များပြုတ်ကာ လွင့်ကျသည်။

နှင်းဆီဘိုးဘိုးက လေထဲတွင် ကိုယ်ကိုတစ်ပတ်လှည့်ကာ ခြေထောက်ကိုစုံထား၍ ပြေးဝင်လာသော ဝူချင်းဖိုန်၏ ရင်ဝကို ပြန်လိုက်၏၊ ဝူချင်းဖိုန်မှာ ထိုသိုင်းကွက်ကို တွက်ဆထားပြီးဖြစ်၍ မြေပြင်ပေါ်လွှင့် ပက်လက်အိပ်ချကာ သူ့ကို ကျော်ဘက်သွားသော နှင်းဆီဘိုးဘိုး၏ကျောပြင်ကိုအောက်မှ ခြေထောက်နှင့် ပင့်ကန်လိုက်သည်။

'ဘုတ်'

'အား'

နှင်းဆီဘိုးဘိုးမှာ မထင်မှတ်ဘဲ ညာဏ်ကိုအသုံးပြုကာ တိုက်လိုက်သော ဝူချင်းဖိုန်၏သိုင်းကွက်ကြောင့် မိမိရရရှိသည်ကို ခံလိုက်ရကာ မြေပြင်ပေါ်သို့ မှောက်လျက်သား ကျသွားသည်။

'ဟာ ဘဘ ကျွန်တော် ခပ်ပြင်းပြင်းတိုက်လိုက်မိတာ ကန်တော့နော်'

'ရပါတယ်ကွာ၊ ငါလဲ ဒီလိုဖြစ်စေချင်တာ အား အ အ'

နှင်းဆီဘိုးဘိုးသည် မြေပြင်ပေါ်တွင် မှောက်လျက်သားလဲကျကာ လက်ထောက်၍ ညည်းညူရင်း ထလိုက်၏။

နှင်းဆီဘိုးဘိုးထံသို့ တွဲမပေးရန် လျှောက်လှမ်းလာသော ဝူချင်းဖိုန်သည် ကျောက်ဂူ၏ကြမ်းပြင်ပေါ်တွင် လွင့်စင်ကျနေသော ကျောက်စိမ်းလက်ကောက်လေး တစ်ခုကို တွေ့လိုက်



ရသည်၊ ထိုလက်ကောက်လေးမှာ မြွေတစ်ကောင်နှင့် ငှက်တစ်ကောင် ရစ်ပတ်နေသည့်ပုံမျိုး ပြုလုပ်ထားပြီး လက်ရာမြောက်လှသောကြောင့် တောက်ပနေလေသည်။

'ဘဘ ဒါဘာလေးလဲဟင်'

နှင်းဆီဘိုးဘိုးကို လက်တစ်ဖက်နှင့်တွဲမ၍ လက်တစ်ဖက်က ကျောက်စိမ်းလက်ကောက်ကို ကောက်ယူကာ ဝူချင်းဖိုန်က နှင်းဆီဘိုးဘိုးကို မေးလိုက်၏၊ နှင်းဆီဘိုးဘိုးက ကျောက်ဂူကြမ်းပြင်ပေါ်တွင် ထိုင်ချရင်း ဝူချင်းဖိုန် ကောက်ယူပြသည့် လက်ကောက်တို့ လှမ်းကြည့်လိုက်သည်။

'အင်း မင်းက ဒီလက်ကောက်ကို တွေ့မြင်သွားပြီဆိုတော့ ပြောပြရတော့မှာပေါ့ကွာ၊ ဒါဟာ ငါနဲ့ ငါ့ဇနီးတို့ ဆင်တူလုပ်ပြီးဝတ်ဆင်ခဲ့တဲ့ လက်ကောက်ဆိုပါတော့၊ တစ်နေ့မှာတော့ ငါတို့မိသားစုကို မင်းတွေ့ကြုံရသလိုပဲ လူဆိုးဂိုဏ်းတစ်ဂိုဏ်းက ဝင်ရောက်တိုက်ခိုက်တယ်၊ ငါ့ကိုလဲ သေအောင်သတ်ခဲ့ပေမယ့် ငါဟာ မသေဘဲကျစ်ရစ်ခဲ့တယ်၊ ငါ့သမီးနဲ့ ဇနီးကိုတော့ ခါးပြတွေက ဖမ်းဆီးခေါ်ဆောင်သွားတာ ခုထိ သေတယ်ရှင်တယ်ဆိုတာ မသိခဲ့ဘူး၊ ငါက ဒဏ်ရာတွေ ကောင်းကောင်းမပျောက်သေးတဲ့ ကြားက ဒီကျောက်ဂူကြီးကို ရောက်လာခဲ့တယ်ဆိုပါတော့၊ ငါလဲ ငါ့သမီးနဲ့ ဇနီးကို တွေ့လိုတွေ့ငြား လိုက်ပြီးရှာဖွေခဲ့သော်လည်း ခုထိတော့ အစအနတောင် မတွေ့ခဲ့ဘူး၊ နှစ်ပေါင်းနှစ်ဆယ် တိတိ ကြာခဲ့ပြီဆိုပါတော့ ဟင်း'

နှင်းဆီဘိုးဘိုးက သက်ပြင်းချလိုက်၏၊ ဂူချင်းဖိန်က သု တိုက်ခိုက်၍ ဒဏ်ရာရရှိသွားသော နှင်းဆီဘိုးဘိုးကို ဆွဲ၍ထူ ပေးလိုက်သည်။

'ခုတော့ ငါစိတ်လျှော့လိုက်ပြီး လိုက်မရှာတော့ဘူး၊ ကံ တရားအတိုင်းပဲပေါ့ကွာ၊ အဲဒီလက်ကောက်ကိုတော့ မင်းပဲ ယူထားလိုက်တော့ ကံအားလျော်စွာ ငါ့သမီးနဲ့ဇနီးကို တွေ့ ခဲ့ရင် ကူညီစရာရှိတာကူညီလိုက်ပါ'

'ဘဘက အခုဆက်မရှာတော့ဘူးဆိုတော့ ဘယ်ကိုသွားမှာလဲဟင်'

'ငါဟိုစန်းတောင်မှာသွားပြီး တရားအားထုတ်တော့မယ် သက်ကြီးရွယ်အိုဖြစ်မှ ငါသောကမဖြစ်ချင်တော့ဘူးကွာ'

'ဘဘ ကျွန်တော်အမှတ်မဲ့ တိုက်လိုက်မိတာ သိပ်နာသွားလားဟင်'

နှင်းဆီဘိုးဘိုးက ခေါင်းခါပြလိုက်သည်။

သို့သော်လည်း လမ်းလျှောက်ရာတွင် ချိန်နဲ့နဲ့ ဖြစ်နေခြင်းအားဖြင့် အတွင်းဒဏ်ရာရသွားကြောင်းကို ဂူချင်းဖိန် နားလည်သဘောပေါက်လိုက်သည်။

'ဘဘပြန်ကောင်းလာတဲ့အထိ ကျွန်တော်ပြုစုပြီးမှ သွားမယ်နော်'

သူ့ကိုနိုင်သောနေ့တွင် ကျောက်ဂူမှ ထွက်ခွာပါမည်ဟု ဂူချင်းဖိန်က ကတိပေးထားသောကြောင့် တောင်းပန်စကားဆိုလိုက်ခြင်းဖြစ်သည်။

'မလိုပါဘူးကွာ၊ ငါ့ဟာငါအတွင်းအားကျင့်စဉ် ကျင့်ရင်း



နဲ့ နားနားနေနေ နေခဲ့ပါမယ်၊ မင်းဟာ အလုပ် အကိုင်ရှာပြီး ဘဝတစ်ခုကို တည်ဆောက်ရဦးမှာ အဲဒီတော့ မင်းသွားပေတော့'

ဂူချင်းဖိန်က အမျိုးမျိုးတောင်းပန်စကား ဆိုသော်လည်း နှင်းဆီဘိုးဘိုးက လက်မခံတော့သောကြောင့် ကန်တော့ဦးချကာ ခြေဦးတည့်ရာသို့ ထွက်လာခဲ့လေသည်၊ လောလောဆယ်သူသည် အလုပ်တစ်ခုရဖို့ရှာဖွေရမည်ဖြစ်ပေသည်။

## အပိုင်း (၆)

တာဟူးမြို့ရှိရာသို့ ဝူချင်းဖိန်ရောက်ရှိလာသော အချိန်တွင် ထမင်းမစားရသည်မှာ နှစ်ရက်တိတိရှိခဲ့ပြီ ဖြစ်လေသည်၊ သူသည် တစ်လမ်းဝင်တစ်လမ်းထွက် အလုပ်အကိုင်ရှာဖွေသော်လည်း စားသောက်ဆိုင်များ၊ လုပ်ငန်းရှင်များက သူ့လူနှင့်သူပြည့်နေသောကြောင့် ဝူချင်းဖိန်ကို အလုပ်မပေးနိုင်ခဲ့ပေ။

သူ၏ အဝတ်အစားများမှာ စုတ်ပြတ်သာ လူမှာလည်း ဆံပင်နှင့်နှုတ်ခမ်းမွေးများ ရှည်နေသောကြောင့် သူတစ်ပါးက မယုံကြည်ရာအသွင်ဖြစ်ပေါ်နေလေသည်။

သူသည် ဈေးတန်းထဲသို့ လျှောက်လှမ်းကာ အလုပ်ရှာဖွေလျက်ရှိရာ အရပ်ရောင်းသော ဆိုင်တစ်ဆိုင်ရှေ့သို့ရောက်ရှိလာ



လေသည်၊ ထိုဆိုင်ရှေ့တွင် အရက်မူးသမားတစ်ဦးက ဆိုင်ထဲတွင် ရောင်းချနေသော မိန်းမပျိုလေးတစ်ဦးကို အတင်းဆွဲထုတ်နေလေသည်။

'လာလိုက်ခဲ့ အခုလိုက်ခဲ့ နင်ငါ့မကြောင်းကို သိတယ်မို့လား'

လူအများက ဝိုင်းကြည့် နေကြသော်လည်း အရက်မူးသမားကို မည်သူမျှ တားမြစ်ခြင်း မပြုကြပေ။

ဝူချင်းဖိန်မှာ ထိုအဖြစ်အပျက်ကို တွေ့သည်နှင့်ရပ်လိုက်၏။

'မလိုက်ဘူး၊ ကျွန်မ မလိုက်ဘူးလို့ ရှင့်ကိုဘယ်နှစ်ခါပြောရမလဲ ဒီနေ့ကျွန်မအဖေနေမကောင်းဘူး ကျွန်မဆိုင်မှာ ရှိမှဖြစ်မယ်'

မိန်းမပျိုလေးက လက်ကိုဆောင့်၍ ရုန်းရင်း ပြောလိုက်သည်။

'နင်က ငါခေါ်ရင် ဘယ်တုန်းက မလိုက်ဘဲနေလို့ရဘူးလို့လဲ နင်နဲ့ငါနဲ့က လက်ထပ်တော့မယ့် ချစ်သူတွေပဲမို့လား'

'အို ရှင်လူ့တော်....ရှင်ဒီလိုရမ်းကားနေရင် ရှင့်ကိုလဲ ကျွန်မ မချစ်နိုင်တော့ဘူး ရှင်နဲ့လဲ လက်မထပ်နိုင်ဘူး'

'ကဲကဲ ဒီလိုပြောဦး'

'ဖြန်း'

'အမလေး'

ဆောင့်ဆွဲနေသော အရက်သမားက မိန်းမပျိုလေးကို ပါးရိုက်လိုက်၍ ခွေခွေလေးလဲကျသွားသည်၊ လဲကျသွားသော မိန်းကလေးကို ပြေး၍ဆောင့်ကန်လိုက်သည်။

ဤတွင် ဘေးမှရပ်ကြည့်နေသော ဝူချင်းဖိန်က မခံမရပ်နိုင်ဖြစ်လာသောကြောင့် မိန်းမပျိုလေး၏ခါးကို အရက်သမား၏ ခြေနှင့်မကန်မိစေရန် သူ့ခြေနှင့်ဝင်တားလိုက်သည်။

'ဘုန်း'

သန်မာလှသော ဝူချင်းဖိန်၏ ခြေထောက်နှင့် ကန်မိကာ အရက်သမားမှာ မထိန်းနိုင်တဲ့ မြေကြီးပေါ်သို့ ဖင်ထိုင်လျက် သားကျသွားလေသည်။

'အား'

အရက်သမားသည် ဒယီးဒယိုင်ဖြင့် ထရပ်ကာ သူ့ခါးမှ ဓားရှည်ကို ဆွဲထုတ်လိုက်သည်။



'ဟေ့ ငါ့ရည်းစားကိုပါ လျှောက်လည်ဖို့ ခေါ်တာ မင်းက ဘာဆိုင်လို့ဝင်နှောင့်ယှက်တာလဲ သူ့ဘောင်းစားက သူတောင်းစားလိုမနေဘူး'

'ဟား....ဟား....ဟား....ဟား'

အရက်သမား၏ ပြောဆိုမှုကြောင့် ဘေးမှ ဝိုင်းကြည့်နေသူများက ရယ်လိုက်ကြသည်၊ ဝူချင်းဖိန်မှာ ဒေါသထောင်းခနဲဖြစ်သွားသည်။

'အေး ငါက မဆိုင်ပေမယ့် မသင့်လျော်လို့ ဝင်တားတာကွ'

'ငါ့နာမည် ကျောင်းဖုတဲ့ကွ၊ ဒီဈေးတစ်ဈေးလုံးသိတယ်၊ မင်းမှတ်ထား ငါ့ကိုလာထိတဲ့ကောင်ကို အသက်ရှင်လျက် ဘယ်တော့မှ ပြန်မသွားရဘူး'

'မင်းလုပ်ပုံ မသင့်လျော်လို့ငါတားတာကွ၊ မင်းနဲ့လက်ထပ်မယ့် ချစ်သူဆိုရင် မင်းဒီလို အပြုအမူမျိုးကို ပိုရှောင်ရှားရမှာပေါ့'

ဝူချင်းဖိန်က တရားနည်းလမ်းအတိုင်း ဖျောင်းဖျ သော်လည်း ရိုင်းပျသည့် ကျောင်းဖုက လက်မခံခဲ့ပေ။

'မင်းစကားရှည်မနေနဲ့ မင်းကို ငါခွင့်မလွှတ်နိုင်ဘူး'

'ခွင့်မလွှတ်နိုင်တော့ မင်းကဘာလုပ်ချင်သလဲ'

'မင်းအခုသိရမှာပေါ့'

ကျောင်းဖုက လှစ်ခနဲ ထွက်ခွာသွားသည်၊ လဲကျနေသော မိန်းမပျိုကို ဝူချင်းဖ ိန်က ထူပေးလိုက်လေသည်။

'ဒုက္ခမပါပဲရှင်၊ ရှင် ဒီနေရာကမြန်မြန်ထွက်သွားရင်ကောင်းမယ်၊ သူဟာ သိပ်ဒေါသကြီးတာ အခုသူ့အဖော်ကို သွားခေါ်နေပြီထင်တယ်'

'ခေ ချင် ခေါ်ပါစေညီမ၊အစ်ကိုကမတရားတာကို လက်ပိုက်ကြည့်မနေနိုင်ဘူး'

'ကျွန်မက ရန်စဖြစ်မှာစိုးလို့ပါရှင်၊ သူကဒီဈေးမှာ အကြီးအကဲရှင့်'

'ဘယ်တတ်နိုင်မလဲ ကြီးကဲတဲ့သူဆိုရင် ပိုပြီးတော့ဂုဏ်သိက္ခာရှိအောင် နေတတ်ရမယ်မဟုတ်လား'

ဈေးဝယ်သူနှင့် ဈေးရောင်းသူတစ်စုက ပွဲကြီးပွဲကောင်းကို ကြည့်ရတော့မည့်ကဲ့သို့ ခပ်လှမ်းလှမ်းမှ အရုပ်ရောင်းဆည့်ဆိုင်ရှေ့တွင် ဝူချင်းဖ ိန်နှင့်ဈေးရောင်းသည့် ကောင်းမလေးစကားပြောနေသည်ကို ကြည့်နေကြသည်။

မကြာမီ လူအုပ်ကြီးသည် ရှဲတနဲနေရာဖယ်ပေးလိုက်သည်။ ဓားကိုင်လူနှစ်ဦး ဝင်လာသည်၊ တစ်ယောက်က အရုပ်ပုပုမျက်နှာပြဲပြဲ တစ်ယောက်က စောဆောက ဝူချင်းဖ ိန်ကိုကြိမ်းဝါးသွားသည် ကျောင်းဖုပင်ဖြစ်သည်။



'ကဲပါရှင် ကျွန်မတောင်းပန်ပါတယ် ကျောင်းဖုရယ်၊ရှင်နဲ့မနက်ဖြန်ကျရင် အလည်လိုက်ခဲ့ပါ့မယ်၊ ဒီကအကိုလဲသွားပါတော့'

'ဖယ်စမ်း မေချူး နင့်ကိုပါ ငါ့ဓားနဲ့ပိုင်းလိုက်မယ် ဖယ်'

မေချူးကိုဖယ်ပြီးနောက် သူ့အဖော်ကို မျက်ရိပ်ပြလိုက်၏၊ ဝဝပုပု မျက်နှာပြဲပြဲနှင့်လူက ဝူချင်းဖ ိန်ကို ဓားနှင့်ဝှေ့ရမ်းကာ စတင်တိုက်ခိုက်သည်၊ ဝူးချင်းဖ ိန်သည် သူ့ထံသို့တိုးဝင်လာသော ဓားသမားကို အသာအယာရှောင်ကာ လက်ဖနောင့်ဖြင့် ပခုံးကို ဆောင့်တွန်းလိုက်၏။

'ဘုတ်'

'အား'

အတွင်းအား ပြင်းထန်လှသော ဝူချင်းဖ ိန်၏တိုက်ကွက်ကို မခံနိုင်ပဲ မျက်နှာပြဲပြဲနှင့်လူမှာ သုံးလေးလှမ်းစာမျှ လွင့်ထွက်သွားသည်။

ကျောင်းဖုက အရက်မူးနေသော်လည်း ဓားသိုင်းကို အတော်အတန် တတ်ကျွမ်းနေသူဖြစ်၍ ဝူချင်းဖ ိန်ကို ကြယ်ဖြူဓားသိုင်း ခုနှစ်ကွက်ဖြင့် တိုက်ခိုက်သည်။

လင်းကနဲလက်ကနဲ လှုပ်ရှားနေသော ဓားရိပ်များက ဝူချင်းဖ ိန်၏ ကိုယ်ခန္ဓာကို လွှမ်းမိုးစပြုလာသည်၊ ဝူချင်းဖ ိန်း

သည် ကြယ်ဖြူသိုင်းပညာ၏ အသွားအလာကို သိသည်နှင့် သူ့အပေါ်သို့ လှမ်းမိုးလာသော ဓားရိပ်များကို သူ့ဓားနှင့်ဖယ်ရှားလိုက်သည်။

'ရှမ်း ရှမ်း ရှမ်း'

ဓားချင်း သုံးချက်တိတိ ဆုံတွေ့ပြီးနောက် ဝူချင်းန်ဖိ၏ အတွင်းအားထို မခံနိုင်သော ကျောင်းဖုမှာ ကိုယ်နှစ်ပတ်သုံးပတ်လည်ကာ ဖင်ထိုင်လျက်သား ကျသွားသည်၊ သူသည် ဝူချင်းဖိန်၏ အတွင်းအားကို ရိပ်စားမိသွား၍ အနည်းငယ်တော့ ထိတ်သန့်သွားသည်။

သူဘေးတွင် ရပ်နေသော သူ့အဖော်ကို တစ်ချက်ကြည့်လိုက်သည်။

'ထင်းဖိ မင်းနဲ့ငါ ဒီကောင်ကို ကြယ်စင်ကြယ်တန်း သေမင်းလမ်းသိုင်းကွက်နဲ့ ပြိုင်တူ ဝင်တိုက်မယ်'

'ကောင်းတယ်'

နှစ်ယောက်သား ညှိလိုက်ပြီး ထင်းဖိနှင့် ကျောင်းဖုတို့က ဘယ်ညာခွဲကာ ဓားကွက်ကို စတင်ခင်းကျင်း လိုက်ကြသည်။ ကြယ်စင်ကြယ်တန်း သေမင်းလမ်း သိုင်းပညာမှာ ထင်းဖိနှင့် ကျောင်းဖုတို့မှာ နာမည်ကြီးကြ၏၊ ဈေးသူဈေးသားများ



သာမက တာဟူးမြို့တွင် ထိုသိုင်းပညာကို ယှဉ်ပြိုင်ဝံ့သူ မရှိသလောက်ပင် ရှားလေသည်။

'ဒီသူငယ်တော့ မဆိုင်ဘဲ ဝင်ရှုတ်မိတာ ကိစ္စပြတ်တော့မယ်ထင်တယ်'

'သနားစရာပါကွာ'

ထင်းဖိနှင့် ကျောင်းဖုတို့ကြောင့် ရှုံးနိမ့် သွားရသူများကို အကြိမ်ကြိမ် မြင်တွေ့ဘူးကြသည့် ဈေးသူဈေးသား များက ထင်ကြေးပေးနေကြသည်၊ ဝူချင်းဖိန်ကမတော့ ကျောင်းဖုတို့၏ သိုင်းကွက်ကို မျက်ခြေမပြတ် အကဲခတ်ကြည့်ရှုနေသည်။

ကျောင်းဖု၏သိုင်းကွက်နှင့် ထင်းဖိ၏ သိုင်းကွက်မှာ အဖိအမသဘော အပေးအယူ ရှိလေသည်၊ ဓားရိပ်များက သူတို့နှစ်ယောက်ကြားတွင် အလင်းတန်းနှစ်ခုလို ဆက်နေသည်၊ ထို ဓားရိပ်များသည် ဝူချင်းဖိန်၏လက်နှင့်ခြေများတို့ကို အထက်အောက် နေရာမလတ် ထိသောနေရာတွင် ပြတ်ထွက်သွားစေရန်ချိန်ကာ ရှေ့သို့ တိုးလာသည်။

ဓားအလှည့်အပြောင်း မြန်လှသောကြောင့် သူတို့နှစ်ဦးလက်ထဲမှ ဓားနှစ်ချောင်းမှာ ဆက်နေသည်ဟု ထင်ရသည်။

'ကဲ....သေပေတော့ဟေ့'

'ဟုတ်'

'အိုး'

ပြိုင်တူဝင်ရောက်ကာ ကြယ်စင်ကြယ်တန်း သေမင်းလမ်းသိုင်းကွက်ဖြင့် ဝူချင်းဖိန်ကို အပိုင်းပိုင်းပြတ်အောင် တရကြမ်းဝင်၍ တိုက်ခိုက်ကြသည်။

ဝူချင်းဖိန်၏ လှုပ်ရှားမှုမှာ ကြည့်ရှုနေသူများ အံ့အားသင့်ရလောက်အောင်ပင်မြန်ဆန်နေလေသည်၊ ထင်းဖိနှင့်ကျောင်းဖုတို့၏စေ့စပ်လှသော ဓားသွားများကြားမှ ဝူချင်းဖိန်လှစ်ကနဲခုန်ပျံထွက်သွားသည်။

ထိုသို့ ထွက်သွားရုံသာမက ကျောင်းဖုနှင့်ထင်းဖိတို့၏ဓားကိုင်သော ညာဘက်လက်မောင်းအုံပေါ်ကိုပါ ခြေနှစ်ဘက်ဖြင့်နင်းချသွားခဲ့နိုင်လေသည်။

ထင်းဖိနှင့် ကျောင်းဖုတို့၏ ဓားများ မြေကြီးပေါ်သို့ လွင့်ကျသွားသည်။

သူတို့ညာလက်များမှာ ထုံကျင်ကာ လက်ချောင်းများအားမရှိတော့သလို ဖြစ်သွားသည်၊ ထိုလက်များမှာ ဓားကိုချက်ချင်း ပြန်၍ မကိုင်နိုင်ကြတော့ပေ။

ထင်းဖိနှင့် ကျောင်းဖုတို့သည် သူတို့၏ ညာလက်များကိုဘယ်လက်နှင့်ဖိကာ လူအုပ်ကြားထဲမှ လှစ်ခနဲ ထွက်ပြေးကာပျောက်ကွယ်သွားလေသည်။

'ကောင်းတယ်ကွာ၊ ဒီလို လူစွာလုပ်တဲ့လူတွေကို နှိမ်နင်းလိုက်တာ အားရစရာပဲ'

'ငါတော့ တာဟူးမြို့က ရန်ပွဲတွေထဲမှာ ဒီရန်ပွဲကိုကြည့်



ရတာ အရသာအရှိဆုံးပဲဟေ့'

'ကျောင်းဖုနဲ့ ထင်းဖိအတွက်တော့ မှတ်သားလောက်စရာပဲပေါ့ကွာ'

မျက်နှာခပ်တည်တည်ဖြင့် လှည့်ကြည့်လိုက်သော ဝူချင်းဖိန်၏ အကြည့်ကြောင့် ဈေးသူ ဈေးသားများမှာ တဖြည်းဖြည်း ခေါင်းငုံ့ထွက်သွားကြ၏၊ မကြာမီ ဝူချင်းဖိန်၏ လက်ကို ပိန်ညှော်သော အဘိုးအိုတစ်ဦး၏ လက်များက လာဆုပ်ကိုင်၏။

'ဆိုင်ထဲကို ဝင်ပါဦးကွယ်၊ အဘက မေချူး၏ အဖေပါ'

'ဪ....ဟုတ်ကဲ့'

မေချူး၏ အဖေ ကျူးကျီရင့်က အရုပ်ရောင်းသောဆိုင်ထဲသို့ ဝူချင်းဖိန်ကို ခေါ်ဆောင် လာ၍ မေချူး အံ့အားသင့်သွားသည်။

'ဟင်....ဖေဖေနေမကောင်းဘူးဆိုပြီး ဘာလို့ ဆိုင်ကိုထွက်လာတာလဲ'

'ဆိုင်ရှေ့မှာ ရန်ဖြစ်နေဟဲ့သတင်း ဈေးကပြန်လာတဲ့ လူတစ်ယောက်ပြောလို့၊ လာကွယ် ထိုင်၊ မောင်ရင့်နာမည် ဘယ်လို ခေါ်လဲ'

'ဝူချင်းဖိန်ပါ အဘ'

'အေးကွယ်၊ ဒီ ကျောင်းဖုဆိုတဲ့ ကောင်နဲ့ အဘ သမီးကို သဘောမတူပါဘူးကွယ်၊ သူ့ကိုကြောက်တာနဲ့ သည်းခံနေရတာ၊ အခုလို ဆုံးမလိုက်တာ အကောင်းဆုံးပဲ၊ နောက်ကို ဒီကောင် လာမနှောင့်ယှက်ရဲတော့ဘူးပေါ့'

'ဟုတ်တယ် ဖေဖေ၊ ဒီက အစ်ကိုကို သိပ် ကျေးဇူးတင်တာပဲ၊ သမီးလဲ ဒီနေ့တော့ ကျောင်းဖုကို အပြတ်ပြောလိုက်ပြီဖေဖေ'

'ကောင်းတယ်သမီး၊ ဒါနဲ့ မောင်ရင်က ဘယ်ကလာတာလဲ၊ ဘာအလုပ်ရှိသလဲ၊ အဘတို့ လိုအပ်တာကူညီပါရစေ'

ဆိုင်ပေါ်ရှိ ထိုင်ခုံလေးတစ်ခုတွင် စားစရာများချ၍ ကျေးရင်း ကျူးကျိုရင့်က ဝူချင်းဖိန်ကိုမေးလိုက်သည်။

'ကျွန်တော်က ခြေသလုံးအိမ်တိုင် သမားပါ အဘရယ်၊ အလုပ်တစ်ခုလိုချင်လို့ ရှာနေတာပါ၊ အဘတို့ဆိုင်မှာ ကျွန်တော့်အတွက် အလုပ်လုပ်လို့ မရနိုင်ဘူးလား'

သူ၏အမေးကြောင့် ကျူးကျိုရင့်နှင့် မေချူးတို့ သားအဖ မျက်နှာပျက်သွားကြလေသည်။

'အားတော့ အားနာပါတယ် ငါ့တူရယ်၊ ဒါပေမယ့် အဘဆိုင်က အကျေးနဲ့ယူရောင်းရတာ၊ အမြတ်ကလဲ သားအဖနှစ်ယောက် ထမင်းမငတ်ရုံလေးရတာပါ၊ ဒါတောင် ကျောင်းဖုက လာပြီး နှိပ်စက်လို့ ကြေးတင်ရပါသေးတယ်'

'ဒါဆိုလဲ စိတ်မရှိပါနဲ့အဘရယ်၊ ကျွန်တော့်ကို သွားခွင့်ပြုပါဦး'

ဝူချင်းဖိက ထရပ်လိုက်သည်၊ စားစရာများကိုပင်သူသည် ဆက်၍ မစားတော့ပေ။

'နေပါဦး ငါ့တူ၊ အဘဆီမှာ အလုပ်မပေးနိုင်ပေမယ့် အလုပ်ရနိုင်တဲ့ နေရာကိုတော့ အဘလမ်းညွှန်နိုင်ပါတယ်'



ထွက်ခွာသွားတော့မည့် ခြေလှမ်းများ တုန့်ခနဲ ရပ်သွားရသည်။

'ဟုတ်ကဲ့၊ ဘယ်ကို သွားရမလဲ ပြောပါအဘ'

'ဒီမြို့မှာရှိတဲ့ သူဌေးကြီး လိုကျန်းဖုန်းကတော့ မင်းလိုအစွမ်းအစတဲ့လူမျိုးကို အလုပ်ပေးနိုင်ပါလိမ့်မယ်ကွယ်'

## အခန်း (၇)

မေချူးတို့သားအဖ၏ အကြံပေးချက်အရ ဂူချင်းဖိန်သည် တာကူးမြို့မှ သူဌေးကြီး လိုကျန်းဖုန်းအိမ်သို့ ရောက်ရှိလာခဲ့သည်၊ လိုကျန်းဖုန်းသည် ဈေးမှ ရန်ပွဲသတင်းကို ကြားသိရပြီး ကတည်းက ဂူချင်းဖိနကို တွေ့ချင်နေပေရာ ဂူချင်းဖိန်သည် တိုနေ့မှအစပြု၍ သူဌေးကြီး၏လက်စွဲတော်ဖြစ်လာရသည်၊

'ဆိုင်သိမ်းတော့မယ် ခင်ဗျ'

ကဲ့ဟူးကျင်း စားသောက်ဆိုင်တွင်ထိုင်ကာ ဂူချင်းဖိန်သည် မည်မျှ ကြာအောင် တွေးဘော နေမိသည်မသိ၊ စားပွဲထိုး ကောင်လေးက လက်လာဘ်ိုတော့မှ သတိဝင်လာသည်။



'အော်....အေးရော့ ဒီမှာအရက်ဖိုး'

သူ့အိပ်ထဲမှ ငွေစများကိုထုတ်ယူကာ အရက်ဖိုးငွေပေးလိုက်သည်၊ ဆိုင်တံခါးမှာ တစ်ခြမ်းပိတ်ပြီး ဖြစ်နေသည်။

သူသည် တစ်ခြမ်းထဲသာ ကျန်ရှိတော့သော ကဲ့ဟူကျင်း စားသောက်ဆိုင်၏ တံခါးပေါက်မှ ထွက်လိုက်သည်၊ မှောင်ရိပ်ထဲတွင် တစ်စုံတစ်ယောက် ရပ်နေသည်ကို သူတွေ့လိုက်သည်။

သူသည် လူရိပ်ရှိရာသို့ ဒယိမ်းဒယိုင်ဖြင့် လျှောက်လှမ်းလာခဲ့သည်၊ လူရိပ်ထဲမှ တဟင့်ဟင့်ငိုရှိုက်သံ ကြားလိုက်ရသည်။

'သိပ်အရေးကြီးတဲ့ အချိန်မှာမှ အစ်ကိုက အရက်တွေ မူးအောင် သောက်ထားတာကိုး'

'ဟင်း မေချူး'

'ဟုတ်တယ် အရေးကြီးလို့ အစ်ကို့နောက်ကို လိုက်လာတာ'

'ဘာဖြစ်လို့လဲ မေချူး'

'ဘာဖြစ်ရမလဲအစ်ကို ထန်းဖိန့် ကျောင်းဖုတို့လူသတ်ခံလိုက်ရပြီလေ'

ဂူချင်းဖိန် လက်တစ်ဘက်က မေချူးကို လှမ်း၍ ဖက်ရင်း မြေပြင်ပေါ်သို့ တံတွေးကို ထွေးချလိုက်လေသည်၊

'ဒါကို စောစောက ခန်းမို့ ပြောသွားလို့ သိပြီးပါပြီ မေချူး'

'အဲဒါတောင် အစ်ကိုက ခုထိဒီဆိုင်ထဲက မထွက်ဘဲ အရက်သောက်နေတာကိုး'

'အစ်ကို ဘာလုပ်ရမလဲလို့ စဉ်းစားနေတာပါ'

'စဉ်းစားမနေနဲ့ အစ်ကို သူဌေးကြီးလိုကျန်းဖုန်းရဲ့အိမ်ကို ပြန်လို့ မရတော့ဘူး'

'ဘာလို့ မဖြစ်ရမှာလဲ'

'သူဌေးကြီးလိုကျန်းဖုန်းရဲ့အိမ်မှာ အစ်ကို့ကိုဖမ်းဖို့ ချုံရင်ထန့်ရဲ့လူတွေ ရောက်နေလောက်ပြီ'

'အစ်ကို သူ့ကိုကို သတ်တာမှ မဟုတ်တာပဲ မေချုံးရယ်'

သက်ပြင်းချရင်း ဝူချင်းဖိန်က မေချုံးကို ပြောလိုက်သည်၊

'အစ်ကိုပြောတာကို မေချုံးတစ်ယောက်ပဲ ယုံမယ်'

'အို မြို့ဝန်ကို အစ်ကို ရှင်းပြလိုက်မှာပေါ့ မေချုံးရယ်'

'ဒီလို လွယ်လွယ် ပြောလို့မရဘူး အစ်ကို သေဆုံးသွားတဲ့ ထန်းဖိနဲ့ ကျောင်းဖုတ္တိတေးမှ သူဌေးကြီးလိုကျန်းဖုန်းရဲ့စံအိမ်က အမှုထမ်းတံဆိပ်ပြားတစ်ခု တွေ့တယ်တဲ့ ပြီးတော့ အဲဒါ နံပါတ် ၃ ဖြစ်တဲ့ အစ်ကို့ရဲ့ တံဆိပ်ပြားတဲ့'

'ဟင်'

မေချုံး၏ စကားကြောင့် ဝူချင်းဖိန်၏ခြေလှမ်း တုန့်ကနဲ ရပ်သွားလေသည်။

'ဒါ....ဒါမဖြစ်နိုင်ဘူးမေချုံး'

တုန်တုန်ယင်ယင်ဖြင့် ဝူချင်းဖိန်က ငြင်းဆို လိုက်လေသည်။

'ဘာပဲဖြစ်ဖြစ် အစ်ကို တစ်နေရာရာကိုရှောင်တာအကောင်းဆုံးပဲ အဖြစ်မှန် ပေါ်ပေါက်အောင် အစ်ကိုလဲ လျှို့ဝှက်ပြီး စုံစမ်းပေါ့ ညီမလဲ စုံစမ်းပေးပါ့မယ်'



ဝူချင်းဖိန် ခေါင်းကို ခါရမ်းလိုက်သည်။

'ဒါတစ်ယောက်ယောက်ရဲ့ လက်ချက်ပဲ အစ်ကို့ဒီလိုရှောင်ပုန်းနေရင် အစ်ကို့ကို လုပ်ကြံတဲ့သူကို ရှာလို့ ဘယ်ရတော့မလဲ'

'သေချာ စဉ်းစားပါဦးအစ်ကို အခုပြန်သွားရင် အစ်ကို့ကို တာဟူးမြို့ဝန် ချုံးရင်ထန့်ရဲ့လူတွေက ဖမ်းချုပ် သွားမှာကြိမ်းသေးတယ်၊ အစ်ကို့ကို လုပ်ကြံတဲ့သူကို ဒီအချိန်မှာ ဘယ်လိုလုပ်ပြီး သွားရှာလို့ ရတော့မလဲ နောက်ကျနေပြီ'

'မေချုံးပြောတာမှန်တယ်၊ ဒီလိုဆိုရင်တော့ အစ်ကိုတစ်နေရာရာမှာ ရှောင်နေတာ အကောင်းဆုံးပဲ၊ ဒါပေမယ့် ဒီမြို့နဲ့ ဝေးဝေးမှာ အစ်ကိုသွားနေလို့တော့ မဖြစ်ဘူး'

'ဒါဆိုရင် တာမို့ ဘုန်းကြီးကျောင်းမှာ သွားနေပါလား အစ်ကို အဲဒီဘုန်းကြီးတွေနဲ့ ညီမတို့အဖေ လျှုကျဲရင်းနဲ့ရင်းနှီးပါတယ်၊ ဖေဖေကလွှတ်လိုက်တာလို့ ကျွန်မပြောပေးမယ်'

'ကောင်းသားပဲ ဒါဆိုရင်တော့ အဲဒီကို သွားကြတာပေါ့'

နောက်ဆုံးတွင် ဝူချင်းဖိန်မှာ ရွေးစရာလမ်းမရှိတော့သောကြောင့် မေချုံး၏ အကြံအစည်ကို လက်ခံလိုက်ရ လေသည်။ မေချုံးက ဦးဆောင်ကာ တာဟူးမြို့ အနောက်ဘက်ရှိ တာမို့ဘုန်းကြီးကျောင်းရှိရာသို့ ဦးတည်လျက်ထွက်ခွာလာကြသည်။

လဆန်းဆယ်ရက် မပြည့်တပြည့် လရောင်ဖြင့် သူတို့နှစ်ဦးသည် သစ်ပင်ရိပ်များအောက်မှ ပုန်းလျှိုးကွယ်လျှိုးသွားလာနေ

ကြသည်၊ မြို့ကို ကျော်လွန်လာပြီး တောလမ်းခရီးသို့ ရော
သောအခါတွင် နောက်မှတောနင်းလာသံကိုကြားလိုက်၍ မေ
ချူး၏လက်ကို ဆုပ်ကိုင်ထားသော ဝူချင်းဖိသည် တုန့်ကနဲ ရပ်
လိုက်၏။

## အခန်း (၇)

'ဘာဖြစ်လို့လဲ အစ်ကို'

မေချူးက အဓိပ္ပာယ်နားမလည်သံဖြင့် မေးလိုက်သည်။ ကျောက်ဂူထဲတွင် တိတ်ဆိတ်စွာ အတွင်းအားကို လေ့ကျင့်ပေးသော ဝူချင်းဖိန်မှာ နားထဲတွင် ချုံနွယ်များကို တိုးဝှေ့လာသံတို့ ကောင်းကောင်းကြီး ကြားလိုက်ရလေသည်။

'တို့နောက်ကို လူတွေလိုက်မလာအောင် မေချူး ဘယ်လိုလုပ်မလဲ'

'တစ်နေရာရာမှာ ပုန်းနေတာ ကောင်းမယ်ထင်လို့'

'ကဲ....ဒါဆို လာ မေချူး'

ဝူချင်းဖိန်သည် မေချူး၏ ခါးကိုဖက်ကာ သစ်ပင်အမြင့်ကြီး၏ အောက်ဆုံးသစ်ကိုင်းပေါ်သို့ လွှားခနဲ ခုန်တက်လိုက်လေသည်။

'အစ်ကို သိပ်အမြင့်ကြီးကို မခေါ်ပါနဲ့၊ မေချူး ကြောက်တယ်'

မေချူးက အေးစက်သော လက်များဖြင့် ဝူချင်းဖိန်၏ လက်မောင်းကို ပွေ့ဖက်ထားရင်း ပြောလိုက်သည်၊ ဝူချင်းဖိန်က လုံခြုံစိတ်ချရသည့် သစ်ကိုင်းခွဆုံတွင် မေချူး၏ ခါးလေးကိုပွေ့ကာ နေရာချထားပေးလိုက်လေသည်။

'မေချူး ဒီမှာနေနော်၊ လိမ့်မကျနိုင်ပါဘူး၊ အစ်ကို ရန်သူတွေကို သွားပြီး ချောင်းကြည့်လိုက်မယ်'

'မေချူး ကြောက်တယ် အစ်ကို၊ ဘယ်မှ မသွားပါနဲ့၊ မေချူး အနားမှာပဲနေပါ'

ဝူချင်းဖိန် စိတ်ပျက်စွာ ခေါင်းခါယမ်းလိုက်လေသည်။

'ခက်တာပဲ မေချူးရယ်၊ တို့နောက်ကိုလိုက်လာတာ ဘယ်သူလဲဆိုတာ သိရအောင်ပါ'



'အို....အစ်ကို့ကိုမြင်သွားမှ အားလုံး ဒုက္ခရောက်နေမယ်၊ မေချူးနဲ့အတူ ပုန်းနေစမ်းပါ'

တောနင်းလာသော ခြေသံများကို ကြားရသောကြောင့် ဝူချင်းဖိန်က မေချူး၏ပါးစပ်ကို သူ့လက်ဝါးဖြင့် ပိတ်ထားလိုက်သည်။

'ဒီလမ်းအတိုင်းသွားတာတော့ သေချာတယ်ကွ'

အောက်မှ အသံသြသြဖြင့် စကားပြောသံ ကြားလိုက်ရသည်။

'ဒါ သူဌေးကြီးရဲ့ လူယုံတော် အောသက်ရဲ့ အသံပဲ'

ဝူချင်းဖိန် တစ်ယောက်တည်း တွေးလိုက်မိသည်၊ သူသည် ပြောက်ကျားဆိုးနေသော လရောင်ဖြင့် အောက်ကိုငုံ့ကာ ကြည့်နေသည်။

'ဒီလမ်းအတိုင်းဆိုရင်တော့ ဒီနားမှာရှိရမှာပဲ'

သစ်ပင်အနီးရှိ မြေကွက်လပ်တွင် လူနှစ်ယောက်က ဓားများကိုင်ကာ လှည့်ပတ်ရှာဖွေနေ၍ ဝူချင်းဖိန် ထိုသူနှစ်ဦးကို မှုန်ရီဝိုးတဝါးလရောင်ဖြင့် ထင်ရှားစွာ မြင်တွေ့နေရသည်။

တစ်ဦးကတော့ ဝူချင်းဖိန်ထင်သည့်အတိုင်းပင် သူဌေးကြီး လိုကျန်ဖုန်း၏လူယုံတော် စံအိမ်ကြီးကိုအုပ်ချုပ်နေသည့် အကြီးအကဲ အောသက်ပင်ဖြစ်လေသည်။

ကျန်တစ်ဦးမှာ အစေပါအင်္ကျီရှည်အနီရောင်နှင့် နဖူးတွင် အရောင်ပြာစ စည်းနှောင်ထားသောကြောင့်တာဟူး၊မြို့ဝန်ချုပ်ရင်ထန်၏ တပ်သားတစ်ဦးဖြစ်ကြောင်း သိလိုက်ရသည်။

'ဟာ အော့သက်ဆိုတဲ့လူဟာ ငါ့ကိုဘာလို့ဒီလိုမကောင်းကြံရတာပါလိမ့် စံအိမ်ထဲမှာတော့ သူဟာ ငါ့ကိုချီချီ ကူကူသာ ဆက်ဆံသွားပဲ'

ဝူချင်းဖိန်က စိတ်မချမ်းသာဖြင့် တွေးတောနေစဉ်မှာပင် သစ်ပင်အောက်ဘွင်ရှာနေသော လူနှစ်ဦး၏ စကားသံကထွက်ပေါ်လာသည်။

'ဒီနားမှာ မရှိရင်တော့ ဟိုဘက်လမ်းကနေ မြို့ထဲပြန်ဝင်သွားပြီထင်တယ်'

'အဲဒါ ဖြစ်နိုင်တာပေါ့'

အော့သက်၏စကားကို မြို့ဝန်၏တပ်သားက ထောက်ခံ၍ နှစ်ဦးသား သစ်ပင်အောက်မှ နောက်ကြောင်းသို့ပြန်လှည့်ထွက်သွားကြသည်၊ ထိုအခါတွင်မှ ဝူချင်းဖိန်မှာ သက်ပြင်းချနိုင်လေတော့သည်။

အခန်း (၉)

'သူတို့ ဘယ်သူတွေလဲဆိုတာ အစ်ကိုသိလိုက်လားဟင်'

သစ်ပင်အောက်သို့ ရောက်ပြီးတာမို့ ဘုန်းကြီးကျောင်းရှိရာသို့ လျှောက်လာရင်း ဝူချင်းဖိန်ကို မေချူးကမေးလိုက်သည်။

'တစ်ယောက်က သူဌေးကြီးရဲ့လူယုံတော်အော့သက်ပဲ ကျန်တစ်ယောက်က မြို့ဝန်ရဲ့ တာဝန်နဲ့လွှတ်လိုက်တဲ့ တပ်သားပဲ'

'ဟင် သူဌေးကြီးရဲ့လူယုံတော် အော့သက်ဟုတ်လား'

'ဟုတ်တယ် မေချူးရယ် သူက ဘာလို့များ ဒီလိုအကြံမျိုးကို ကြံရတယ်ဆိုတာ မသိနိုင်ဘူး၊ သူနဲ့အစ်ကိုနဲ့လဲ ရန်ညိုးရန်စမှ မရှိတာပဲကွယ်'

'ခစ်'

မေချူး၏ရယ်သံပေါ်လာသည်၊ မေချူး၏ရယ်သံကို ဝူချင်းဖိန်က နားမလည်ပေ။

'ဘာလို့ ရယ်တာလဲ မေချူး'

'အစ်ကိုရိုးတာအတာ တွေးမိလို့ပါ'

'အစ်ကိုက ဘာများရိုးလို့အလို့လဲ မေချူးရဲ့'

'အော့သက်က သူဌေးကြီးရဲ့ လူယုံတော် နံပါတ်တစ် မှတ်လား'

'ဟုတ်တယ်လေ'

'နံပါတ်နှစ်က လျှောင်ဖုန်းခမ်း မဟုတ်လား အစ်ကိုရဲ့'

'အင်း'

'အော့သက်ဟာ လျှောင်ဖုန်းခမ်းကိုတော့ သူဌေးကြီးက သူ့ထက် အဆင့်နိမ့်တဲ့ ရာထူးပဲ ပေးထားတယ်၊ ပြီးတော့သူဌေးကြီးရဲ့ ခရီးသွားလာရေး ကိစ္စတွေ စီစဉ်ဖို့သာသုံးတော့ ရိုးတဲ့အေးတဲ့ လျှောင်ဖုန်းခမ်းထက် အစ်ကို့ကို လူစိတ်မချ ဖြစ်နေတယ်၊ ပြီးတော့ သူဌေးကြီးလိုကျန်းဖုန်းက အစ်ကို့ကိုအားကိုးတာလဲ အော့သက်က သိနေတာကိုး တစ်ချိန်မှာ သူ့ရဲ့ဘဏ္ဍာစိုးရာထူးကို အစ်ကိုကယူမှာစိုးလို့ ကြိုတင်ပြီးရှင်းတော့တာ ဖြစ်မှာပေါ့'

'အင်း မေချူးဟာ အတော်တွေးတတ်တာပဲနော်၊ အစ်ကိုတော့ အဲဒီလို မတွေးမိဘူး ဒါဆိုရင်တော့ အော့သက်က အစ်ကို့ကို လုပ်ကြံတာကို မြို့ဝန်နဲ့ သူဌေးကြီးကို အစ်ကို သွားရှင်းပြရင်ရော'



'အစ်ကို ဘာအထောက်အထားပြမလဲ၊ ပြီးတော့အစ်ကို တံဆိပ်ပြားက သေတဲ့လူတွေရဲ့ အနားမှာတွေ့ရတာကိုရော အစ်ကိုဘယ်လိုရှင်းမလဲ ကဲ'

မေချူး၏အမေးကို ဝူချင်းဖိန် ပြန်၍မဖြေနိုင်ပေ။

'အဲဒီတော့မှ အစ်ကိုဟာ ကိုယ့်လည်ပင်းကိုယ် ကြိုးကွင်းစွပ်တဲ့သူဖြစ်ပြီးတော့ သေဒဏ် အပေးခံရဖို့ ကျိန်းသေ သွားလိမ့်မယ်'

မေချူး၏စကားကြောင့် ဝူချင်းဖိန်သည် သူ့လည်ပင်းကိုပင် သူယောင်ယမ်း၍ စမ်းသပ်လိုက်မိသည်။

ဤသို့ဖြင့် သူတို့နှစ်ဦးသည် တာမို့ ဘုန်းကြီးကျောင်းဝင်းထဲသို့ ဝင်ရောက်လာခဲ့ကြသည်၊ ကြေးဝါတံခါးကြီး၏ ခေါင်းလောင်းကို မေချူးက လှုပ်ရမ်းလိုက်လေသည်၊

တံခါးကိုစောင့်သော ဘုန်းကြီးက မျက်နှာမြင်သာရုံ 'အပေါက်ကလေးမှ ခေါင်းပေါ်လာသည်။

'အချိန်မရှိ အချိန်ရှိ ဘယ်သူတွေလဲ'

'တပည့်တော်မပါ'

'ဟင်မေချူးပါလား၊ ဟိုတစ်ရောက်ကရော ဘယ်သူ'

'မေချူးတို့ဆီကို လာလည်တဲ့ မေချူးရဲ့ အစ်ကိုဝမ်းကွဲပါဘုရား'

'အေး အချိန်မတော်မှ ဘာကိစ္စရှိလို့လဲဟဲ့'

'ဆရာတော်နဲ့ အရေးတကြီးတွေ့ချင်လို့ပါ'

'အေး ဆရာတော်ကြီးတော့ မအိပ်သေးဘူး ကျမ်းစာအုပ်တွေ ဖတ်နေတယ် လာဝင်ဝင်'

ကြေးဝါတံခါးကြီးကို ဖွင့်ပေးလိုက်၍ သူတို့နှစ်ဦး ဝင်လာကာ တံခါးစောင့်တာဝန်ကျသော ကိုယ်တော်ကိုထိုင်၍ ဦးချလိုက်သည်။

'ဘယ်သူလာမေးမေး တပည့်တော်မတို့နှစ်ဦး ဒီကျောင်းထဲဝင်လာတာကို မပြောပါနဲ့ဘုရား သိပ်အရေးကြီးလို့ပါ'

မချူးက တံခါးစောင့်သော ဘုန်းတော်ကြီးကို ကန်တော့ကာ တောင်းပန်လိုက်သည်။

'အေးအေး ဆရာတော်ကြီးကိုပါ လျှောက်ထားခဲ့ကြပေါ့'

# အခန်း (၁၀)

တာဟူးမြို့ဝန် ချူးရင်ထန်သည် ခန်းမကျယ်ကြီးထဲတွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသည်၊ သူ၏ရှေ့ကတ္တီပါအနီရောင်ထိုင်ခုံပေါ်တွင် ဝဝဖိုင့်ဖိုင့်ခန္ဓာကိုယ်ရှိ၍ နီညိုရောင်ကတ္တီပါဝတ်ရုံရှည်ကြီးကို ဝတ်ဆင်ထားပြီး ခေါင်းတွင်ပတ္တမြားပါသော ဦးထုပ်ရှည်ကိုစွပ်ထားသည့် သူဌေးကြီး လိုကျန်းဖုန်း ထိုင်နေသည်။

'ဒီကိစ္စ ကမလွယ်ဘူး သူဌေးကြီး၊ ဒါကြောင့် သူဌေးကြီးကို ဖိတ်ကြားတွေ့ဆုံရတာပါ'

လမ်းလျှောက်နေရာမှ ချူးရင်ထန်က သူဌေးကြီးရှေ့တွင် ရပ်ကာ ပြောလိုက်သည်။

'ဟုတ်ပါတယ်၊ ကျွန်တော်လဲ အဲဒီကိစ္စက ကျွန်တော့်ကို အမှုလိုက်လာမှာ စိုးရိမ်နေပါတယ်၊ ကျွန်တော့်လူတွေကိုလဲ ဝူချင်းဖိန်တို့ကို ရှာဖွေဖို့ လွှတ်ထားတာပါပဲ'

သူဌေးကြီး လိုကျန်းဖုန်းက ချူးရင်ထန့်ကို စိတ်ပျက်သံဖြင့် ပြောလိုက်သည်။

'နဂိုထည်းက သူတို့က ရန်ငြိုးရန်စရှိတော့ ထန်းဖိန်နဲ့ ကျောက်ဖုကို သူက အသေသတ်လိုက်တာ သေချာနိုင်ပါတယ်၊ ဘာလို့လဲဆို သူ့တံဆိပ်ပြားက ထန်းဖိတို့ကိုသတ်ရင်း ထွက်ကျခဲ့တာ ထင်ရှားနေတာကိုး'

လက်ထဲတွင် ကိုင်ထားသော သူဌေးကြီး၏ ငယ်သားများ ကိုင်ဆောင်လေ့ရှိသည့် အနီရောင်တံဆိပ်ပြား နံပါတ်သုံးကို ချူးရင်ထန်က ဖြန့်ပြလိုက်သည်။

'ကျွန်တော်တော့ ဒီကောင်လေးကို တော်တော် အံ့အားသင့်ပါတယ်၊ ရိုးရိုးသားသားနဲ့ သိုင်းပညာတော်တဲ့ ဝူချင်းဖိန်မှာ ဒီလောက် ရက်စက်တဲ့စိတ်မျိုးရှိတာ အံ့ဩလို့ မဆုံးဘူး'



'အင်း....အဲဒါ သူဌေးကြီးရဲ့ အပြစ်ပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ဘယ်မြို့ဘယ်ရွာကမှန်းမသိတဲ့ လူတစ်ယောက်ကို လွယ်လွယ်နဲ့ စံအိမ်ထဲမှာ ကိုယ်ရံတော် ခန့်တာကိုး'

မြို့ဝန် ချူးရင်ထန်က လိုကျန်းဖုန်းကို အပြစ်တင်စကား ပြောလိုက်သည်။

'ကျွန်တော်က သူ့အစွမ်းအစကို သဘောကျမိတာကလဲ တစ်ကြောင်း၊ ပြီးတော့ ကျွန်တော်နဲ့ရင်းနှီးတဲ့ အရပ်ဆိုင်က ကျူကျိရင်းကလဲ ထောက်ခံတာနဲ့ လူရိုးလူကောင်းပဲ ဆိုပြီး ကျွန်တော့်ကို စောင့်ရှောက်ဖို့ စံအိမ်မှာ နံပါတ်သုံးပေးပြီး ခန့်ထားခဲ့မိတာ အပြစ်တင်ရင်လဲ ခံရမှာပါပဲ'

သူဌေးကြီး၏ရှေ့ထိုင်ခုံတွင် ချူးရင်ထန်က ဝစ်ထိုင်ရင်း သူဌေးကြီး၏မျက်နှာကို စူးစိုက်ကြည့်လိုက်သည်။

'ကျူကျိရင်း ဟုတ်လား'

'ဟုတ်ပါတယ်၊ သူက ကျွန်တော့်ဆီက ငွေတွေချေးပြီး အရပ်ဆိုင်ဖွင့်ထားတဲ့သူလေ'

'ကျုပ်သိပါတယ် လိုကျန်းဖုန်းရယ်၊ ဒါနဲ့ သူတို့ရန်စက သူ့သမီး မေချူးနဲ့ ပတ်သက်တဲ့ကိစ္စ မဟုတ်လား'

'အင်း....ဒါကတော့ ကျွန်တော် သေချာမသိရပါဘူး'
လို ကျွန်းဖုန်းက သူ သေချာမသိသော ကိစ္စဖြစ်၍ ငြင်းဆို လိုက်၏။

'ကျုပ် စုံစမ်းခိုင်းပြီးပါပြီ၊ မေချူးနဲ့ ဝူချင်းဖိန်နဲ့က တော်တော်အဆင်ပြေနေပြီလို့ ကြားတယ်၊ ကျုပ် တစ်ခုအကြံ ရတယ်'

'ဘာများလဲ မြို့ဝန်ကြီးရဲ့'

'ဒီကျူကျိရင်းနဲ့ သူ့သမီးကို ခေါ်မေးကြည့်ရင် ဝူချင်း ဖိန်ရဲ့ဇစ်မြစ်နဲ့ သူသွားနိုင်တဲ့နေရာကို ကျုပ်တို့ သိရလိမ့်မယ် ထင်တယ်'

'အင်း....ဒီအကြံလဲ မဆိုးပါဘူး'

'ဒါဆို ကျုပ် ခုပဲ သူတို့သားအဖကို ခေါ်ခိုင်းလိုက်မယ် ဗျာ၊ ခင်ဗျားလဲရှိနေတော့ ပိုကောင်းတာပေါ့ မဟုတ်ဘူး လား'

'မြို့ဝန်ကြီး သင့်လျော်မယ်ထင်ရင်တော့ စီစဉ်ပါလေ'

မြို့ဝန်ကြီး ချူးရင်ထန်က လက်ခုပ်သုံးချက် တီးလိုက် သည်၊ သို့သော် ထိုအချိန်မှာပင် အခန်းဝသို့ ဝင်ရောက်လာ သော လူတစ်ဦးကြောင့် မြို့ဝန်ကြီး ထရပ်လိုက်သည်။



'အို....သုခမိန်ကြီးရဲ့အတိုင်ပင်ခံ ကုန်းစွန်းပါလား၊ သုခမိန် ကြီး ကြွလာပါသလား ခင်ဗျာ'

'ဟုတ်တယ် လွန်ခဲ့တဲ့အနှစ်နှစ်ဆယ်က ဓားပြမှုနဲ့ ပတ် သက်လို့ ခင်ဗျားကိုမေးမြန်းစရာရှိလို့ဆိုပြီး တာဟူးမြို့ကိုရောက် လာတာပါ'

ကုန်းစွန်း၏စကားကြောင့် ဝင်ရောက်လာသော သူ့တပ် တပ်သားအား နေရာပြင်ခိုင်းလိုက်၏။

မကြာမီ ခိုင်ဖုန်းတရားရုံးမှ သုခမိန်ကြီးသည် အခန်းတွင်း သို့ လှမ်းဝင်လာသည်။

'သုခမိန်ကြီးကို ဝမ်းမြောက်ဝမ်းသာ ကြိုဆိုပါတယ် ခင်ဗျာ'

'ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်'

သုခမိန်ကြီးက သူ့အတွက် ပြင်ဆင်ထားသော ကတ္တီပါ ထိုင်ခုံမြင့်ကြီးတွင် ဝင်၍ထိုင်လိုက်သည်။

တာဟူးမြို့ဝန် ချူးရင်ထန်က သုခမိန်ကြီးကို အရိုအသေပြု လိုက်၏။

'လာရင်းကိစ္စကို အမိန့်ရှိပါ သုခမိန်ကြီး'

'ကိစ္စကတော့ တခြား မဟုတ်ပါဘူး'

သုခမိန်ကြီးက စကားကို ခေတ္တရပ်နားလျက် သူဌေးကြီး လိုကျန်းဖုန်းကို တစ်ချက်ကြည့်ကာ အကဲခတ်လိုက်သည်။

တာဟူးမြို့ဝန် ချူးရင်ထန်သည် သုခမိန်ကြီးက သူစိမ်းတစ်ယောက်၏ရှေ့တွင် တရားစီရင်ရေးကိစ္စပြောရန် ဆိုင်းငံ့ထားကြောင်း အကဲခတ်မိ၍ သူဌေးကြီးကို နှုတ်ဆက်စကား ဆိုလိုက်သည်။

'ကဲ....သူဌေးကြီး လိုကျန်းဖုန်းရေ၊ အရေးတကြီးကိစ္စပေါ်လာလို့ ခိုင်ဖုန်းတရားရုံးက သုခမိန်ကြီးနဲ့ ဆွေးနွေးလိုက်ဦးမယ်၊ အရေးကိစ္စပေါ်ရင် အကြောင်းကြားပါနော်'

'ဟုတ်ကဲ့....ကျွန်တော့်ကို ပြန်ခွင့်ပြုပါ၊ သုခမိန်ကြီးကိုလည်း အရိုအသေပြု နှုတ်ဆက်ပါတယ်'

ခိုင်ဖုန်းတရားရုံးမှ သုခမိန်ကြီးက ပြုံး၍ ခေါင်းညိတ်ပြလိုက်သည်နှင့် လိုကျန်းဖုန်းမှာ လှည့်ထွက်သွားလေတော့သည်။

'အရေးကြီးတဲ့အမှု ဖြစ်ပေါ်နေလို့လား'

သုခမိန်ကြီးက သူဌေးကြီးထွက်သွားသည်နှင့် ချူးရင်ထန်တို့ မေးလိုက်သည်။



'လူနှစ်ယောက် အသတ်ခံရတဲ့ ကိစ္စပါ၊ တရားခံကလဲ ထွက်ပြေးနေတော့ ပတ်သက်တဲ့သူတွေ့ခါပြီး တွေ့နေတာပါ'

သုခမိန်ကြီးက ပြုံး၍ ခေါင်းညိတ်လိုက်သည်။

'ကျုပ်ဒီမြို့ထဲဝင်လာတော့ လမ်းဆုံလမ်းခွမှာ လူတွေပြောနေတာ ကြားရပါတယ်၊ ပန်းချီနဲ့ မျက်နှာဖုံးတု လုပ်တဲ့လူနှစ်ယောက် အသတ်ခံရတာဆို'

'ဟုတ်ပါတယ် သုခမိန်ကြီး'

'တရားခံကို လက်ပူးလက်ကြပ်မိလို့လား တာဟူးမြို့ဝန်ရဲ့'

'လက်ပူးလက်ကြပ်နီးပါးပါပဲ၊ သူဆောင်တဲ့ တံဆိပ်ပြားက သေဆုံးသူတွေရဲ့ အနားက တွေ့ရှိပါတယ်'

သုခမိန်ကြီးက မျက်မှောင်ကြုတ်လိုက်သည်။

'ကျုပ်ရဲ့ အတွေ့အကြုံအရတော့ တရားခံဟာ သူ့တို့ဖမ်းမိအောင် သူ့ရဲ့အမှတ်အသားကို တတ်နိုင်သမျှ အသတ်ခံရတဲ့ သူတွေရဲ့နားမှာ မကျန်ခဲ့စေချင်ဘူး'

သုခမိန်ကြီး၏မိန့်ကြားချက်ကြောင့် တာဟူးမြို့ဝန်မှာ မည်သို့မျှ ထင်မြင်ချက် မပြောကြားဘဲ ခေါင်းကို ငုံ့ထားလိုက်သည်။

'ကဲ....ထားပါတော့ ကျုပ် ရှိနေတုန်းမှာတော့ ဒီအမှုရဲ့ကူပြီးဆွေးနွေးကူညီပါ့မယ်၊ အခုပါက လွန်ခဲ့တဲ့အနှစ် နှစ်ဆယ်က ဖြတ်တိုက်လုယူသွားတဲ့ ဓားပြသုံးယောက်ကိစ္စ ပေါ်လာပြန်လို့'

'ဟုတ်ကဲ့၊ တာဟူးမြို့နားမှာ အတိုက်ခံခဲ့ရပြီး တရားခံတွေ ထွက်ပြေးလွတ်မြောက်နေတယ်ဆိုတဲ့ အမှုထင်ပါရဲ့'

'ဟုတ်ထာပေါ့ တာဟူးမြို့ဝန်၊ ခုတော့ တစ်ယောက်က သေဆုံးသွားပြီလို့ ကြားရတယ်၊ နှစ်ယောက်ကတော့ လွတ်မြောက်နေတယ်၊ တစ်ခြားမြို့ရွာတွေမှာလဲ စုံစမ်းခိုင်းပြီးပါပြီ၊ ပြောရမှာတော့ အားနာပါတယ်'

'ဟုတ်ကဲ့၊ မိန့်ကြားပါ သုခမိန်ကြီး'

'အဲဒီတုန်းက လုယက်ပြီး ရတနာတွေယူသွားတဲ့ တရားခံတွေထဲမှာ နောက်ဆုံးတစ်ဦးထဲဟနေ့ အရကြံသွားတယ်၊ အဲဒီလူက ဒီတာဟူးမြို့မှာပဲ ရှိနေလိမ့်မယ်လို့ ကျုပ်ခန့်မှန်းမိတယ်'

'ဗျာ....ကျွန်တော့်မြို့မှာဟုတ်လား သုခမိန်ကြီး'

'ဟုတ်ပါတယ် တာဟူးမြို့ဝန်၊ ဒါပေမယ့် လွတ်မြောက်နေတဲ့ သူနှစ်ယောက်မှာ တစ်ယောက်ကတော့ ပျောက်နေတယ်၊ တစ်ယောက်ကသေတယ်၊ တစ်ယောက်ကိုတော့ အခုခြေရာကောက်လို့ရကာစ ဆိုပါတော့'



သုခမိန်ကြီးက စကားကို ရပ်နားလိုက်သည်။

'တာဟူးမြို့က စည်လဲစည်ကား ပြောင်းရွှေ့လာတဲ့သူတွေကလဲများတော့ တော်တော်ကို သတိထားပြီး အုပ်ချုပ်နေရပါတယ် သုခမိန်ကြီး'

'ဒါပေါ့ ချူးရင်ထန်၊ ဘုရင့်အမှုတော်ကို ဘွဲ့တံဆိပ်ရမှထမ်းရတာဆိုတော့ အမှုတွေကို တရားနဲ့အညီ ဆုံးဖြတ်နိုင်မှတာဝန်ကျေပါလိမ့်မယ်၊ လူနှစ်ယောက် အသတ်ခံရတဲ့တရားခံကိုရော ဖမ်းလို့မိပါမလား'

ချူးရင်ထန်က သုခမိန်ကြီးကို လက်နှစ်ဖက်ဆုပ်ကာ အရိုအသေပြု၍ ခေါင်းငုံ့ရင်း....

'မိအောင်ဖမ်းဖို့ ကျွန်တော့်လူတွေကို လွှတ်ထားပါတယ်၊ ဝူချင်းဖိန်ဟာ သိပ် ဝေးဝေးကို ပြေးမှာတော့ မဟုတ်ပါဘူး၊ ဘာလို့လဲ ဆိုတော့ သူ့ကောင်မလေး မေချူးက တာဟူးဈေးထဲမှာရှိနေတာပဲ'

'သေသွားတဲ့ အထဲမှာပါတာ အဲဒီ မေချူးဆိုတဲ့ ကောင်မလေးနဲ့ ပတ်သက်တဲ့လူလား'

ချူရင်းထန်က ခေါင်းညိတ်လိုက်သည်။

'သေသွားတဲ့နှစ်ယောက်ထဲက ကျောင်းဖုဆိုတာက မေချူးရဲ့ အရင် ရည်းစားပါ၊ သူ့လက်ထဲကပဲ ဝူချင်းဖိန်က လုယူသွားတာပါပဲ'

သုခမိန်ကြီးက မှတ်ဆိတ်မွေးများကို သူ့လက်နှင့်ပွတ်ရင်း စဉ်းစားနေပြီး....

'ဖြစ်ရပ်က ပြောင်းပြန်ဖြစ်နေတယ်'

ဟု ပြော၏။

'ဘာကိုဆိုလိုတာလဲ သုခမိန်ကြီး'

'အသတ်ခံရတာက ကောင်မလေးရဲ့ အရင်က ချစ်သူ ဆိုတာ ပါတယ်ဆို'

'ဟုတ်ပါတယ်'

သုခမိန်ကြီးက ပြုံးလိုက်၏။

'ဖြစ်သင့်တာက ကောင်မလေးက နောက်တစ်ယောက်ကို တွဲလို့ သူ့အရင်ရည်းစားက အဲဒီလူကို လိုက်သတ်တာမျိုးက သဘာဝကျတယ်၊ အခုဝူချင်းဖိန်က နောက်မှတွေ့တဲ့လူ၊ ပြီးတော့ ကောင်မလေးရဲ့အချစ်ကို ရထားတဲ့သူ၊ သူက အရင်ရည်းစားကိုတော့ စိတ်ဆိုးမာန်ဆိုးနဲ့ သတ်ဖို့ဆိုတာဟုတ်မယ် မထင်ဘူး'

'သူတို့ချင်း ရန်ညိုးရန်စရှိပါတယ်'

ချူးရင်းထန်က သုခမိန်ကြီးကို ဈေးထဲ၌ ဝူချင်းဖိန်နှင့် ကျောင်းဖုဘို့ တိုက်ခိုက်ခဲ့ပုံကို ပြောပြသည်၊ သုခမိန်ကြီးက ငြိမ်သက်စွာ နားထောင်နေ၏၊ စကားဆုံးတော့မှ....

'အဲဒီဖြစ်ရပ်ကိုကြည့်ရင်လဲ ဝူချင်းဖိန်ဟာ ဒီနှစ်ယောက်ကို သတ်နိုင်သျှက်သားနဲ့ လူပုံရှေ့မှာအသေမသတ်ခဲ့တာ ထင်ရှားတာပဲ၊ သူက သဘောထားကြီးတဲ့ဖြစ်ရပ်မျိုး မဟုတ်လား'



'စဉ်းစားရင်တော့ အဲဒီလိုလို့ ထင်ရပါတယ်၊ ဒါပေမယ့် သူက ရန်ညိုးထားပြီးမှ တိတ်တဆိတ် သတ်တာမျိုးတော့ ဖြစ်နိုင်ပါတယ်'

သုခမိန်ကြီးက ခေါင်းခါလိုက်၏။

'မဖြစ်နိုင်ဘူး တာဟူးမြို့ဝန် ဒီလိုလူမျိုးကလဲ တိတ်တဆိတ် မသတ်နိုင်ဘူး၊ တိတ်တဆိတ်သတ်ရင်လဲ သူ့ကိုယ်ပိုင်တံဆိပ်ပြားကို ဒေ သူ့ရဲ့ ရင်ဘတ်ပေါ်မှာ မြင်သာအောင် ချမထားခဲ့ဘူး'

သူ့ခမိန်ကြီး၏ ချိန်ချိန်ဆဆပြောလိုက်သော စကားကြောင့် ချူရင်ထန်မှာ ညင်းဆိုစရာ စကားမရှိတော့ပေ။

'ဟုတ်ကဲ့ ကျွန်တော်ဒီအမှုကိုတော့ သေချာစုံစမ်း စစ်ဆေးပါမယ်'

'အေး ဝူချင်းဖိန်ကို လက်မလွှန်စေနဲ့ သူ့ကိုမိအောင်ဖမ်းပြီး စစ်ဆေးကြည့်ရင်တော့ အခြေအနေမှန်ကို သိနိုင်ပါလိမ့်မယ်'

သုခမိန်ကြီးက ထိုသို့ပြောပြီး ထရပ်လိုက်သည်း

'ကျွန်တော် သူ့ချစ်သူ မေချူးဆိုတဲ့ မိန်းကလေးကို ခေါ်ပြီးတော့ စစ်ဆေးကြည့်မလို့'

'မဆိုးပါဘူး ဒါပေမယ့် မေချူးနဲ့ ဝူချင်းဖိန်သာအဆက်အသွယ်ရှိရင် ကြိုပြီးသတိပေးလို့ အဝေးကို တွက်ပြေးနိုင်တာမျိုး ရှိနေမယ်၊ မေချူးပြန်ရင်တော့ သူ့နောက်ကိုနောက်ယောင်ခံပြီး လိုက်ဖို့မမေ့နဲ့'

'ဟုတ်ကဲ့'

'ဒီအမှုဟာ စိတ်ဝင်စားစရာ ကောင်းတယ်၊ ကျုပ်လိုက် စုံစမ်းစစ်ဆေးနေရတဲ့ အနှစ်နှစ်ဆယ်က စားပြမှုနဲ့တောင် ဆက်နွယ်နေနိုင်တယ်၊ ကျုပ်ဒီမှာရှိတုန်း အမှုကို စစ်ဖြစ်ရင် ကောင်းမှာပဲ'

'သုခမိန်ကြီးရဲ့ဆန္ဒ ပြည့်ဝလိမ့်မယ်လို့ ကျွန်တော် ထင်ပါတယ်'

အခန်း (၁၁)

တာဟူးမြို့တွင်ရှိတောင်ကုန်းတစ်ခုပေါ်တွင်သလင်းကျောက်များဖြင့် အတုံးလိုက်ဆင့်ကာ ဆောက်လုပ်ထားသည့်လင်းလက်တောက်ပနေသော စံအိမ်ကြီးတစ်လုံးရှိ၏။

ထိုစံအိမ်ကြီး၏ ခေါင်မိုးများသည် အရပ်လေးမျက်နှာသို့ မြင်နိုင်သော မျှော်စင်များဖြင့်တည်ဆောက်ထား၏၊ ထို့ကြောင့် အဝေးမှကြည့်လျှင် မိုးကောင်းကင်ပေါ်သို့ အလုအယက် ခုန်တက်နေသော လှပသည့် အမိုးမျှဉ်များမှာ စီစီရီရီ တွေ့မြင်ကြရ၏။

တာဟူးမြို့သူမြို့သားများက ထိုသလင်းကျောက် စံအိမ်ကြီး ကို 'မိုးမျှော်စံအိမ်' ဟု အမည်ပေးထားကြသည်၊ မိုးမျှော်စံအိမ် ၏ အကြီးအကဲမှာ မာကျောက်ယီဖြစ်၍ မျက်နှာထားတင်းမာ လှသည်။

မာကျောက်ယီသည် အလွန်မလွဲသာမှသာ မြင်းတစ်စီးဖြင့် မြို့ထဲသို့ ထွက်လာတတ်ပြီး အကြောင်းမရှိပါက သူ၏ စံအိမ် ထဲတွင် တိတ်တိတ်ဆိတ်ဆိတ် နေလေ့ရှိသည်။

မာကျောက်ယီတွင် မာလေ့ရန်ဟူသော သားတစ်ယောက် ရှိ၏၊ မာလေ့ရန်မှာ ငယ်စဉ်ကတည်းက ခေါင်းတွင် ဒဏ်ရာရ ရှိခဲ့သောကြောင့် စိတ်ကမမှန်တစ်ဝက် မှန်တစ်ဝက် ဖြစ်နေ သည်။

မာလေ့ရန်သည် စိတ်ကောင်းဝင်သည့်အခါတွင် အနေအ ထိုင် အသွားအလာ မှန်ကန်သော်လည်း စိတ်ရူးပေါက်သည့် အခါတွင် အော်ချင်သလိုအော် ဟစ်ချင်သလိုဟစ်သည်။

လူလယ်ခေါင်၌ ကချင်လျှင်က၍ တစ်ဦးတည်း စကားပြော ချင်လည်း ပြောတတ်သည်။ အဆိုးဆုံးမှာ သတိလက်လွတ်ပြေး လွားကာ ကိုယ်ပေါ်မှ အဝတ်အစားများကို ချွတ်ချတတ်ခြင်း ပင်ဖြစ်၏။



မာကျောက်ယီနှင့် ဇနီးဖြစ်သူ ချင်ကွေ့ရင်တို့မှာ သူတို့၏ သားကလေးကို အလွန်ချစ်၍ ဂရုလည်း စိုက်ကြ လေသည်၊ မိုးမျှော်စံအိမ်၌ အစောင့်အရှောက် အစေအပါးများကိုလည်း လိုလေသေးမရှိ ထားထား၏။

'အားရှောင်'သည် မိုးမျှော်စံအိမ်၏ ဥယျာဉ်မှူးကြီး ဖြစ်၍ မိုးမျှော်စံအိမ် အကြောင်း အားလုံးသိရှိသူဟု ဆိုကလည်း မမှားပေ။

မိုးမျှော်စံအိမ်၌ အလွန်သနားစရာကောင်းသော မိန်းမ ချောလေး 'ယွင်ဖေးချူ'လည်း ရှိလေသည်၊ ယွင်ဖေးချူမှာ အသက်ငယ်ရွယ် နုနယ်သလောက် လိမ်မာယဉ်ကျေးသူ ဖြစ်၏။ ယွင်ဖေးချူသည် မာကျောက်ယီ၏ မွေးစားသမီးဟုအချို့က ဆိုကြပြီး အမျိုးကမူ အိမ်တွင် ခိုင်းစေရန်ထားသည့် အစေခံ မလေးဟုလည်း ဆိုကြသည်။

ဥယျာဉ်မှူးကြီးအားရှောင်သည် ပန်းပင်များကြားရှိ ပေါင်း မြက်များကို ရှင်းလင်းပြီး ခြံထောင့် ရေတွင်းထဲမှ ရေများကို ခပ်ကာ သစ်ပင်များကို ရေလောင်းနေသည်။

ထိုအချိန်တွင် အဖြူရောင်ဝတ်စုံ ဝတ်ဆင်ထားသော မိန်းမ ချောလေး ယွင်ဖေးချူသည် မိုးမျှော်စံအိမ်ကြီး၏ နောက်ဘက် ကျောက်ဖြူလှေကားထစ်များပေါ်မှ ဆင်းလာ၏။

ခြံထဲသို့ ဆင်းလိုက်ပြီး ဥယျာဉ်ထဲတွင် ဟိုဟိုသည်သည်အား လှည့်ပတ်ရှာဖွေလိုက်သည်။

'ဦးလေးရှောင်'

ပန်းပင်များကို ရေခပ်လောင်းနေသော အားရှောင်ကိုလှမ်းခေါ်လိုက်၏၊ မိုးရမျှော်စံအိမ်တွင် ယွင်ဖေးချူသည် အားရှောင်ကို ချစ်ခင်ဆုံးဖြစ်သည်၊ တစ်အိမ်လုံးကဲ မျက်နှာသာ မပေးသော ယွင်ဖေးချူကို အားရှောင်က ကရုဏာသက်၍ သမီးရင်းလေးလို ဆက်ဆံတတ်သည်။

'ဟောသမီး အစားအသောက်တွေ ချက်ပြုတ်ပြီးပြီ ထင်တယ်'

'ဟုတ်တယ်လေ ဦးလေးရှောင်ရဲ့၊ ဒီအချိန်ဆို သမီး လာနေကျပဲဟာ'

'ဒီနေ့ ဧည့်သည်တွေ လာမယ်ဆို၊ တော်ကြာ ချက်စရာတွေမပြီးလို့ သမီးကို ချင်လွေ့ရန်က ရိုက်နေပါဦးမယ်ကွယ်'

'သိုင်းကွက်တစ်ကွက်ငင်ပြီးရင် သွားပြီး ပြန်ချက်ပါ့မယ် ဦးလေးရှောင်ရယ်'



'သမီးဒုက္ခရောက်မှာစိုးလို့ပါကွယ်၊ ဒါဆို မနေ့က သင်ပေးခဲ့တဲ့ ကျားလက်ဝါးဒေါးသိုင်းကွက်ထဲက ကျားလက်သည်းထုတ် သိုင်းကွက်ကို ဦးလေးတက်ပေးမယ် မြန်မြန်လုပ်'

အားရှောင်သည် ရေပုန်းကိုချကာသစ်ပင်အုပ်များအောက်၌ သိုင်းကွက်ကို ပြသသည်၊ ယွင်ဖေးချူသည် တောက်ပသော မျက်လုံးများနှင့်ကြည့်နေပြီး တစ်ခဏအတွင်း အားရှောင်ပြသည့် ကျားလက်သည်းထုတ်သိုင်းကွက်ကို တစ်ထပ်တည်းကျအောင် လေ့ကျင့်လေသည်။

အားရှောင်သည် ယွင်ဖေးချူသိုင်းကစားနေသည်ကို ကြည့်ရင်း ခေါင်းညိတ်နေသည်။

'အင်းအဖေတူ သမီးလေးပဲ၊ သိပ်ဉာဏ်ကောင်းတယ်၊ သူ့အဖေသာသိရင်တော့ သိပ်ကိုချစ်ရှာမှာပဲ၊ ချူးထန်ကျင်း ခုဆို သူလဲ သူ့သမီးစိတ်နဲ့ သေလောက်ပြီထင်ပါရဲ့'

အားရှောင်က တစ်ကိုယ်တည်း သစ်ပင်ကို ကျောမှီကာ ညည်းတွားနေသည်ကို သိုင်းကွက် လေ့ကျင့်နေရာမှ သစ်ပင်နောက်သို့ ကပ်ကာ နားထောင်လိုက်သော ယွင်ဖေးချူးက ကြားသွားလေသည်၊ ချက်ချင်း သိုင်းကွက် လေ့ကျင့်မှုကို ရပ်ကာ အားရှောင်ရှိရာသို့ ပြေးလာသည်။

အားရှောင်၏ ဘေးတွင် ယွင်ဖေးချူက ပုံ့ပုံ့လေး ထိုင်လိုက်သည်။

'ဦးလေးရှောင်'

'ဘာလဲသမီး'

'ကျွန်မရဲ့ မိဘတွေက ဘယ်သူတွေသဲဟင်'

'အို....'

မဆီမဆိုင်သူ့ မျက်နှာအား စေ့စေ့စပ်စပ်ကြည့်ကာ မေးလိုက်သော ယွင်ဖေးချူး၏ မေးခွန်းကြောင့် အားရှောင် အံ့အားသင့်သွား၏။

'ဦးလေး မသိပါဘူးကွယ်'

အားရှောင်က မျက်နှာထားကိုပြင်ကာ ဖိုးကွယ်လိုက်၏၊ ယွင်ဖေးချူးက ငိုမဲ့မဲ့ မျက်နှာလေးဖြင့် အားရှောင်၏ လက်မောင်းကို ဖက်လိုက်သည်။

ဦးလေးရှောင် သိကိုသိရမယ်'

'သိပါဘူးဆိုမှ သမီးရယ်'



'အဟင့်ဟင့်....ဦးလေးရှောင်ညာပြောတာ၊ သမီးကို မဖြေချင်လို့ စောစောက သမီးကြားပြီးပြီ'

'ဘာကြားပြီးတာလဲ'

'အဖေတူသမီးလေးပဲဆိုတာလေ'

'အေး....အဲဒါ ဘာဖြစ်လဲ'

'သမီးအဖေက ဘယ်သူလဲ၊ သမီးက ဘယ်သူနဲ့ တူတာလဲ၊ ပြော ပြောလေ'

အားရှောင်၏ ညာလက်မောင်းကို လက်နှစ်ဖက်နှင့် ဆုပ်ကိုင် လှုပ်ယမ်းကာ ယွင်ဖေးချူးက မေးမြန်းလိုက်ပြန်သည်။

ယွင်ဖေးချူးက သူတစ်ယောက်ပဲ ရေရွတ်မိသည့်စကားကို ခိုး၍နားထောင်ကာ ကြားသိသွားပြီဆိုခြင်းကို အားရှောင် ရိပ်မိလိုက်သည်၊ သို့သော် ထိုအကြောင်းအရာများကို အားရှောင်သည် ထုတ်ဖော်ပြောကြား၍ မဖြစ်နိုင်ပေ။

အားရှောင်က ယွင်ဖေးချူး၏ ဘဝမှန်ကို ပြောပြပါက မာကျောက်ယိတ အားရှောင်ကို အသက်ချမ်းသာ ပေးလိမ့်မည် မဟုတ်ပါချေ။

'သမီးယွင်'
'ရှင်'

'ဦးလေးရှောင်ကို အသက်ရှင်တာ မြင်ချင်လား၊ သေတာ မြင်ချင်လား ပြောစမ်း'

'အို....ဦးလေးရှောင်ကို တစ်အိမ်လုံးမှာ သမီးက အချစ်ဆုံး၊ ဦးလေးရှောင် အသက်ရှင်တာပဲ မြင်ချင်တာပေါ့'

'ဒါဆိုရင် ပြီးရော၊ သမီး မိဘတွေအကြောင်းကို ဦးလေးရှောင်ကို မမေးနဲ့တော့'

'အို....သမီး သိချင်လို့ မေးတာပါ၊ သမီးငယ်ငယ်ကတည်းက ဒီအိမ်မှာ ကျွန်မတစ်ယောက်လို ဘာလို့ ဖြစ်နေရတာလဲ၊ သမီး မိဘတွေက သမီးကို ရောင်းစားသွားလို့ လားဟင်'

မျက်ရည်ဝဲသော မျက်လုံးများဖြင့် အားရှောင်က ခေါင်းခါလိုက်သည်။

'မဟုတ်ဘူး သမီး၊ သမီးရဲ့မိဘတွေက သမီးကို ဒီလို ဘယ်တော့မှ လုပ်မှာ မဟုတ်ပါဘူးကွယ်'
'ဒါဆို ဘာဖြစ်လို့ သမီးက ဒီအိမ်ကို ရောက်လာရတာလဲ၊ သမီးငယ်ငယ်လေးတည်းက ဘာလို့ ဒေါ်လေး ချင်လွှေ့ရင်ရဲ့ အစေခံဖြစ်နေရတာလဲ'



'သူတို့က သမီးကို မွေးစားထားတာပဲကွယ်'

'ဟင့်အင်း....မွေးစားထားတာကလဲသမီးရင်းတစ်ယောက်လိုမှ မဟုတ်ဘဲ၊ ရိုက်လိုက် ဆူလိုက် ဆဲလိုက်နဲ့၊ ပြီးတော့ အိမ်အလုပ်တွေ အကုန်လုပ်နေရတာပဲ၊ ဟင့် ဟင့် ဟင့်'

'ကဲ....သမီး သွားတော့၊ ဟင်းချက်စရာတွေ ရှိသေးတယ် မဟုတ်လား၊ သိုင်းကွက်အသစ်တွေလဲ တတ်ပြီးပြီ'

'ဦးလေးရှောင်'

မျက်ရည်များကိုသုတ်ရင်း မတ်တတ်ထရင်ကာ ယွင်ဖေးချူးက ခေါ်လိုက်ပြန်သည်။

'ဘာလဲ သမီး'

'ဦးလေးရှောင်က သမီးရဲ့မိဘတွေအကြောင်းကို သိတယ်၊ ဒါပေမယ့် ဦးလေးမာကျောယိက ဦးလေးရှောင်ကို သတ်မှာစိုးလို့ ပြောမပြရဲဘူး၊ ဟုတ်တယ်မဟုတ်လား၊ အဲဒီတော့ သမီး ကတိပေးမယ်၊ သမီးမိဘတွေအကြောင်းကို သမီးကို ပြောပြ၊ သမီးက ဘယ်သူမှမသိအောင် တိတ်တိတ်လေးနေမယ်'

'မဖြစ်နိုင်ပါဘူးကွယ်'

အားရှောင်က ခေါင်းခါယမ်း ငြင်းဆိုလိုက်သည်။

'ကဲ....ဟုတ်ပြီ၊ ဒါဆို ဦးလေးရှောင် မပြောပြရင်နေ၊ တစ်နေ့နေ့မှာတော့ ပြောပြပါမယ်လို့ ကတိပေးနော်'

'အေးပါကွယ်'

အားရှောင်က မြန်မြန်စကားဖြတ်နိုင်ရန် ခေါင်းညိတ်လိုက်ရသည်၊ အဘယ်ကြောင့်ဆိုသော် စံအိမ်နောက်ဖေးပေါက်ဝမှ ချင်လွေ့ရင်၏ မျက်နှာကြီးကို မြင်လိုက်ရ၍ ဖြစ်သည်။

'ယွင်ဖေးချူ....ဟဲ့ ယွင်ဖေးချူ'

'ရှင်'

'လာခဲ့စမ်း ကောင်မ၊ ဒီမှာ ဟင်းအိုးတွေ တည်စရာရှိသေးတာ မလုပ်ဘဲ ဘာအလေလိုက်နေရတာလဲ'

'လာပါပြီ ဒေါ်လေး'

ယွင်ဖေးချူး ပြေးသွားသည်၊ နောက်ဖေးတံခါးဝတွင် စောင့်နေသော ချင်လွေ့ရင်က ယွင်ဖေးချူး တံခါးပေါက်သို့ ငုံ့ဝင်လိုက်စဉ် ကျောပြင်ကို ပြောတင်လိုက်သည်။



'ကဲ....လုပ်စရာရှိတာ မလုပ်ဘဲ အချိန်ဆွဲချင်ဦး'၊

'ဖြန်း'!

'ဖြန်း'

'အမယ်လေး'

အားရှိသမျှ လွှဲ၍ရိုက်လိုက်သော ရိုက်ချက်ကြောင့် ကျောကော့ကာ မီးဖိုထဲတွင် လဲကျသွား၏၊ အိမ်ထဲမှ မီးဖိုဘက်သို့ ထွက်လာသော မာကျောက်ယိက ယွင်ဖေးချူးကို ချင်လွေ့ရင်က တအားရိုက်ချက်ကိုက်၍ လဲကျသွားသည်ကို တွေ့မြင်ရသည်။

'ချင်လွေ့ရင် မင်း ဒါဘယ်လိုသပ်လိုက်တာလဲ'

'လုပ်စရာရှိတာ မလုပ်ဘဲ ခြံထဲသွားပြီး ထိုင်နေလို့'

'မင်းကွာ ဒီကလေးမလေးပဲ မီးဖိုထဲကအလုပ်တွေ အကုန်လုပ်နေတဲ့ဟာ၊ ဒီလိုမလုပ်ပါနဲ့၊ ထ သမီး၊ ကဲ မင်း တခြားကောင်မလေးတွေ ချက်ခိုင်း၊ ယွင်ဖေးချူးကို ဒီနေ့ကစပြီး ထမင်းဟင်း ချက်မခိုင်းနဲ့တော့'

မာကျောက်ယိသည် မီးဖိုထဲသို့ ဆင်းလာသည်၊ မှောက်လျက် ရှိုက်ငိုနေသော ယွင်ဖေးချူးကို ပခုံးလေးအား ဆုပ်ကိုင်ကာ ထူပေးလိုက်သည်။

'ထစမ်း သမီး၊ သွား သမီး နားတော့'

မျက်ရည်များကို လက်ခုံနှင့်သုတ်ကာ ယွင်ဖေးချူးသည် အိမ်ပေါ်သို့ တက်၍ သူမအခန်းထဲသို့ ဝင်ပြေးသွားလေသည်။

'ချင်လွေ့ရင် မင်းဒီကလေးမလေးကို ကောင်းကောင်းမွေးပါကွာ သူကလိမ်မာပါတယ်'

'အိုရှင် မိန်းကလေးဆိုတာ အိမ်မှုကိစ္စတော့ လုပ်ရမှာပေါ့ အမြဲတန်းခိုင်းနေတာ ခုမှရှင်ကဲ ဘာလို့ဝင်ပြီး တားရတာလဲ'

'အကြောင်းရှိလို့ပေါ့ကွ'

'ဘာအကြောင်းလဲ'

မာကျောက်ယိက ချင်လွေ့ရင် နားနားသို့ တိုးတိုးကပ်ကာ ပြောလိုက်သည်၊ မာကျောက်ယိ၏စကားကြောင့် ချင်လွေ့ရင်မှာ ပြုံးသွားသည်။

'ရှင်ဟာ တော်တော်အကြံပိုင်တာပဲ ရှင့်သားကရော သူ့ကို ကြိုက်လို့လား'

'ဒီကောင် ယွင်ဖေးချူးကို ချောင်းချောင်း ကြည့်နေတာကြာပါပြီကွာ၊ ငါသိတာပေါ့ တို့မျက်စေ့ရှေ့မှာဆိုတော့သူ့ကိုထိန်းနိုင်တာပေါ့ တခြားမိန်းကလေးနဲ့ဆိုရင် မင်းရဲ့သားလို စိတ္တဇဝေဒနာရှင်ကို သည်းခံပြီး ပေါင်းမတွဲ့လား'

'ဟင် ကောင်မလေးက မာကျောကျောလေးနော်'



'အော် မင်းနှယ် ငါ့စည်းစိမ်မှန်သမျှ တစ်ဦးတည်းသောသားဖြစ်တဲ့ မာလွေ့ရင် အကုန်ရမယ်ဆိုတာ သူသိမှာပါ၊ ပြီးတော့ သူလဲအစေအပါးလိုမနေရဘဲ အရှင်သခင်လို နေရမှာဆိုတော့ အဆင်ပြေမှာပါ'

## အခန်း (၁၂)

'ဘာဖြစ်လို့လဲမသိဘူး ဦးလေးရှောင်ရေ၊ ခုတော့သမီးတစ်ယောက်လို ကောင်းကောင်းထားတယ်၊ ဟင်းချက်စရာတွေလဲ မချက်ရတော့ဘူး'

ပန်းပင်တစ်ပင်ကို မြေဖွကာ စိုက်နေသည့် အားရှောင်နားတွင်ထိုင်ကာ ယွင်ဖေးချူးက ပြုံးပြုံးလေး ပြောပြလိုက်လေသည်၊ သစ်ပင်ကို မြေဆွေးများပုံပြီး အားရှောင်က ထရပ်လိုက်သည်။

နဖူးမှ ချွေးများကိုသုတ်၍ သက်ပြင်းတစ်ချက်ကို ဟင်းကနဲ ချလိုက်၏။



'ဦးလေးရှောင်'

'ဘာလဲ'

'သမီးပြောတာ ကြားရဲ့လား'

'ကြားသားပဲ'

'ကြားရင် ဦးလေးရှောင်က ဘာလို့မျက်နှာကြီးမပြုံးမရယ်ဖြစ်နေတာလဲ'

'မရယ်ချင်လို့ပေါ့ သမီးက ဘာမှမသိဘူး'

'ဘာသိရမှာလဲ'

'အခုသမီးကို အဝတ်အစားအသစ်တွေလဲ ဝယ်ပေးတယ် အိမ်အလုပ်တွေလဲ မလုပ်ခိုင်းတော့ဘူး၊ ပြီးတော့သမီးကိုခြံထဲမှာလဲ လမ်းလျှောက်ခွင့် သွားလာခွင့် ပေးထားတယ်၊ ဟုတ်တယ်မဟုတ်သား'

'အဲဒါမကောင်းဘူးလား ဦးလေးရှောင်ရယ်'

'အင်း ဒါတော့ ကောင်းတယ်လဲ ပြောလို့ရ၊ မကောင်းဘူးလဲ ပြောလို့ရတာပေါ့'

ယွင်ဖေးချူးက မျက်လုံးလေးများ ဝိုင်းသွားသည်။

'ဟင် ဦးလေးရှောင်ရဲ့ စကားကြီးကလဲ ကော်င်းရင်းလဲ ကောင်းတယ်ပြောပေါ့၊ ယွင်ဖေးချူးတော့ ဒီလိုနေရတာသိပ် ပျော်တာပဲ ဒါကြောင့် ဦးလေးမာကျောက်ယိနဲ့ ဒေါ်လေး ချင်လွေ့ရင်ကို ကန်တော့ပြီးအိပ်တယ်၊ အရင်က ငယ်သေးလို့ လုပ်တတ်ကိုင်တတ်ရှိအောင် ခိုင်းတာတဲ့ အခုတော့ အပျိုဖြစ် လာလို့ မခိုင်းတော့ဘူးတဲ့'

'အင်း အဲဒါပဲပေါ့ မခိုင်းတဲ့ အဓိပ္ပာယ်က'

မျက်မှောင်ကျုံ့ကာ စိတ်ပျက်သံဖြင့် ပြောလိုက် သည်ကို ယွင်ဖေးချူးက နှုတ်ခမ်းစူလိုက်၏။

'တော်သေးတာပေါ့နော် ယွင်ဖေးက အပျိုဖြစ်လာလို့ နို့မို့ဆို ဒေါ်လေးက အိမ်အလုပ်တွေ မနားမနေ ခိုင်းဦးမှာ သိလား'

'အိမ်အလုပ်တွေ လုပ်နေရတာက ကောင်းဦးမှာပေါ့ကွ... ဟိုကောင်အရူးနဲ့ လက်ထပ်ရတာ ဘယ်ကောင်းနိုင်ပါ့မလဲ'

'ဟင် ဦးလေးဘာပြောတာလဲ'

'သမီးက ဉာဏ်ကောင်းပေမယ့် ဒီတစ်ချက်တော့သမီးသတိ လစ်သွားပြီ'



လက်ဝါးတွင် ပေနေသော မြေမှုန့်များကို ဖွတ်သပ်ခါချ ရင်း ထရပ်ကာ ပြောလိုက်သော အားရှောင်၏ စကားကြောင့် ယွင်ဖေးချူး မျက်မှောင်ကျုံ့ကာ စဉ်းစားသည်။

'နေဦး ဦးလေးရှောင်စကားဟာ အဓိပ္ပာယ် ရှိတယ်၊ သမီးသိပြီ သိပြီ သူတို့သား ဦးနှောက်မကောင်းတဲ့ မာလွေ့ ရန်နဲ့ သမီးကို လက်ထပ်ပေးဖို့ ရည်ရွယ်ထားတာလား'

'အဲဒါပဲ့ပေါ့ သမီးရဲ့'

ယွင်ဖေးချူးက လက်ပိုက်ကာ အောက်နှုတ်ခမ်းကို ကိုက်ရင် အကြံထုတ်နေသည်။

'ကဲ သမီး အဲဒီပြဿနာကို ဘယ်လိုလုပ်မလဲ၊ သိုင်းကွက် တစ်ကွက်မှာ တိုက်ကွက်ရှိသလို ဟာကွက်လဲရှိတယ် မဟုတ် လား ဦးလေးရဲ့ တိုက်ကွက်တွေကို သမီးဉာဏ်နဲ့ စတင်ခုခံနိုင် သေးတာပဲ'

'ဟင့် အင်း ဒီတစ်ခါတော့ သမီးဒုက္ခပဲ အဟင့်ဟင့် အဲဒီ လိုသာဆိုရင်တော့ သမီးက ကိုယ့်ကိုယ်ကို သတ်သေလိုက် မှာပဲ'

ယွင်ဖေးချူးက ငိုသံလေးနှင့် ပြောလိုက်သည်။

'ဒါက သမီးဘဝကို အရှုံးပေးတာပဲ အညံ့ခံတာပဲ'

'အို ဦးလေးရှောင်ရယ်၊ မာလေ့ ရန်နဲ့ သမီးလက်ထပ်ရရင် သေတာထက် ဆိုးမှာပေါ့'

'လက်မထပ်နိုင်တဲ့ နည်းလမ်းကိုရှာပေါ့'

'သမီးကငြင်းဆိုတော့ရော သူတို့ကလက်ခံမှာလား အခုမှ သမီးသဘောပေါက်တယ်၊ ဒီရည်ရွယ်ချက်ရှိလို့သမီးကိုယုယုယယ အမူအရာတွေ ပြောင်းလာတာကိုး သမီးဘဝတော့ ဒုက္ခပါပဲ ဦးလေးရှောင်ရယ် ကယ်ပါဦး'

ယွင်ဖေးချူက အားရှောင်ကို ဖက်ရင်း ပြောလိုက်သည်။

'လူ့ဘဝဆိုတာ ဒီလိုပဲသမီး မဖြစ်ချင်တာတွေလဲဖြစ်ရတာ ပေါ့ အဲ့ဒီလို ဖြစ်တဲ့အခါ ကိုယ်က ကိုယ်ဖြစ်ချင်တာတွေ ဖြစ်ရအောင်ခုခံရတယ်၊ တွန်းလှန်ရတယ်၊ စွန့်စားရတယ်သမီး'

အားရှောင်က ယွင်ဖေးချူ၏ ကျောပြင်ကိုပွတ်ကာ ချော့မော့ဖျောင်းဖျနေသည်၊ ယွင်ဖေးချူက မျက်ရည်များကို သုတ်ကာ အားရှောင်၏ ရင်ခွင်ထဲမှ ခေါင်းကိုခွာလိုက်သည်။

'သမီးလုပ်နိုင်တာ နှစ်ခုရှိတယ်၊ ဦးလေးရှောင်'

'ပြောပါဦး'

'တစ်ခုကကိုယ့်ကိုယ်ကို သတ်သေဖို့နောက်တစ်ခုကဒီမိုးမျှော်စံအိမ်ကနေ ထွက်ပြေးဖို့'



အားရှောင်က ခေါင်းညိတ်လိုက်သည်၊

'ဒါဆို ဒုတိယ နည်းလမ်းကို သမီးရွေးတာ အမှန်ဆုံးဖြစ်မှာပေါ့'

'ဦးလေးရှောင် ဒီလိုပြောလိမ့်မယ်လို့ သမီးထင်သားပဲ၊ ဒါပေမယ့် အဲဒီနည်းလမ်းကို ဦးလေးရှောင်ဆီက ကတိရမှ ပြောမယ်'

'ဘာကတိလဲသမီး'

'သမီးအဖေနဲ့ အမေဟာ ဘယ်သူလဲ၊ သူတို့ဘယ်မှာ နေလဲဆိုတာ ပြောပြ'

'ဘာဆိုင်လို့လဲ'

'ဆိုင်တာပေါ့ ဦးလေးရှောင် သမီးအဖေနဲ့ အမေကိုသမီးလိုက်ရှာမှာပေါ့'

'မဖြစ်နိုင်တာကွယ်'

'သမီးဒီအိမ်က ထွက်ပြေးရင် ရည်ရွယ်ချက် တစ်ခုတော့ရှိရတာပေါ့ မဟုတ်ဘူးလား'

'သမီးအဖေက အသက်ရှိဦးမှာပေါ့'

'ဟင် ဦးလေးရှောင် အဖေက အသက်ရှိဦးမှာဆိုတော့သမီးအမေဟာရော'

'မရှိတော့ဘူး'

'အော်'၊

တစ်စထက်တစ်စ အားရှောင်မှာ သူလျှို့ဝှက်ထားရမည့်ကိစ္စကို ယွင်ဖေးချူးကို ပြောမှန်းမသိထုတ်ဖော်ပြောနေမိပြီဆိုခြင်းကို သတိရသွား၏။

'အင်း... ဦးလေးရှောင် ထပ်ပြောမိပြန်ပြီ၊ ကဲ ထပ်မမေးပါနဲ့တော့ သမီးရယ်၊ ဒါတွေသိရင် သမီးရော ဦးလေးရှောင်ပါ အသက်အန္တရာယ်ရှိပါတယ်ကွယ်၊ ဒီနေ့ညနေ သူဌေးကြီးလိုကျန်းဖုန်း အလည်လာမယ်ဆို'

'သူ ဟာသူလာတာ ဘာဖြစ်လဲ ဦးလေးရှောင်ရဲ့၊ သမီးအဖေ ဘယ်ရောက်နေလဲ၊ ဘယ်သူလဲဆိုတာပြော'

အားရှောင်က ခေါင်းခါလိုက်သည်။

'ခုတော့ မပြောသေးဘူးကွယ်၊ သမီး ဦးလေးရှောင်ကို စိတ်ဆိုးချင်ဆိုး'

အားရှောင်က ခေါင်းမာနေ၍ ယွင်ဖေးချူးမှာ သူမ သိလိုသော စကားကို ဆက်မေးရခက်သွားသည်၊ ဇွတ်တရွတ်မေးလျှင်လည်း မပြောဘဲနေမည်ကို စိုးရိမ်ရသည်၊ သူမသည် ဦးလေးရှောင်ကို မိဘအရင်းကဲ့သို့ လေးစားချစ်ခင်သူဖြစ်၍ ပြန်ချော့လိုက်သည်။

'သမီးက စိတ်မဆိုးပါဘူး ဦးလေးရှောင်ရယ်၊ ဦးလေးရှောင်က သမီးပေါ်မှာ စိတ်ကောင်းစေတနာ အမြဲတမ်းရှိတာပဲ၊ ဘယ်တော့ပြောပြမှာလဲ၊ ကဲ'

'သမီး ဒီအိမ်က ထွက်ပြေးတော့မယ့် နေ့ကျရင် ပြောပြမယ်'

'အင်း....ဒါလဲ မဆိုးပါဘူး'

ယွင်ဖေးချူးက တစ်နေ့နေ့တွင် သူမ ထိုအိမ်မှ ထွက်ပြေးရမည်ဆိုခြင်းကို နားလည်သွားသည်။



'ဒါပေမယ့် ဒီကြားထဲမှာတော့ ဟန်ဆောင်ကောင်းကောင်းနဲ့နေနော်၊ ဒီကိစ္စကို သူတို့ မကြာခင်မှာ စီစဉ်လိမ့်မယ်၊ ဒီတော့ သမီးက ပိပိရိရိရှိမှ ထွက်ပြေးနိုင်မယ်၊ ဒီကြားထဲမှာ ဘာမှ ဆန့်ကျင်ဘက် မလုပ်နဲ့၊ ဒီညနေ သူဌေးကြီးလိုကျန်းဖုန်း လာရင် သမီး ကူညီဧည့်ခံရင်း ဘာကိစ္စလဲဆိုတာ အကဲခတ်ဦး'

'ဟုတ်ကဲ့'

## အခန်း (၁၃)

အခြားဧည့်သည်များလာလျှင် မိုးမျှော်စံအိမ်၌ မီးအိမ်မျာ… လှပစွာ ထွန်းညှိထားတတ်သော်လည်း သူဌေးကြီး လိုကျ… ဖုန်း လာမည့်ရက်တွင်တော့ ထူးထူးခြားခြား မီးအိမ်မျာ… ထွန်းညှိထားခြင်း မရှိပေ၊ ထို့အပြင် စံအိမ်ရှိ ဧည့်ခန်း… ကျယ်ကြီးတွင် ခေါ်ယူတွေ့ဆုံခြင်းမဟုတ်ဘဲ မာကျောက်… စာဖတ်သော အခန်းကျဉ်းလေးထဲတွင် လက်ခံတွေ့ဆုံဖို့ စီစဉ်… ထားလေသည်။



အစားအသောက်နှင့် အရက်များကို မာကျောက်ယိ၏ စာဖတ်ခန်းစားပွဲသို့ ပို့ခိုင်းထား၏၊ ကောင်မလေးနှစ်ဦး ငါးကြော်နှင့် အသီးအရွက်ကြော်ပန်းကန့်များသို့ ယူဆောင်လာသည်။

'ပေး ခွန်ရွှေ၊ စူးရှင် မမ သွားပို့ပေးမယ်'

ယွင်ဖေးချူးက လှလှပပ ဝတ်စားထားပြီး ပန်းကန်များကို မီးဖိုခန်းမှ ဆီးယူလိုက်သည်။

'နေပါစေ မမယွင်ဖေး၊ ဒေါ်လေးယန်က မမ ဘာမှ မလုပ်စေနဲ့လို့ မှာထားလို့ပါ'

'ရပါတယ်ကွယ်'

ယွင်ဖေးချူးက ပန်းကန်များကို လှမ်းကိုင်လိုက်၍ ခွန်ရွှေနှင့် စူးရှင် ကောင်မလေးနှစ်ဦး လက်လွှတ်ပေးလိုက်ရလေတော့သည်။

အဝါရောင်ဂတ်စုံ ဝတ်ဆင်၍ နှင်းဆီပန်းခက်လေးများကို ပန်ထားသော ယွင်ဖေးချူး၏ မျက်နှာလေးမှာ ပန်းနုရောင်တောက်ပနေသည်၊ ပါးမို့လေးများကြားမှ နီကျာရဲနေသော နှုတ်ခမ်းဖူးဖူးလေးမှာ ခေါင်းပေါ်မှ နှင်းဆီပန်းများနှင့် လိုက်ဖက်တင့်တယ်နေသည်။

မာကျောက်ယိနှင့် လိုကျန်းဖုန်းတို့သည် စာဖတ်ခန်းရှိ စားပွဲပုလေးတွင် မျက်နှာချင်းဆိုင် ထိုင်နေကြ၏၊ မာကျောက်ယိ၏မျက်နှာမှာ တင်းမာနေပြီး သူဌေးကြီး လိုကျန်းဖုန်း၏ မျက်နှာမှာ ညှိုးငယ်နေသည်၊ မျက်လုံးအိမ်မှာပင် မျက်ရည်များ ဝေ့ဝဲနေသည်ဟု ထင်မှတ်ရ၏။

စားပွဲပေါ်သို့ ငါးကြော်ပန်းကန်နှင့် အသီးအရွက်ကြော်ပန်းကန်ကို ယွင်ဖေးချူးက ခါးကလေးကိုင်းကာ ချပေးလိုက်လေသည်၊ မာကျောက်ယိရော လိုချန်းဖုန်းကပါ ယွင်ဖေးချူးကို ဖျတ်ခနဲ ကြည့်လိုက်၏။

'သမီးကိုယ်တိုင် ဘာလို့ လုပ်နေရတာလဲကွယ်၊ ခွန်ရှေနဲ့ စူးရှင်တို့ ဘာလုပ်နေကြလဲ'

'သူတို့ မီးဖိုချောင်ထဲမှာ ပြင်ဆင်နေလို့ပါ၊ ပြီးတော့ သမီးသလဲ အားနေတာ အလကားမနေချင်လို့ ကူညီတာပါ'

'အေး ထား၊ သမီး ပင်ပန်းမှာ စိုးလို့ပါကွယ်'

မာကျောက်ယိ၏အသံက ပျော့ပျောင်းနေသည်၊ လိုကျန်းဖုန်းက တော့ အံ့အားသင့်သည့် မျက်လုံးဖြင့် ကြည့်နေ၏၊ ယွင်ဖေးချူးကာ သူတို့စကားပြောသည်ကို နားထောင်လိုသဖြင့် နောက်သို့ဆုတ်ကာ ရပ်နေသည်။

'ပြီးရင် သွားတော့လေ သမီး'



ယွင်ဖေးချူးကို မာကျောက်ယိက အခန်းပြင်ထွက်ဖို့ ပြောလိုက်သည်။

'ဦးလေးမာကျောက်ယိတို့ လိုတာ ခိုင်းချင်ခိုင်းဖို့ သမီး စောင့်နေတာပါ'

'အို....ကိစ္စမရှိပါဘူး၊ ဘာမှမလိုတော့ဘူး၊ နောက်ထပ် စားစရာတွေ ရှိသေးလား'

'ဟုတ်ကဲ့....ကြက်သားကြော်နဲ့ ဘဲဟင်းကျန်ပါသေးတယ်' ယွင်ဖေးချူးက သွက်လက်စွာ ဖြေကြား လိုက်သည်။

'အင်း....အဲဒါတွေကျက်တော့မှ လာပို့ချ လာပို့၊ ခြောက် သမီး မလာပါနဲ့၊ မှန်ရှေတို့ကို လွှတ်လိုက်ပါ'

'ရပါတယ် ဦးလေး၊ သမီး အားနေတာပဲ'

'ကဲ....သွား သွား'

သူမကို အခန်းထဲတွင် မနေစေလိုသောကြောင့် ထွက်ခိုင်းမှန်း ရိပ်မိ၍ ယွင်ဖေးချူး ပြန်ထွက်လာသည်၊ သို့သော် အခန်းပြင်သို့ရောက်သည်နှင့် လိုက်ကာနားတွင်ရပ်ကာ နားစွင့်နေလိုက်သည်။

'သူကလေးတောင် တော်တော်အရွယ်ရောက်နေပြီနေ ဆရာချန်း'

'အင်း.... နှစ်ကာလကလဲ နှစ်ဆယ်လောက် ကြာခဲ့ပြီ အရွယ်ရောက်ပြီပေါ့ ရှောင်ဟုန်ရာ၊ ဒါနဲ့ မင်း စောစောက ပြောတာ ခိုင်ဖုန်းတရားသူကြီး တာဟူးမြို့ဝန်ဆီ ရောက်နေ တယ် ဟုတ်လား'

'ဟုတ်တယ် ဆရာချုန်း၊ ဆရာကြီး သိတယ်မှတ်လား၊ သူ ခမ်းနားကြီး လာစုံစမ်းရင် မပေါ်တဲ့အမှုဆိုတာ မရှိဘူး၊ ဒါ ကြောင့် ကျွန်တော် လာသတိပေးတာပါ'

'ငါ့ကိုသတိပေးတာ အရေးမကြီးဘူး ရှောင်ဟုန်၊ မင်း သာ မင်းကတိနဲ့ မင်း တည်ဖို့လိုတယ်နော်၊ မင်းကို ငါ သူဌေး ကြီး လိုကျွန်းဖုန်း ဖြစ်အောင် စီမံပေးခဲ့တယ် မဟုတ်လား တကယ်လို့ ဖေးပြုမှုပေါ်ရင် မင်း ခေါင်းဖြတ်အသတ်ခံ နှုတ်လုံဖို့ သစ္စာရှိပါစေ'

ယွင်ဖေးချူသည် ကြားရသောစကားကြောင့် အံ့အား သင့်သွားသည်၊ စိတ်ဝင်စားလာ၍ နားကို လိုက်ကာနားတွ ကပ်ကာ ဆက်၍နားထောင်နေလိုက်ပြန်သည်။

'ကျွန်တော်တစ်ယောက်တည်း သေရမှာကိုတော့မကြောက် ပါဘူး ဆရာချုန်းရယ်၊ ကျွန်တော့်မှာ အရွယ်မရောက်သေးတဲ့



သမီးလေး ယုံလင့် တစ်ယောက်တည်း ကျန်ခဲ့မှာကိုသာ စိုးရိမ် တာပါ'

'ဒီအတွက် မပူပါနဲ့၊ ဖြော် မင်းမရှိရင်မင်း သမီးလေး ကို အရွယ်ရောက်ပြီး ကောင်းစားတဲ့အထိ ငါ ကြည့်ရှုမှာပေါ့'

'ဟင်း'

ဦးလေးမာကျောက်ယိက ရှောင်ဟုန်ဟုခေါ်သော သူဌေး ကြီး လိုကျွန်းဖုန်း၏ စိတ်မော်မောနှင့် သက်ပြင်းချသံကို ကြား လိုက်ရသည်။

'ကျွန်တော် တစ်နေရာရာကို ရှောင်နေရင် ကောင်းမယ် ထင်တယ်၊ ကျွန်တော် ခုလောလောဆယ်မှာတော့ ခါးပြ ခေါင်းဆောင်အနေနဲ့ အဖမ်းခံရပြီး ခေါင်းဖြတ်စက်နဲ့ မတွေ့ ချင်သေးဘူး'

တောင်းပန်သော လေသံဖြင့် ရှောင်ဟုန်က ပြောလိုက် သည်။

'တိတ်စမ်း ရှောင်ဟုန်၊ မင်းနဲ့ ငါ တွေ့ကာစ ဆင်းရဲသား လက်သမားလေးဘဝတုန်းက ဒီစကားမျိုး ပြောခဲ့ပါလား၊ အဲဒီတုန်းကတော့ ချမ်းသာရင် တော်ပါပြီ၊ ဖေးပြုမှုပေါ်ရင်လဲ အသေခံဖို့ အသင့်ပါ၊ ကျွန်တော့်ကို ကြီးသူဌေး လိုရှောင်ဖုန်း ဖြစ်အောင်သာ လုပ်ပေးပါဆို

'အဲ....အဲဒီတုန်းကတော့ ခါးပြမှု က မပေါ်နိုင်တော့ဘူးလို့ ထင်ခဲ့လို့ပါ၊ ပြီးတော့လဲ ခိုင်ဖုန်းဘုရားရုံးက သုခမိန်ကြီးဆီ မရောက်နိုင်ဘူး၊ တာဟူးမြို့ဝန်နဲ့တင် ပြီးပါတယ် ဆိုလို့ပါ'

'ဘာပဲဖြစ်ဖြစ် မင်းကတိနဲ့မင်းပဲ မင်းက ငါ့ကို ပြောတယ် မဟုတ်လား၊ မျက်နှာဖုံးတု လုပ်ပေးတဲ့ ထန်းဖိနဲ့ ကျောက်ဖုတို့က မင်းကို အရက်မူးပြီး လာလာငွေညှစ်တယ်၊ မင်းရဲ့ဟန်ဆောင်မှုမပေါ်အောင် ဒီကောင်တွေကို ရှင်းပစ်လိုက်ပြီမို့လား'

'အဲဒါ ပိုဆိုးတာပေါ့ ဆရာချုန်း'

'ဘာလို့ပိုဆိုးတာလဲ ဒီကောင်တွေကိုမိပြီး သုခမိန်ကြီး စစ်လိုက်ရင် မင်းဟန်ဆောင်မှု ဘွားကနဲပေါ်မယ် အဲဒီတော့က တစ်ဆင့် ငါ့ကိုပါ ခါးပြခေါင်းဆောင် ချူးချန်းမှန်းသိပြီး အဖမ်းခံရမှာပေါ့၊ ခုတော့ အေးရောမဟုတ်လား၊ ငါစီစဉ်တဲ့အတိုင်း မင်းအိမ်ကကောင်လေးရဲ့ တံဆိပ်ပြားကို ငါထားခိုင်းလိုက်တာ ဟန်မကျဘူးလား'

အသံများက တိတ်သွားပြန်သည်၊ ထိုအချိန်မှာပင် ခွန်ရွှေနှင့် စူးရှင်တို့က ပန်းကန်ပြား နှစ်ချပ်ကိုကိုင်လာသည်။ အငွေ့တထောင်းထောင်း ထနေသော ဘဲကင်နှင့်ကြက်ကြော်ပန်းကန်များ ဖြစ်သည်။

ယွင်ဖေးချူက စကားမပြောတော့ဘဲ ပန်းကန်များကို လှမ်းယူလိုက်သည်၊ကောင်မလေးနှစ်ယောက်ကလည်း ပန်းကန်များကို ပေးကာ လှည့်ထွက်သွားလေသည်၊ ယွင်ဖေးချူက



မဝင်သေးဘဲ စကားဆက်မည်ကိုရပ်ကနားထောင်နေသည်။

'အခု အဲဒီကောင်လေးက အဖမ်းမခံဘဲ ထွက်ပြေးသွားတယ်'

'အဲဒါကို ငါစိုးရိမ်နေတာပေါ့၊ ငါ့လူတွေကို အဲဒီကောင်လေးရှာပြီး လိုက်သတ်ခိုင်းနေတာ၊ ဒီမှာ ငါတစ်ခုပဲပြောမယ်နော်၊ ငါ့ရဲ့မျက်နှာကို ခါးပြတိုက်တုန်းကမှတ်မိတဲ့လူ တစ်ယောက်မှ မရှိဘူး၊ အဲဒီတော့ မင်းရဲ့'လိုကျန်းဖုန်း'ဟန်ဆောင်မှုကို တတ်နိုင်သမျှငါကာကွယ်ပေးမယ်၊ အဲ ငါမတတ်နိုင်တော့လို့ မင်းဟာသူဌေးလိုကျန်းဖုန်း မဟုတ်ဘူးလို့သိရင် မင်းဆီမှာရှိတဲ့ ငါ့ရဲ့တံဆိပ်ပြားကို ထုတ်ပြပြီးတော့ ဘုရင့်အဏ္ဏာတော်တွေကို တိုက်တဲ့ ခါးပြကြီး ချူးချင်းပါလို့ မင်းဝန်ခံလိုက်ပေတော့ ကြားလား'

'ဟုတ်....ဟုတ်ကဲ့....အဲဒီလို မဖြစ်အောင်တော့ လုပ်ပါဆရာချုန်းရယ်'

'ကောင်းပြီ ဒီကောင်ဝဲလေးဝူချင်းဖိန်ကရောမင်းအကြောင်းတွေ ဘာသိသွားသေးလဲ'

'ဘာမှ မသိပါဘူး၊ ကျွန်တော့်ကို စိတ်ကောင်းစေတနာရှိတဲ့ သူဌေးကြီးလို့ပဲ ထင်နေပါတယ်'

'ဒါဆိုရင်တော့ ဒီကောင်လေးမင်းဆီကို ရောက်ချင်ရောက်လာလိမ့်မယ်၊ ရောက်လာရင်တော့ လူမသိသူမသိ သူ့ကိုမင်း လိမ်လိမ်မာမာ ရှင်းလိုက်ပေတော့'

'စိတ်ချပါ'

ထိုအချိန်တွင် မာကျောက်ယိသည် ဖလတိုက်၍ လှုပ်ရမ်းနေသော လိုက်ကာအောက်မှ အဝါရောင် ဘောင်းဘီကလေးကို တွေ့မြင်သွား၏။

'ဟော့ အပြင်ကဘယ်သူလဲ'

'ယွင်ဖေးချူးပ၊ စားစရာတွေလာပို့တာ'

'ကြည့်စမ်း လာဝင်ခဲ့လေ'

ဟုတ်ကဲ့'

ယွင်ဖေးချူးက ခေါင်းငုံ့ကာဝင်လာသည်၊ မာကျောက်ယိသည် ယွင်ဖေးချူး၏ မျက်နှာကို ဒေါသဖြင့် အကဲခတ်နေသည်။

'ယွင်မေးချူး'

'ရှင်'

'ဘာလို့စားစရာတွေ ယူလာတာလဲ ဟိုကောင်မလေးတွေကို မို့ခိုင်းလို့ ဦးလေးမှာထားတယ်မို့လား'

'ကဲ....သွားတော့ နောက်တစ်ခါ ဒီအခန်းနားကို မလာနဲ့ သွားသွား'

'ဟုတ်ကဲ့'

ယွင်ဖေးချူး မျက်နှာကို မမော့တော့ဘဲ အခန်းပြင်သို့ နှ်ထွက်လာခဲ့.. ပြည် သူမသည်မာကျောက်ယိ၏ အကြောင်းကို



ကောင်းစွာ သိလိုက်ရပေပြီ၊ မာကျောက်ယိသည် လူကောင်းယောင် ဆောင်ထားသော ဘီလူးကြီးတစ်ဦးဖြစ်သည်၊ ထိုအကြောင်းအရာများကိုဦးလေးအားရှောင်အား ပြန်ပြောပြရမည်ဟု ဆုံးဖြတ်ထားလိုက်၏။

နောက်ထပ် ချောင်းနားထောင်ရန် အခွင့်မသာတော့မှန်းသိ၍ သူမအခန်းသို့ တန်းပြန်လာခဲ့သည်၊ အခန်းတွင်းသို့ ဝင်လိုက်သည်နှင့် သူမသည် ထိတ်လန့်အံ့သြသွားရ၍ပြန်လေသည်။

# အခန်း (၁၄)

မာကျောက်ယိ၏ တစ်ဦးတည်းသော သားဖြစ်သည့် မာလေ့ရန်သည် သူမခုတင်ပေါ်တွင် အခန့်သား ရောက်ရှိနေ၏၊ ဝတ်ပုံစားပုံက မင်းသားတစ်ဦးလို အနီရဲရဲ ဝတ်ရုံကိုဝတ်ဆင်ထားပြီး မျက်နှာတွင်လည်း အလှအပ အမွှေးနံ့သာများ ချယ်ထားသေး၏။

ခေါင်းမှ ဆံပင်များကိုစုစည်းချည်နှောင်ထားပြီး နောက်တွင်ချထား၏။

'ဟဲဟဲ ဟီးဟီး ဘာသွားလုပ်နေတာလဲညီမလေးက ကြာလိုက်တာ ဟီးဟီး'



တွေ့သည်နှင့် စိတ်ကောင်းကောင်း မနှံ့သော မာလေ့ရန်က နေရာမှထကာ သူမရှိရာသို့လျှောက်လှမ်းလာရင်း ပြောလိုက်၏။

'ရှင်ဘာလို့ ကျွန်မအခန်းထဲကိုဝင်နေရတာလဲ၊ မိန်းကလေးတစ်ယောက်အခန်းကို မဝင်ရဘူးဆိုတာ မသိဘူးလား'

'ဟီး ဟီး ရှင်လို့မပြောပါနဲ့ကွယ်၊ မကြာခင်မှာ ညီမလေးနဲ့ကိုကို တို့ကို လက်ထပ်ပေးစားတော့မယ်တဲ့ အဲဒီတော့ကိုကိုလို့ ခေါ်ပါနော် နော်'

ယွင်ဖေးချူးမှာ တော်တော် စိတ်ညစ်သွားသည်၊ ပင်ကိုယ်ကပင် စိတ်ကောင်းကောင်းမနှံ့သူ ဖြစ်သောကြောင့် ယွင်ဖေးချူး၏ မေးစေ့ကိုကိုင်ကာ တနော့်နော့်နှင့် လုပ်နေပြန်သည်။

'ဖယ်ပါ ကျွန်မကို လွှတ်ပါကိုကိုရယ်'

စိတ်မနှံ့သူမှန်းသိ၍ အသာအယာရုန်းထွက်လိုက်သည်၊ မာလေ့ရန်မှာစိတ်ပင်မနှံ့သော်လည်း အရှုးပါးတစ်ဦးဟု ဆိုရဖွယ်ဖြစ်သည်။

ယွင်ဖေးချူး၏ မေးစေ့ကို ကိုင်ထားသော လက်ကို လွှတ်လိုက်ပြီးနောက် ယွင်ဖေးချူးကို ရှောင်ဖယ်ကာ အခန်းတံခါးကို ပိတ်ပစ်လိုက်သည်။

'ဟင် ဒါဘာလုပ်တာလဲ'

မိုးဆမ်းပန်းစာခပ

ယွင်ဖေးချူးက ဒေါသဖြင့် အော်မေးလိုက်သည်။

'တံခါးပိတ်လိုက်တာလေ၊ ညီမလေးနဲ့ကိုကိုနဲ့ဒီထဲမှာ ချစ်ကြတာ အပြင်ကလူတွေသိရင် မကောင်းဘူးလို့ မေမေက ပြောတယ်'

'ဟင် တံခါးဖွင့်ပါ'

'မဖွင့်ပါဘူး ကိုကိုက ညီမလေးကို နမ်းပြီးမှ ဖွင့်မယ်'

'ဒါဆိုရင် ကျွန်မစိတ်ဆိုးမှာနော် ဖွင့်မလားမဖွင့်ဘူးလား'

'မဖွင့်ဘူး'

မာလွေ့ရန်က ခပ်ပြတ်ပြတ်ပြောကာ လွင်ဖေးချူးကို ဖက်ပွေ့ရန် ရှေ့သို့ တိုးလာသည်၊ ယွင်ဖေးချူးသည် နောက်သို့ဆုတ်လိုက်၏။

'ကျွန်မအနားကို မကပ်နဲ့နော် မကပ်နဲ့'

ယွင်ဖေးချူးက မျက်စေ့မျက်နှာပျက်ပျက်နှင့် ငြင်းဆိုနေသည်၊ မာလွေ့ရန်မှာ သူ့လိုလူမျိုးကို လက်ထပ်ရန် ယွင်ဖေးချူးက ငြင်းဆိုလိမ့်မည်မဟုတ်ဟု ထင်ထား၍ အံ့အားသင့်သွား၏။



'ဒီမှာ ညီမ ယွင်ဖေးချူး'

'ဘာလဲ'

'ညီမနဲ့ အစ်ကို့ကို လက်ထပ်ပေးမယ်လို့ ဖေဖေကရော မေမေကရော အစ်ကို့ကို ပြောပြီးပြီ၊ ဒါကို ဘာလို့ ငြင်းရတာလဲ'

'အို ခုမှ လက်မထပ်ရသေးတာ'

'လက်မထပ်ရသေးလဲ နောက်ကိုလက်ထပ်ဖို့ ကြိမ်းသေတာပဲ၊ ပြီးတော့ညီမကို အစ်ကိုတစ်ကယ် ချစ်တာ ဟီး ဟီး'

ရှေ့သို့တိုးသာရုံမျှမက မာလွေ့ရန်မျက်နှာရှုးကာ တဟီးဟီးနှင့် ရယ်နေပြန်၏။

စိတ်သိပ်မကောင်းသူ ဖြစ်သောကြောင့် သည်အတိုင်းသာဆက်နေလျှင် သူမဒုက္ခရောက်တော့မှာ သေချာသည်ကို သိနေသည်။

'ဒါဆိုရင် အစ်ကို ညီမစကားကို နားထောင်ရမှာပေါ့'

'နားထောင်မယ်လေ၊ အစ်ကိုဘာလုပ်ရမလဲ၊ ညီမကိုပွေ့ချီပြီး ထမ်းထားရမလား၊ ဒါမှမဟုတ်ရင် ဖေဖေတို့ရှေ့ အထိ ညီမကို ပွေ့ချီပြီး ခေါ်သွားရမလားပြော'

'အို....ဒီလို မဟုတ်ပါဘူး

'ဒါဖြင့် ဘာလဲ'

'အစ်ကို ညီမအခန်းထဲက အခုပြန်ထွက်သွား၊ ညီမ အလှ ပြင်လိုက်ဦးမယ်၊ တော်ကြာမှပြန်ဝင်လာခဲ့၊ အခု ညီမကအလှ မပြင်ရသေးဘူး'

'ဟင့်အင်း....ညီမက အစ်ကို့ကိုညာပြီး ထွက်ပြေးမှာ၊ ဒါ တော့မရဘူး'

ပြောပြောဆိုဆို မာလေ့ရန်က ရှေ့သို့ ခုန်တိုးလာကာ ယွင်ဖေးချူးလက်မောင်း နှစ်ဖက်ကို ဆုပ်ကိုင်လိုက်သည်၊ ယွင် ဖေးချူးသည် တားမရတော့သည်ကို သိသည်နှင့် သူမခေါင်း ငုံ့ကာ မာလေ့ရန်၏ နှာခေါင်းကို ပြင်းပြင်း ဆောင့်တိုက် လိုက်သည်။

'ကဲ....'

'အား'

ယွင်ဖေးချူး၏ တိုက်ချက်က မှန်သွား၍ မာလေ့ရန်မှာ ကြမ်းပေါ်သို့ ဝုန်းခနဲ လဲကျသွားသည်၊ ယွင်ဖေးချူးသည် ကုန်း၍ ထရန်ပြင်နေသော မာလေ့ရန်၏ဇက်ပေါ်သို့ လက် ဝါးပြင်းပြင်း တစ်ချက်ရိုက်ချလိုက်ရလေတော့သည်။



'ဖြန်း ...'

'အင့်'

အတွင်းအားပါသော လက်ဝါးရိုက်ချက်ကြောင့် မာလေ့ ရန်မှာ ကြမ်းပေါ်သို့ ခွေခနဲလဲကျသွားသည်၊ သွေးပူနေသော ကြောင့် လုပ်ချင်ရာ လုပ်လိုက်မိသော ယွင်ဖေးချူးမှာ သူမ အခန်းထဲတွင် မာလေ့ရန်လဲကျ သတိမေ့နေသောမှုပင် တုန် တုန်ယင်ယင်နှင့် စိတ်လှုပ်ရှားနေတော့၏။

'ခုကွပဲ၊ ငါတော့ ဒီအတိုင်းဆက်နေလို့ မရတော့ဘူး၊ ဦး လေး မာကျောက်ယိကလဲ ငါ ချောင်းနားထောင်တာ ကို မသက်ာဖြစ်နေပြီ၊ ဒီတော့ ငါ အမြန်ဆုံးလစ်တာအကောင်း ဆုံးပဲ'

မာလေ့ရန်၏ ခန္ဓာကိုယ်ကြီးကို ယွင်ဖေးချူးက သူမခုတင် အောက်သို့ ဆွဲသွင်းလိုက်သည်၊ ပြီးနောက် အိပ်ရာခင်းစကို ခုတင်ဘေးသို့ ဆွဲချဖုံးလိုက်၏၊ ရုတ်တရက် အပြင်မှ ဝင်လာ လျှင် သတိမေ့နေသော မာလေ့ရန်၏ ခန္ဓာကိုယ်ကြီးကိုမမြင် နိုင်ရန်အတွက်ဖြစ်သည်.

အဝတ်အစားများကို သုံးထပ်လောက် ထပ်ဝတ်လိုက်၏၊ အိမ်ထဲမှထွက်လျှင် အိတ်ကို သူသယ်သွား၍မဖြစ်၊ အိမ်သား

များပေါ် သူထွက်ပြေးသည်ကို မရိပ်မိရန်အတွက် ဖြစ်၏၊ သူမ
အခန်းတံခါးကို ဟကာ အပြင်သို့ ချောင်းကြည့်လိုက်သည်၊
အပြင်ဘက်တွင် ခွန်ရွှေနှင့် စူးရှင်တို့က အိမ်ရှေ့ခန်းမှာ
စားသောက်ပြီး ပန်းကန်များ သယ်ယူလာသည်ကို တွေ့လိုက်
ရလေသည်။

'ပေး....မမကို၊ မမယူသွားမယ်'

'နေပါစေမမ၊ သခင်ကြီးက မမကို ဘာမှ မခိုင်းရဘူးလို့
ခုနပဲ ထပ်ပြီး ပြောသွားတယ်၊ ကျွန်မတို့အဆူခံနေရပါ့မယ်'

ခွန်ရွှေက လက်ထဲကပန်းကန်ကို မပေးဘဲ မီးဖိုထဲသို့ယူ
ဆောင်သွားသည်၊ မီးဖိုပေါက်မှ အိမ်ပြင်ဘက်သို့ထွက်ရန် ကြံ
စည်ထားသော ယွင်ဖေးချူးမှာအခက်တွေ့သွားသည်။

'အင်း....ငါကလဲ ငါ့အကြံနဲ့ငါ၊ သူတို့ကလဲ သူတို့အလုပ်
နဲ့ သူတို့ဆိုတော့ ခက်တာပဲ'

ယွင်ဖေးချူးသည် အိပ်ခန်းထဲသို့ ပြန်ဝင်လိုက်သည်၊ သူမ
အိပ်ခန်း တံခါးကို အတွင်းမှ ပိတ်လိုက်လည်း၊ ထို့နောက်
အဝတ်အစားအိတ်ကိုယူကာ သူမ အဝတ်အစားများ ထည့်
လိုက်၏။

သူမခေါင်းကိုပါ ခါးတွင် ချိတ်ဆွဲလိုက်သည်၊ ယွင်ဖေးချူး
သည် မျက်နှာကြက်ပေါ်သို့ အိတ်ကိုလွယ်ကာ လွှားခနဲ ခုန်
တက်လိုက်၏၊ ထို့နောက် မျက်နှာကြက်ကိုဖောက်ကာ အိမ်
ခေါင်မိုးပေါ်သို့ တက်လိုက်သည်၊ အိမ်ခေါင်မိုးရှိ မျှော်စင်
များဘေးမှ သူမသွက်လက်စွာ လျှောက်လှမ်းလာခဲ့လေသည်၊



အားရှောင်၏ အိမ်ကလေးထဲတွင် မီးများလင်းနေသည်။

'ဦးလေးအားရှောင် မအိပ်သေးဘူးနဲ့တူတယ်၊ အတော်ပဲ'
အိမ်ခေါင်မိုးပေါ်မှ ဥယျာဉ်ထဲသို့ ယွင်ဖေးချူးက လွှား
ခနဲ ခုန်ချလိုက်သည်၊

ပန်းပင်များဘေးမှ အားရှောင်၏အိမ်ပေါက်ဝထဲသို့ ပြေး
ဝင်လိုက်လေသည်၊

အားရှောင်မှာ အိတ်တစ်လုံးကို ဘေးမှာချကာ ဝေးလွှယ်
ထားသည်၊ တစ်နေရာကို ခရီးထွက်မည့်ပုံမျိုး ဖြစ်နေလေ
သည်။

'ဟင်....ဦးလေး အားရှောင် ဘယ်သွားမလို့လဲ'

'သမီးကို စောင့်နေတာလေ၊ သမီး အိမ်က ထွက်ပြေးရင်
လိုက်ပို့မလို့ပါ'

'ဟင်....ဦးလေးအားရှောင်က ကြိုသိနေပါလား'

ယွင်ဖေးချူးက အံ့ဩသော အသံဖြင့် ပြောလိုက်သည်။

'ကြိုသိတာပေါ့၊ နေ့ခင်းကတည်းက ညကျရင် မာခေလွှ
ရန်နဲ့ သမီးကိုလွှတ်ပေးမယ်လို့ မာကျောက်ယိနဲ့ ချင်လေ့ရင်
တို့ တိုင်ပင်နေတာ ကြားရတယ်၊ ပန်းခြံထဲမှာဆိုင်ရင်း သူတို့
လင်မယား စကားပြောနေတာကို ဦးလေးရှောင် ခိုးပြီး နား
ထောင်ထားတာ'

'ဒါဆို ဦးလေး အားရှောင်က သမီးနဲ့ လိုက်ခဲ့မှာပေါ့ ဟုတ်လား'

'ဒါပေါ့၊ ပြီးတော့ သမီးသိချင်တဲ့ သမီးဖေဖေရဲ့ အကြောင်းကိုလဲ ဒီနေ့ ပြောပြတော့မလို့'

'ဟင်....ဝမ်းသာလိုက်တာ၊ သမီးက တစ်ယောက်တည်းဆို ပြီး အားငယ်နေတာ၊ ခုတော့ ဦးလေး အားရှောင်ပါ လိုက် မယ်ဆိုတော့ သမီး ဘာမှစိတ်မပူတော့ဘူး'

ယွင်ဖေးချူးက အားရဝမ်းသာ ပြောလိုက်သော်လည်း အားရှောင်၏မျက်နှာမှာ ဝမ်းသာပုံမရပေ။

'ဦးလေးရှောင်'

'ဟင်'

'ဦးလေးရှောင် ကြည့်ရတာ တစ်ခုခုကို ကြောက်ရွံ့နေ သလိုပဲ'

'ဦးလေးရှောင်အတွက် မဟုတ်ပါဘူး၊ ဦးလေးရှောင်က အသက်ကြီးပါပြီ၊ သေရမှာကို မကြောက်ပါဘူး၊ မာကျောက် ယီက သူ့လူတွေနဲ့ လိုက်ပြီးသတ်မှာ သေချာတယ်၊ သူတို့ကို ခုခံရင်း ဦးလေးရှောင် သေသွားရင် သမီး ဒီတာဟူးမြို့ကနေ လွတ်အောင်ပြေးနော်'

'အို....မပြောကောင်း မဆိုကောင်း ဦးလေးရှောင်ရယ်'

'သမီးလဲ သိသားပဲ၊ မာကျောက်ယီက သူ့လက်ရုံးတပည့် လူမိုက်တွေ အများကြီးမွေးထားတာ'



'ကဲ....အချိန်မရှိဘူး၊ တို့ အမြန်ဆုံး မိုးမျှော်စံအိမ်ဝင်းထဲ က ထွက်နိုင်မှ ဖြစ်မယ်'

မကြာမီ အမှောင်ထုထဲတွင် လှုပ်ရှိပ်နှစ်ရိပ်သည် မိုးမျှော် စံအိမ်ဝင်းထရံပေါ်သို့ လွှားခနဲ ခုန်တက်သွားလေသည်။

## အပိုင်း (၁၅)

သူဌေးကြီး လိုကျန်းဖုန်းသည် သူ့အိမ်ရှိဝင်းစောင့်များကို အိမ်ကို သိုခြုံအောင် စောင့်ရှောက်ရန် မှာကြားပြီးနောက် အိမ်ပေါ်သို့ တက်လာခဲ့သည်၊ သူသည် ညနေစာ စားသောက်ရန်လည်း စိတ်မပါသောကြောင့် မစားတော့ဘဲ သူ့အခန်းထဲတွင်ထိုင်ကာ အရက်သောက်နေ၏။

ဆယ်နှစ်အရွယ် လိုကျန်းဖုန်း၏သမီးလေး ဖုဖုမှာ ကြမ်းပြင်ပေါ်တွင် အရုပ်များနှင့် ထိုင်၍ကစားနေ၏၊ သူ့ဇနီးသည်



မကြာသေးမီကမှ သေဆုံးသွားသောကြောင့် သူတစ်ယောက်တည်းသာ အဖေလိုတစ်မျိုး မအေလိုတစ်မျိုး စောင့်ရှောက်လာခဲ့ရခြင်းဖြစ်၏။

စားပွဲပေါ်ရှိ အရက်ပုလင်းထဲမှ အရက်များကို သောက်ရင်း ဘာမျှမသိဘဲ အရုပ်များနှင့် ကစားနေသော သမီးလေးကို ငေးစိုက်ကြည့်နေမိသည်၊ သူ့ရင်ထဲတွင် ပူလောင်နေသည်၊ သူခမိန်ကြီး စစ်ဆေး၍ ခုံးပြမှုပေါ်ခဲ့လျှင် သူသည် ခေါင်းဖြတ်စက်တွင် ခေါင်းဖြတ်ခံရတော့မည်ဖြစ်သည်။

ထိုအခါ လူမမယ် သမီးလေးဖုဖုမှာ မျက်စိသူငယ် နားသူငယ်နှင့် ကျန်ရစ်ခဲ့ရှာတော့မည်၊ ဤကဲ့သို့ သူဌေးတဝနှင့် ပူလောင်ဆင်းရဲနေရခြင်းထက် လွတ်လပ်၍ အပူအပင်ကင်းမဲ့သော ဆင်းရဲသားဘဝကိုသာ သူ ပြောင်းလိုက်ချင်ပါသည်။ သူသည် ယခင်က ဤဘာသာမျိုးသို့ရောက်ရှိမည် ဆိုပါက မာကျောက်ယိ ပုံပေးကာ ဘဝပြောင်းခဲ့သည့် သူဌေး လိုကျန်းဖုန်း အဖြစ်သို့ အရောက်ခံမည် မဟုတ်ပေ။

ယခုတော့ သူဌေး လိုကျန်းဖုန်းကိုသတ်ကာ ရှောင်ဟုန်ကို လိုကျန်းဖုန်း မျက်နှာဖုံးစွပ်နှင့် မာကျောက်ယိက သူဌေးဖြစ်အောင် စီမံပေးခဲ့သည်၊ ပြီးနောက် ခုံးပြမှုတွင် ခေါင်းဆောင်အဖြစ် အဖမ်းခံရန် သူ့ပခုံးနှစ်ဖက်တွင် အနီရောင်ကြယ်တစ်ပွင့်စီကို စုတ်ဖြင့် ဆိုးခဲ့သည်၊

ကြယ်ပွင့်နီ ဓားပြဂိုဏ်း၏ခေါင်းဆောင် အထိမ်းအမှတ်ပင် ဖြစ်သည်၊ နာမည်ကြီးဓားပြဂိုဏ်းကြီး၏ ခေါင်းဆောင်ကို လွန်ခဲ့သော အနှစ်နှစ်ဆယ်ခန့်က လူတိုင်း သတိရမိကြသည်၊ ပစ္စည်းယူ လူသတ်တတ်သည်၊ မျက်နှာကို ဖုံးကွယ်ထားပြီး သားရေလက်ပြတ်အင်္ကျီကို ဝတ်ဆင်တတ်၍ လက်မောင်းရင်းမှ ကြယ်ပွင့်နီကြီးကို လူအများက မြင်တွေ့ထိတ်လန့်ခဲ့ကြသည်။

အရှေ့မိုင်းပြည်နယ်မှ ဘုရင့်ထံသို့ ဆောင်သော ရွှေငွေ ရတနာများကိုလာသော ပင်းမူထမ်း ဆယ့်ငါးဦးလုံးကို ကြယ်ပွင့်နီဂိုဏ်းက အကုန်သတ်ပစ်ခဲ့သည်၊ တွေးကြည့်လျှင် ချူးချန်းသည် အလွန်ပါးနပ်၍ သူ့ကို ငွေနှင့်မျှားကာ ရာဇဝတ်မှု ကျခံစေရန် စီမံလိုက်ခြင်း ဖြစ်သည်။

ယခုအခါတွင် မာကျောက်ယိ၏ ပခုံးမှ ကြယ်ပွင့်နီကို စုတ်ဆေးအနက်များနှင့်ဖုံးကာ ထိုးထားသောကြောင့် မည်သူမျှ ကြယ်ပွင့်နီ ဓားပြဂိုဏ်းခေါင်းဆောင်ဟု ထင်မှတ်ကြတော့မည် မဟုတ်ပေ၊ ထည့်ထားသော အရက်ခွက်ကိုပင် မသောက်မိဘဲ သမီးလေးဖုဖုကို မည်မျှကြာအောင် လိုကျန်းဖုန်း ငေးနေမိသည် မသိ။

'ဖေဖေကြီး သမီးကို ဘာလို့ ကြည့်နေတာလဲ'

'ဘာမှမဟုတ်ပါဘူး သမီးရယ်'



'ဒါဆို သမီး အိပ်တော့မယ်၊ ပုံပြောပြ'
'အေး....အေး....ပုံပြောပြမယ်'

သမီးလေးက သူ့ဒွေးကြီး၏ ရင်ခွင်ထဲတွင် လာ၍ထိုင်သည်၊ သမီးလေးကို လိုကျန်းဖုန်းသည် စိတ်မပါဘဲ ပုံတစ်ပုံ ပြောပြနေလေသည်။

သူ့ဒွေးကြီးလိုကျန်းဖုန်းက သမီးလေးဖုဖုအား ပုံပြောပြနေစဉ်မှာပင် လိုကျန်းဖုန်း၏ စံအိမ်ဝင်းခြံစောင့်သည် ဝင်းတံတိုင်းပေါ်သို့ ခုန်တက်လာသော လူရိပ်ကို တွေ့သည်နှင့် လှမ်းအော်ကာ ပြေးသွား၏။

'ဟေ့....ဘယ်သူလဲကွ'

လူရိပ်သည် ခြံဝင်းထဲသို့ လွှားခနဲ ခုန်ချလာခဲ့လေသည်၊ အောက်သို့ရောက်သောအခါ ဝင်းခြံစောင့်သည် မျက်နှာတွင် မျက်နှာဖုံးစွပ်ထားပြီး ဓားတစ်ချောင်းကို ကိုင်ထားသည်ကို တွေ့ရသည်။

'လူဗျို့ လူ၊ အိမ်ဝင်းထဲကို လူတစ်ယောက် ဝင်လာတယ်'

ဝင်းခြံစောင့်က အိမ်တွင်းမှလူများ ကြားနိုင်ရန် အော်လိုက်သည်၊ ထိုအချိန်တွင် အော့ညက်နှင့် ကျောင်းဖုန်စန်းတို့သည် ဧည့်ခန်းတွင်ထိုင်ကာ အရက်သောက်နေကြဆဲဖြစ်၏။

'ဟေ့ ....လူတဲ့ ကျောင်ဖုံနှ်စန်း'

အောညက်က ထရပ်ကာ ပြောလိုက်သည်၊ သူတို့ ဓား များကို ဆွဲလုကာ အောညက်နှင့် ကျောင်ဖုန်စန်းတို့သည် ခြံဝ သို့ ပြေးထွက်လာ၏၊ ခြံဝတွင် မျက်နှာဖုံးစွပ်ကာ တစ်ကိုယ် လုံး အနက်ရောင်ဝတ်ထားသော လူတစ်ယောက်ကို ခြံစောင့် က တိုက်ခိုက်နေ၏။

မျက်နှာဖုံးစွပ်၏ သိုင်းပညာမှာ အဆင့်မြင့်လှ၍ တစ်ခဏ အတွင်းမှာပင် ခြံဝင်းစောင့် လွင့်ထွက်လာ၏၊ အောညက် နှင့် ကျောင်ဖုန်စန်းတို့က မျက်နှာဖုံးစွပ်ကို နှစ်ဦးညှပ်၍ တိုက် ခိုက်ကြသည်။

'ဟေ့ကောင် သေချင်လို့ ဝင်လာတာလား'

'အသေသာ သတ်ကွာ'

အောညက်ရော ကျောင်ဖုန်စန်းပါ ပြိုင်တူဝင်၍ တိုက် ခိုက်လိုက်ကြသည်၊ အောညက်က ဘီလူးမိုးပျံသိုင်းကွက်ဖြင့် ခုန်တက်ကာ တိုက်ခိုက်လိုက်သည်၊ အောညက်၏ သိုင်းကွက် ကို တော်ရုံသိုင်းသမားက ရင်ဆိုင်ခုခံနိုင်မည် မဟုတ်ပေ။

'ရှပ်'

'အိုး'



သို့သော် မျက်နှာဖုံးစွပ်သည် ကိုယ်ကိုတစ်ပတ်လှည့်ကာ ကြောင်လိမ်ပုံသဏ္ဍာန် အောညက်၏ဓားချက် ဆယ်ချက်လုံးကို လွတ်အောင်ရှောင်လိုက်သည်။

အောညက်ကိုပင် ညာဖနောင့်ဖြင့် ပေါက်လိုက်၍ ဓား ကိုင်သော လက်ဆုံကိုထိကာ လက်မောင်းတစ်ဖက်လုံး ကျဉ် တက်သွား၏။

'ချွမ်'

အောညက်၏ လက်ထဲမှဓားသည် မြေကြီးပေါ်သို့ လွတ်ကျ သွားလေသည်၊ ကျောင်စန်ဖုန်းမှာ ဒီရေဒီလှိုင်းသိုင်းကွက်ဖြင့် တဟုန်ထိုးဝင်ကာ တိုက်ခိုက်လိုက်ပြန်သည်။

'ချွင်'

'ထန်'

ဒီရေဒီလှိုင်းသိုင်းကွက်မှာ ဓားချက် တစ်ချက်နှင့်တစ်ချက် မနားရအောင် အထပ်ထပ် အကွက်ဆင်ကာ တိုက်ခိုက်သည့် သိုင်းကွက်မျိုး ဖြစ်သည်၊ ကျောင်ပုန်စန်း၏ ရှေ့ဓားကို ရန် သူက ခုခံကာကွယ်လိုက်လျှင် နောက်မှ ထပ်လိုက်လာသော ဓားချက်က ရန်သူ၏လည်တိုင်ကို ဖြတ်သွားမည် ဖြစ်၏။

နောက်ကျမ်းပစ်ကာ ရှောင်တိမ်းသွားသော မျက်နှာဖုံးစွပ်သိုင်းသမား၏နောက်သို့ ကျောင်ဖုန်စန်းမှာ ခုန်၍လိုက်ကာ တိုက်လိုက်၏။

'ချွမ်'

'ထန် ထန် ထန်'

'အို'

မျက်နှာဖုံးစွပ်သိုင်းသမားမှာ ရှေ့ဖက်သို့ ကျွမ်းပစ်သွားပြီးမှ နောက်မှလိုက်တိုက်သော ကျောင်ဖုန်စန်း၏ ဓားချက်များကို နောက်ကျွမ်း သုံးလေးပတ်ပစ်ကာ ဆက်တိုက်ကာကွယ်သွားရုံသာမက ကျောင်စန်စုန်း၏ ဓားကိုင်ညာဘက်ပခုံးကိုပါ ဆတ်ခနဲ ဖိနင်းသွားသည်။

ကျောင်ဖုန်စန်းသည်လည်း အောညက်ကဲ့သို့ပင် လက်မောင်းတစ်ဖက် ကျဉ်ခနဲဖြစ်ကာ ဓားကိုင်ထားသောလက်ကို ဖြေလိုက်ရသည်။

အောညက်နှင့် ကျောင်ဖုန်စန်းတို့သည် ညာလက်ဆုံကို ဘယ်လက်နှင့်ဆုပ်ကိုင်ကာ မျက်စေ့ပျက် မျက်နှာပျက်ဖြင့် နောက်ဆုတ်သွားကြသည်။



'ဟေ့ မကြောက်ပါနဲ့ကွ ငါက မင်းတို့ကို သတ်ဖို့လာတာ မဟုတ်ပါဘူး၊ ငါ့ကိစ္စနဲ့ ငါပါ'

ပြောပြောဆိုဆို မျက်နှာဖုံးစွပ်သည် သူဌေးကြီး လိုကျန်းဖုန်း၏ အပေါ်ထပ်ဆင်ဝင်ပေါ်သို့ လွှားခနဲ ခုန်တက်လိုက်လေသည်၊ အောညက်နှင့် ကျောင်ဖုန်စန်းတို့မှာ မျက်နှာဖုံးစွပ်သိုင်းသမား ခုန်တက်သွားသည်ကို ထိတ်လန့်စွာ ကြည့်နေကြလေသည်။

သူတို့နှစ်ဦးသည် ခြံဝင်းထဲရှိ အစောင့်များကို အော်ဟစ်ကာ အချက်ပေးလိုက်၏။

'ဟေ့ ကောင်တွေ ထကြဟေ့၊ အိမ်ထဲကို လူဝင်လာတယ်၊ ဝိုင်းပြီးတိုက်ကြ'

သူဌေးကြီး လိုကျန်းဖုန်း၏ အိမ်နောက်ဘက်ရှိ အစေအပါးများနေထိုင်ရာ တန်းလျားများမှ လူများ ပြေးထွက်လာကြသည်၊ စုစုပေါင်း လူနှစ်ဆယ်တိတိရှိလေသည်။

ထိုအချိန်တွင် မျက်နှာဖုံးစွပ်သိုင်းသမားမှာ အိမ်ခေါင်မိုးပေါ်သို့ ခုန်တက်သွားပြီး မျက်နှာကျက်ကို ဖောက်ထွင်းကာ လိုကျန်းဖုန်း၏ အိပ်ခန်းထဲသို့ လွှားခနဲ ခုန်ချလိုက်လေသည်။

'အိုး'

သမီးလေး ဖုဖုကို ချော့သိပ်နေသော လိုကျန်းဖုန်းမှာ ထိတ်လန့်စွာ လှည့်ကြည့်လိုက်သည်၊ မျက်နှာဖုံးစွပ် ဓားသမား သည် သူဌေးကြီး လိုကျန်းဖုန်းကို ဓားနှင့်ချိန်လိုက်၏။

'သူဌေးကြီး ခင်ဗျား မသေချင်ရင် ခင်ဗျားရဲ့အခန်းကို တံခါးပိတ်လိုက်ပါ'

အိပ်ယာပေါ်တွင် အိပ်မပျော်သေးသော ဖုဖုက မျက်လုံး ကလေးများဝိုင်းကာ ကြောက်ရွံ့နေ၏။

သူဌေးကြီးက သူ့အခန်းကို ပြေး၍ပိတ်လိုက်သည်။

'မင်းဘယ်သူလဲ၊ ဘာလိုချင်လို့လဲ၊ မင်းလိုချင်တာ ငါ အကုန်ပေးပါ့မယ်ကွာ၊ ငါ့တို့သားအဖကို မသတ်ပါနဲ့နော်'

လိုကျန်းဖုန်းမှာ သမီးလေးနှင့် သူ၏ကြားတွင် မျက်နှာဖုံး စွပ် ဓားသမားက ရောက်ရှိနေသောကြောင့် တုန်တုန်ယင်ယင် နှင့် ကောင်းပန်နေသည်။

'ကျုပ် ငွေလိုချင်လို့လာတာ မဟုတ်ဘူး'

မျက်နှာဖုံးစွပ် ဓားသမားက ဖုဖုအိပ်နေသည့် ခုတင် ပေါ်တွင်ထိုင်ကာ ဖုဖုကို ဘယ်လက်နှင့် ဖက်ထားလိုက်၏။



'ဖေဖေကြီး ကယ်ပါဦး၊ သမီးကြောက်တယ်၊ ကြောက် တယ် အား'

ဖုဖုက ရှန်းကန်ရင်း အော်ဟစ်ငိုယိုနေသည်။

'တိတ်.... ပါးစပ်ပိတ်ထားစမ်း၊ ငါ သတ်ပစ်လိုက်မယ် နော်'

ဖုဖုမှာ နားလည်သိတတ်သော ကလေးဖြစ်၍ ဆက်၍ မအော်ရဲတော့ဘဲ ပါးစပ်ကိုပိတ်၍ မျက်ရည်များသာ စီး ကျ နေတော့သည်။

'သမီးလေးကိုတော့ မလုပ်ပါနဲ့၊ ငါ့ကို သတ်ချင်သတ် ပါကွာ'

'ခင်ဗျားကို ကျုပ်သတ်ရင် ကျုပ်က လူသတ်သမား ဖြစ် သွားမှာပေါ့၊ ဒီမှာ သူဌေးကြီး ကျုပ်ဘယ်သူလဲဆိုတာ ကြည့် ပါဦး'

မျက်နှာဖုံးစွပ်က ဓားကိုင်သောလက်ဖြင့်ပင် သူ့မေးစေ့ မှ မျက်နှာဖုံးစွပ်ကို လှန်ပြလိုက်သည်။

'ဟင်....မင်း ဝူချင်းဖိန်ကိုး'

'ဟုတ်ကဲ့ ကျုပ် ခင်ဗျားရဲ့ သက်တော်စောင့် ဝူချင်းဖိန် လေ၊ အခု ကျုပ် ဂရမ်းပြေးဖြစ်နေရပြီ၊ အဲဒါ ခင်ဗျား ကြောင့်'

'ဦးဦးဝူချင်းဖိန်၊ သမီးကို မသတ်ပါနဲ့နော်၊ ဖေဖေကြီးကိုလဲ မသတ်ပါနဲ့နော်'

ဖုဖု၏ တစာစာတောင်းပန်သံကြောင့် ဝူချင်းဖိန်မှာ စိတ်မကောင်းဖြစ်သွားပြီး သို့သော် စိတ်ကို တင်းတားလိုက်သည်။

'သမီးကို ဦးဦး မသတ်ပါဘူး၊ ဒါပေမယ့် အဖြစ်မှန်ပေါ်ပေါက်အောင်တော့ သမီးကို ဦး ခေါ်သွားရမယ်၊ ကဲ....ဦးဦးကို ဖက်ထားစမ်း'

ဝူချင်းဖိန်က ဖုဖုကို ပခုံးပေါ်သို့ ထမ်းတင်လိုက်သည်၊ အိမ်ထဲတွင် နေစဉ်ကပင် ဖုဖုမှာ ဝူချင်းဖိန်ကို ခင်မင်၍ ပခုံးပေါ်တွင်ထိုင်ကာ **ခေါင်းကို** ဖက်ထားလိုက်သည်။

'ဒီမှာ သူဌေးကြီး၊ ခင်ဗျား ဘာလို့ ကျုပ်ကို တရားခံဖြစ်အောင် လုပ်ရတာလဲ'

'ငါလုပ်တာ မဟုတ်ပါဘူးကွာ'

'ဒါဖြင့် ဘယ်သူလုပ်တာလဲ'

'ငါမသိဘူး'



'ဒီမှာ သူဌေးကြီး၊ အခု ကျုပ်ကို မြို့ဝန်က ကျန်းဖိနဲ့ ကျောင်းဖုကိုသတ်တဲ့ တရားခံအဖြစ် ဖမ်းဆီးတော့မယ်၊ ကျုပ်ဘာမှမလုပ်ဘဲနဲ့တော့ ခေါင်းဖြတ်ပြီး အသေစား မသေနိုင်ဘူး၊ ဒီတော့ မြို့ဝန်ဆီကို သွားပြီးတော့ ကျုပ်ဟာ တရားခံမဟုတ်ကြောင်း ဖော်ထုတ်ရှင်းပြပါ၊ ဒီလိုမဟုတ်ရင်တော့ ခင်ဗျား သမီးနဲ့ ခင်ဗျား တစ်သက်လုံး တွေ့ရတော့မှာ မဟုတ်တော့ဘူး'

'ဟာ ဒီလိုတော့ မလုပ်ပါနဲ့ဗျာ၊ ဖုဖုကို ထားခဲ့ပါ၊ ငါ ရှင်းပြပါ့မယ်'

'ကျုပ် မယုံဘူးဗျာ၊ ခင်ဗျားသမီးကို ကျုပ်မသတ်ပါဘူး၊ ကျုပ် ကောင်းကောင်းမွန်မွန် ထားပါ့မယ်၊ ဒါပေမယ့် မြို့ဝန် ချုံးရင်ထန်က ကျုပ် တရားခံမဟုတ်ကြောင်းကို လက်ခံမှ ဖုဖုကို ခင်ဗျားဆီ ပြန်ပို့မယ်'

'ဟေ့ ဒီလိုမလုပ်ပါနဲ့ကွာ၊ ငါတောင်းပန်ပါတယ် ဝူချင်းဖိန်ရာ'

ထိုအချိန်မှာပင် အခန်းတံခါးကို တဒုန်းဒုန်းထုသံက ပေါ်ထွက်လာသည်။

'ဒုန်း ဒုန်း ဒုန်း'

'သူဌေးကြီး တံခါးဖွင့်ပါဦး အိမ်ထဲကို လူဝင်လာလို့'

ဝူချင်းဖိန်က သူဌေးကြီးကို ချိန်ရွယ်ကာ တုံ့ပြန်ပြောဆိုဖို့ အမူအရာ ပြလိုက်သည်။

'ဟော့ ဒီအခန်းထဲမှာတော့ မရှိဘူး။ အပြင်မှာ သွားရှာကြ'

ဝူချင်းဖိန်က အောညက်တို့နှင့် စံအိမ်မှ အမှုထမ်းများ အခန်းဝမှ ပြန်ထွက်သွားသည်အထိ စောင့်နေသည်။

'ကဲ သူဌေးကြီး လမ်းဖယ်ဗျာ'

'ဟော့ ဝူချင်းဖိန်' ငါ့သမီးလေးကို ခေါ်မသွားပါနဲ့ကွာ ငါတောင်းပန်ပါတယ်'

ဝူချင်းဖိန်က ဓားနှင့် တု ဖယ်လိုက်၍ သူဌေးကြီး လိုကျန်းဖုန်းမှာ ဘေးသို့ ရွှေ့ပေးလိုက်ရသည်။

'ဖေဖေကြီး'

'သမီး ဖုဖု'

ပခုံးပေါ်တွင် ထမ်းထားသော ဖုဖုကို ဝူချင်းဖိန်က လက်တစ်ဖက်ဖြင့်ထိန်းကာ တံခါးကိုဖွင့်၍ အခန်းပြင်သို့ ထွက်လိုက်သည်။



'သူဌေးကြီး ခင်ဗျားလူတွေ ဝိုင်းတိုက်လို့ ခင်ဗျားသမီး သေရင်တော့ ကျုပ်တာဝန်မဟုတ်ဘူး'

လိုကျန်းဖုန်းမှာ သူ့လူများကို ဝူချင်းဖိန်အား မတိုက်ခိုက်ရန် ဟစ်အော်ရင်း နောက်မှ ပြေးလိုက်သွားသည်၊ ဝူချင်းဖိန်သည် စံအိမ်ပြင်ဘက်သို့ ထွက်လိုက်၏။

စံအိမ်အပြင်ဘက်တွင် လူများက ဝူချင်းဖိန်ကို ဝိုင်းထားလေသည်။

'အေး မင်းတို့ ရှေ့ဆက်တိုးလာရင် ဟောဒီ ကောင်မလေးရဲ့လည်ချောင်းကို ထိုးဖောက်လိုက်မယ်'

ဝူချင်းဖိန်က ဖုဖု၏လည်တိုင်ကို သူ့ညာလက်ထဲမှ ဓားဖြင့် ထောက်ထားလိုက်သည်။

'ကြောက်တယ် ဦးဝူ၊ မလုပ်ပါနဲ့၊ သမီးကို မသတ်ပါနဲ့'

'အေး သမီး ငြိမ်ငြိမ်နေ'

ဝူချင်းဖိန်က ကလေးကို ခေါင်းဖြင့်ထိန်းရင်း ထွက်လာသူများကို ကာကွယ်ရန် ဓားကို အသင့်ပြင်ထားလိုက်သည်၊ အိမ်ထဲမှ ပြေးထွက်လာသော သူဌေးကြီးမှာ နှသူ့လူများကို လက်ကာ၍ တားဆီးနေသည်။

'မလုပ်ကြနဲ့ဟေ့၊ သူ့ကို ဝိုင်းမတိုက်ပါနဲ့၊ ဖုဖုကို ထိမယ်'

ဝူချင်းဖိန်သည် ဖုဖုကိုထမ်းကာ ဓားကိုဝှေ့ယမ်း၍ စံအိမ်ထွက်ပေါက်သို့ ရောက်ရှိလာသည်။

'တယ်သူမှ နောက်က ခိုးကြောင်ခိုးဝှက် လိုက်မလာနဲ့နော်၊ လိုက်လာလို့ ဒီကလေး တစ်ခုခုဖြစ်သွားရင် ကျုပ်တာဝန်မယူဘူး သူဌေးကြီး'

စံအိမ်ဝင်ပေါက်ဝမှ လိုကျွန်းဖုန်းဘက်သို့ တစ်ချက်လှည့်အော်ဟာ အမှောင်ထုထဲတွင် ပျောက်ကွယ်သွားလေတော့သည်။

၆

## အခန်း (၁၆)

မာကျောက်ယီသည် ရှက်လည်းရှက် ဒေါသလည်း ထွက်နေသည်၊ သူ့သားစိတ်မနှံ့သူ မာလေ့ရန်မှာ သူ့ရှေ့တွင်ထိုင်ကာ တဟားဟားနှင့် ငိုနေသည်၊ မာလေ့ရန်ကို မိုးလင်း၍ နံနက်အာရုံတက်မှ ယွင်ဖေးချူး၏ ခုတင်အောက်မှ ဆွဲထုတ်ယူရခြင်းဖြစ်၏။

ခြံဝင်းအနှံ့စိတ်ပူကာ လူစုခွဲ၍ လိုက်ရှာကြမှသည်၊ ချင်လော့ရင်မှာလည်း တစ်ညလုံး အိပ်မပျော်၊ မျက်စေ့ပျက်မျက်နှာပျက်ဖြစ်နေသည်၊ သူတို့သည် ယွင်ဖေးချူး၏ အခန်း

ဝါးခါးကိုဖျက်ကာ ဝင်ကြည့်ကြသေးသည်၊ သို့သော် ရုတ်တရက် ယွင်ဖေးချူး မရှိသည်ကိုသာ သတိထားမိပြီး မာလေ့ရန်ပါ ယွင်ဖေချူးနှင့် အပြင်သို့ ခိုးထွက်သွားသည်ဟု ထင်မိသေးသည်။

နောက်တစ်ခေါက် ချင်လေ့ရင်က ခုတင်ပေါ်မှ ကျနေသော အိပ်ယာခင်းစကိုဖယ်ကာ အောက်သို့ငုံ့ဝင်စမ်းကြည့်တော့မှပင် သူ့သား မာလေ့ရန် သတိမေ့နေသည်ကိုတွေ့ကြရခြင်းဖြစ်၏။

မိုးမျှော်စံအိမ်မှ လူများအားလုံးကို မာကျောက်ယိသည် ညှိခန်းသို့ ခေါ်လိုက်သည်။

မာလေ့ရင်ကိုလည်း သတိရတာနဲ့ဆေးဝါးများတိုက်ကာ ညှိခန်းတွင် ထိုင်ခိုင်းထား၏၊ သို့သော် မာလေ့ရင်မှာ ချက်နှာကို လက်ဝါးနှင့်အုပ်ကာ တဟီးဟီးနှင့် ရှိုက်ငိုနေ၏။

'ဟီးဟီး ယွင်ဖေးချူး သားကိုနာအောင်လုပ်တယ်၊သူ့ကို ပြန်ရှာပေး ဟီးဟီးဟီး'



အရှယ်နှင့်မမျှအောင် အသီဥဘဏ်က နီနဲ့နေ၍ မာလေ့ရန်က ပါးစပ်ပြဲကြီးနှင့် အော်ငိုနေသည်၊ မာကျောက်ယိသည် ဒေါသထွက်လာသည်။

'ချင်လေ့ရင်'

ရှင်

'မင်းသားကို မင်းခေါ်ပြီး ဒီအခန်းထဲက ထွက်သွားစမ်းကွာ'

'ဟုတ်ကဲ့ လာသား မေမေတို့ နောက်ဖေးမှာ မုန့်တွေသွားစားမယ်နော်'

ချင်လေ့ရင်က သူ့သား၏ ပခုံးကိုကိုင်ကာ ချော့လိုက်သည်။

'အီးဟီး မုန့်မစားဘူး ယွင်ဖေးချူးကိုရှာပေး သူ့ကို သားချစ်တယ် အီးဟီး'

'အေးသာသား ဖေဖေကြီးက တွေ့အောင် ရှာခိုင်းမှာပါ ဘာမှမပူနဲ့ လာခဲ့နော်'

'အီး ဟီး အီး'

မာလေ့ ရန်မှာ သူ့ အမေခေါ်သောနောက်သို့ မလိုက်ချင် လိုက်ချင်နှင့် လိုက်သွားလေသည်။

'ကဲ ခွန်ရွှေနဲ့ စူးရှင်တို့လည်း လိုက်သွားကြဲတော့'

သူ့အမိန့်ကို နာခံရင်း စောင့်ဆိုင်းနေသော ကောင်မလေး နှစ်ယောက်မှာ ဧည့်ခန်းထဲမှ ထွက်ခွာသွားကြလေသည်။

ယခုအခါတွင် မာကျောက်ယိ၏ ရှေ့တွင် လူငါးယောက် တိတိ ကျန်ရှိနေသည်၊ ထိုငါးယောက်မှာ မာကျောက်ယိ၏ အမာခံ လက်ရင်းတပည့်များပင် ဖြစ်သည်၊ ခန္ဓာကိုယ်တုတ်ခိုင် ၍ မေးရိုးကားကားနှင့် ကြောက်စရာကောင်းလောက်အောင် မျက်နှာထားဆိုးလှသော မြားသမားချောင်းလီမှာ ညာဘက် အစွန်ဆုံးတွင် ရပ်နေသည်။

ချောင်းလီကို ခုတာလိုက်မုဆိုးများ ထဲမှ ပက်ရွေးစင် ရွေး တုတ်ကာ မာကျောက်ယိက သူ့အိမ်တွင် ခေါ်ထားခဲ့ခြင်း ဖြစ်သည်။

ချောင်းလီ၏ဘေးတွင် လက်မရှိ့ ဓားသမား ယူကျင်က ရပ် နေသည်၊ ယူကျင်၏အရပ်မှာ ရှည်လျား၍ ကိုယ်ဟန်ကန့်နွဲ့နှင့် ယဉ်ကျေးပျူငှာမည့်ဟု ထင်မှတ်ရသည်။



သို့သော်သူသည် ကြေးစားလူသတ်သမားဖြစ်၍ အရုပ် တစ်ရုပ်ကဲ့သို့ သနားကြင်နာစိတ် ကင်းမဲ့ကာ ငွေကြေးပေးသူ ၏ စကားကိုသာ နားထောင်တတ်သော အမဲလိုက် ခွေးမျိုး ဖြစ်သည်။

ယုကျင်၏ဘေးတွင် ယှဉ်ဘာ ရပ်နေသူမှာတော့ ဓားသုံး လက် ကျင်းယုံဟု နာမည်တွင်သူဖြစ်သည်၊ ဓားသုံးလက် ကျင်းယုံဟု အမည်တွင်ခြင်းမှာ သိုင်းလောကတွင် ဓားကိုသုံး ချောင်းကိုင်သော ကျင်းယုံကို လူတိုင်းသိရှိကြ၏။

ကျင်းယုံ၏ ဓားသုံးလက်မှာ မည်သည့်အခါမဆိုသူ့ကိုယ် နှင့် မကွာ ရှိနေတတ်ပြီး ရန်သူကို တိုက်ခိုက်ရာ၌ ပရိယာယ် များလှသူ ဖြစ်၍ ဓားပစ်ရာတွင် အသံကြားရာကို မှန်အောင် ပစ်နိုင်သူမျိုးဖြစ်သည်။

ကျင်းယုံ၏ ဘေးတွင် လူ့ဘီလူးကြီးကား ခန္ဓာကိုယ်ကြီး မားထွားကျိုင်းစွာ ရပ်နေသောသူမှာ ကျုံးထန်ပင် ဖြစ်၏၊ ကျုံးထန်သည် မြောက်ပိုင်းပြည်နယ်မှ ပြိုင်ဘက်ကင်း သိုင်းသ မား တစ်ဦးဖြစ်ပြီး၊ မာကျောက်ယိ၏ သက်တော်စောင့်အ ဖြစ်နှစ်ပေါင်း ၁၀နှစ်ကြာ ဆောင်ရွက်လာခဲ့သူ ဖြစ်သည်။

လူငါးဦးထဲမှ ဘယ်အစွန်ဆုံးတွင် ရပ်နေသော မျက်စေ့ တစ်ဘက်မရှိသူကတော့ ဂမ်ချောင်းပင်ဖြစ်သည်။

ဝမ်ချောင်းက အဆိပ်နှင့် လက်နက်ပုန်းအရာ၌ သူမတူအောင် ကျွမ်းကျင်သူ ဖြစ်သောကြောင့် မာကျောက်ယီအတွက် အားကိုးအားထား ပြုနေရသူ တစ်ဦး ၂င်ဖြစ်သည်။

အခန်းထဲတွင် သူ့ တပည့်ငါးဦးသာ ကျန်ရှိသည့်အခါတွင် မာကျောက်ယီ၏ မျက်နှာမှာ ကြောက်ရော ကောင်းလောက်အောင် မာကျောနေလေပြီ။

'ချောင်းလီ၊ ဒီခရီးလမ်းမှာ မင်းဟာ အရေးအကြီးဆုံးပဲ၊ မင်းက တောလဲကျွမ်းတယ်၊ ပြီးတော့ မျက်စိလဲ လျှင်တယ်ဆိုတော့ သူတို့ကို ခြေရာခံလိုက်နိုင်အောင် ရှေ့က ထွက်သွားနှင့်၊ ကဲ....မင်းသွားတော့'

ချောင်းလီသည် မိုးမျှော်စံအိမ်၏ ညှော်ခန်းထဲမှ ပြေးထွက်ကာ အိမ်ရှေ့တွင် ဖာသင့်ချီထားသော မြင်းပေါ်သို့ လွှားခနဲခုန်တက်လိုက်၏။

'ယူကျင်နဲ့ကျင်းယုံ'

မာကျောက်ယီကို ယူကျင်နှင့်ကျင်းယုံက ဖျတ်ခနဲ မော့ကြည့်ကြ၏။

'မင်းတို့နှစ်ယောက်က ချောင်းလီရဲ့နောက်ကို ခြေရာခံပြီးလိုက်၊ ရန်သူနဲ့ ချောင်းလီ ရင်ဆိုင်နေရရင် ဝင်ပြီးကူ၊ ကြားလား'



နောက်ကာဂ်လူနှစ်ယောက် ညှော်ခန်းထဲမှ ထပ်၍ ထွက်သွားပြန်၏၊ ညှော်ခန်းထဲတွင် လူ့ ဘီလူးကြီး ကျုံးထန်နှင့် မျက်စိတစ်ဖက်လပ် ဝမ်ချောင်တို့သာကျန်ခဲ့တော့သည်။

'မင်း ဘယ်လိုထင်သလဲ ကျုံးထန်'

ရုတ်တရက် မေးလိုက်သော မေးခွန်းကြောင့် ကျုံးထန်မှာ ဘာဖြေရမည်မသိဘဲ သူ့ ဆရာ မာကျောက်ယီကို ကြည့်လိုက်သည်၊

'ဘာကိုပြောတာလဲ ဆရာ'

'ဒီအိမ်မှာ လူနှစ်ယောက် ပျောက်သွားတယ်ကွာ၊ တစ်ယောက်က ငါ့ရဲ့ ဥယျာဉ်မှူးအားရှောင်၊ နောက်တစ်ယောက်က ငါ့သားနဲ့လက်ထပ်ပေးမယ့် ငါ့အိမ်က ကောင်မလေး ယွင်ဖေးချူ'

'ကျွန်တော်ထင်တာတော့ ယွင်ဖေးချူဟာ သူ့အကြံအစည်ကို အားရှောင်ကို ပြောပြလိမ့်မယ်၊ အားရှောင်က အတွေ့အကြုံရှိတဲ့ သိုင်းသမား မဟုတ်လား၊ ဒါကြောင့် သူညတွင်းချင်း လွတ်အောင် အိမ်ထဲက ထွက်သွားတာပေါ့'

ကျုံးထန်က ထင်ကြေးပေးလိုက်၏။

'မင်းပြောတာ ဖြစ်နိုင်ပါတယ်၊ ပြီးတော့ ခြေရာလက်ရာကို ကြည့်တာနဲ့ အားရှောင်ဟာ ငါ့ကို သစ္စာဖောက်နေပြီဆိုတာ သေချာတယ်၊ ဒီတော့ သူတို့ မြို့ပြင်ကိုမထွက်ခင် အားရှောင်ကို တွေ့တဲ့နေရာမှာ မင်းတို့ အပြတ်သာ ရှင်းပစ်ကြ၊ ကောင်

မလေးကိုတော့ လက်မလွှန်စေနဲ့၊ မတတ်သာတော့မှသာသတ်၊ ငါကတော့ အရှင်ဖမ်းခဲ့စေချင်တယ်'

ကျုံးထန်နှင့်ဝမ်ချောမ်းတို့တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်သည်။

## အခန်း (၁၇)

တာမိုဘုန်းကြီးကျောင်း၏ နောက်ဘက်တွင် သာယာလှပသော ရေအိုင်တစ်ခုရှိ၏၊ ထိုရေအိုင်သို့ဆင်းရာ ကျောက်လှေကားထစ်များပေါ်တွင် လူနှစ်ယောက်တိုင်နေကြ၏။

'အဲ့ဒါ အစ်ကို သိပ်မှားဘယ်၊ မချူးကို မတိုင်ပင်ဘဲ အစ်ကိုလုပ်တာ၊ ဒီကလေးကို အစ်ကို ခေါ်လာတော့ရော ထန်းဖိတ္တိုကို အစ်ကို မသတ်ဘူးဆိုတဲ့ သက်သေခံရပါ့မလား'

'သူဌေးကြီးလိုကျန်ဖုန်းကိုတော့ မြို့ဝန်ကရှင်းပြဖို့ပြောခဲ့ပါတယ်'

မိုးဆမ်းပန်းစာပေ

ဝူချင်းဖိန် ရေကန်ကိုငေးကြည့်ရင်း မပွင့်တပွင့် ပြောလိုက်သည်။

'အခုဟာက သူဌေးကြီးရှင်းပြပေမယ့် သက်သေရှိဖို့လိုတာပေါ့၊ အစ်ကို့ရဲ့တံဆိပ်ပြားကို ဘယ်သူက ယူထားလဲ၊ ဥပမာ အောညက်က အစ်ကို့အခန်းထဲ ဝင်ယူသလား၊ ဒါမှမဟုတ် ကျောင်ဖုန်းခန်းလား'

'ဒါတော့ အစ်ကိုဘယ်သိမလဲ'

'ဟုတ်တယ်လေ၊ ဒါကို ဘယ်သူမှမသိဘူး၊ အစ်ကိုတို့မသိသလို မြို့ဝန်ကြီး ချူရင်ထန်ကိုယ်တိုင်လဲမသိဘူး၊ အဲ့ဒီမသိတာကို မေချူးတို့သိအောင်လုပ်ရမှာပေါ့'

ဝူချင်းဖိန်• ခေါင်းကုတ်လိုက်၏။

'မေချူးရဲ့စကားတွေက ပိုရှုပ်လာပြီကွာ၊ မေချူး ဘာပြောချင်တာလဲ၊ ရှင်းရှင်းပြောစမ်းပါ'

'ရှင်းရှင်းပြောရရင်တော့ အစ်ကိုမသတ်ဘူးဆိုတာ သေချာအောင် လူသတ်တရားခံကို ဖော်ထုတ်နိုင်မှဖြစ်မယ်'

'ဒါဆို အစ်ကိုက လူသတ်သမားကိုတွေ့အောင်ရှာပြီး ထုတ်ဖော်ရမှာပေါ့'



'ဟုတ်တယ်၊ ဒါမှ တရားခံပေါ်သွားရင် အစ်ကိုက ဒီအမှုနဲ့ လုံးဝမဆိုင်တော့ဘူး၊ မေချူးနဲ့အစ်ကိုနဲ့လက်ထပ်လို့ရပြီ'

ဝူချင်းဖိန်က စိတ်ပျက်လက်ပျက်နှင့်ခေါင်းခါလိုက်၏။

'မလွယ်ဘူး မေချူး'

'ဘာမသွယ်တာလဲ'

'တရားခံက သူတို့ကို မသိစေချင်လို့ အစ်ကို့ကို လွှဲချထားတာပဲ၊ ဒါ သူဌေးကြီးတော့မဟုတ်ဘူး၊ အောညက်နဲ့ ကျောင်ဖုန်းခန်းတို့လဲ မဖြစ်နိုင်ဘူး'

'ဒါဆို ဘယ်သူဖြစ်နိုင်တာလဲ'

မေချူးက အကဲခတ်ရင်းမေးလိုက်၏။

'အဲဒါကို သိနိုင်ဖို့က နည်းလမ်းတစ်လမ်းပဲရှိတယ် မေချူး'

'ဘယ်လိုနည်းလမ်းလဲ အစ်ကို'

'ကျောင်းဖုန်မှာ အစ်ကိုတစ်ယောက် ရှိတယ်လို့ မေချူးပြောဖူးတယ် မဟုတ်လား'

'ဟုတ်တယ်လေ၊ သူ့နာမည်က ကျောင်ထန်တဲ့၊ တာဟူးမြို့က ပန်းမာလ်စားသောက်ဆိုင်မှာ အလုပ်လုပ်တယ်'

'ဟုတ်ပြီ မေချူး၊ ဒါဆိုရင်တော့ သူ့အစ်ကိုနဲ့ဆက်သွယ်တဲ့သူတွေ သွားတာ လာတာတွေကို သူ့ဆီက သိနိုင်တာပေါ့'

'အင်း....ဒါ မဆိုးပါဘူး၊ ဒါဆိုရင် မေချူး သူ့ဆီကို သွားပြီး စုံစမ်းကြည့်မယ်လေ'

'အစ်ကိုလဲ လိုက်ခဲ့မယ်'

'အို....အစ်ကိုလိုက်လို့ ဘယ်ဖြစ်ပါ့မလဲ၊ တော်ကြာ မြို့ဝန်ရဲ့ လူတွေတွေ့သွားလို့ အစ်ကို့ကို ဖမ်းနေပါဦးမယ်'

'မေချူးတစ်ယောက်ထဲ စိတ်မချလို့'

'သူဌေးသမီးလေး ဖုဖုကို မြန်မြန်ပြန်ပို့လိုက်ပါ အစ်ကို ရယ်၊ သူ့ကိုခြေရာခံပြီးလိုက်လာရင် အစ်ကိုခဏလေးအဖမ်း ခံရမယ်သိလား'

မေချူးစကားကြောင့် ဝူချင်းဖိန်မှာ လိုကျန်းဖုန်း၏သမီး လေး ဖုဖုကို ကျောင်းထဲတွင်ထားခဲ့သည်ကို သတိရသွား၏။

'ကလေးက ဘုန်းကြီးကျောင်းထဲမှာ ဆော့ရတာပျော် နေတယ်၊ အစ်ကိုနဲ့လဲခင်တော့ သူ့အဖေဆီတောင် အခုမြန် ဖို့ဖို့ ငိုပြီးမပူဆာတော့ဘူး'

'ခက်တာပဲအစ်ကိုရယ်၊ ဒီကလေး တစ်ခုခု ဖြစ်သွားရင် အစ်ကိုအမှုပတ်လိမ့်မယ် ဒါကိုရောမတွေးမိဘူးလား'

'တွေးမိပါတယ်၊ ဒါပေမယ့်သူဌေးကြီးကို တစ်ရက်နှစ် ရက်စိတ်ပူအောင်ထားပြီးမှ ထွက်လာတဲ့စကားကိုနားထောင် ကြည့်ချင်တယ်'



'အင်း....သူကိုယ်တိုင် မဟုတ်ရင်တောင် သူဌေးကြီးဟာ တရားခံဘယ်သူဆိုတာကို ရိပ်မိနိုင်မယ်လို့ ကျွန်မထင်တယ်'

'အင်း ကျောင်းထန်ဆီက မထူးခြားရင်တော့ ဖုဖုကိုပြန်ပို့ ရင်း သူဌေးကြီးနဲ့ထပ်တွေ့လိုက်မယ်လေ'

'ကောင်းသားပဲ'

(၅)

အခန်း (၁၈)

နေ့လည်ပိုင်းဖြစ်၍ ပန်းမာလာစားသောက်ဆိုင်ထဲတွင်လူရှင်းနေသည်၊ အခန်းထောင့် စားပွဲတစ်လုံးတွင်သာ လူနှစ်ယောက်စားသောက်နေကြလေ၏၊ မကြာမီမှာပင် ပန်းမာလာစားသောက်ဆိုင်ထဲသို့ ဦးထုပ်ကို မျက်နှာတစ်ဝက်ဖုံးအောင်ဆောင်းထားသော လူတစ်ဦးဝင်လာသည်။

'ခေါက်ဆွဲကြော်တစ်ပွဲနဲ့ အရက်ဘစ်အိုးပေးပါဟေ့'

အသံခပ်ကျယ်ကျယ်အော်လိုက်ပြီး လူနှစ်ယောက် ထိုင်နေသော စားပွဲ မနီးမဝေးတွင် ထိုင်ချလိုက်သည်။



ကျောင်းထန်က အရက်အိုးကိုယူလာကာ လူငယ်ရှေ့တွင် ချပေး၏။

'ခေါက်ဆွဲကြော်က ခဏနေရင် ရမယ်နော်'

'အေး ရပါတယ် အရက်ကို အရင်သောက်ထားမှာပေါ့'

လူငယ်က အရက်အိုးကို ခွက်ထဲသို့လောင်းချကာသောက်လိုက်သည်။

အခန်းထောင့်စားပွဲမှ လူနှစ်ဦးတွင် တစ်ဦးက မျက်လုံးတစ်ဖက်ကို သားရေပြားနှင့်အုပ်ကာ နဖူးပေါ်မှ ကြိုးသိုင်းထားသည်၊ ကျောပေးထားသောလူကြီးမှာမူ ဘီလူးကြီးတစ်ကောင်ကဲ့သို့ ထွားကြိုင်းသန်မာလှသူပင်ဖြစ်သည်။

'ဟို မလောက်လေးစား ကောင်လေးက ငါ့ကိုကြည့်နေလား ကျိုးထန်း'

'ကိုယ့်ဟာကိုယ် အရက်ကို အေးအေးဆေးဆေးသောက်စမ်းပါ ပမ်ချောင်းရာ၊ ပြဿနာမရှာစမ်းပါနဲ့၊ ဇိမ်ပျက်ပါတယ်'

ကျုံးထန်က ဝမ်ချောင်းကို ပြန်ပြောရင်း သူ့အရက်ခွက်ကို မော့သောက်လိုက်သည်။

'ဒီကောင့်ကို ငါမြင်ဘူးသလိုပဲ့ ဘယ်မှာမြင်ဘူးပါလိမ့်'

ဝမ်ချောင်းက ဦးထုပ်ကိုမျက်နှာဝက်ဖုံးထားသောလူငယ်ကိုကြည့်ရင်း ပြောလိုက်ပြန်သည်၊ ကျုံးထန်ကဲ တံခါးပေါက်ဝတွင်လာရပ်သော မိန်းကလေးကိုကြည့်လိုက်၏၊ မျက်နှာကချစ်စရာကောင်းသော ဝိုင်းဝိုင်းစက်စက်လေးဖြစ်၍ မျက်လုံးမလွှဲနိုင်ဘဲဖြစ်နေသည်။

မိန်းမပျိုလေးက ဆိုင်ထဲတွင် အရက်သောက်နေသူများကို တစ်ချက်ဝေ့ကြည့်လိုက်သည်။

'ကျွန်မ ကျောင်းထန်နဲ့တွေ့ချင်လို့ပါ'

လူ့ဘီလူးကြီး ကျုံးထန်က ထရပ်လိုက်သည်။

'ကျောင်းထန်ဆိုတာ ကျုပ်ပါပဲ'

'အို မဟုတ်ပါဘူးရှင် ကျွန်မတွေ့ချင်တာကဒီဆိုင်ကအလုပ်သမား ကျောင်းထန်ပါ'



ကျုံးထန်က နာမည်ဆင်တူနီးပါးဖြစ်နေ၍ ရှက်ရွံ့စွာ ထိုင်လိုက်သည်၊ ဝမ်ချောင်းက ဟက်ခနဲတစ်ချက် ရယ်လိုက်၏။

'မင်းကလဲ မိန်းကလေးချောချောတွေ့ရင် စိတ်က တယ်လာကြီးတာကိုး'

'တော်စမ်းပါ'

ဝမ်ချောင်းကို ကျုံးထန်က မျက်မှောင်ကျုတ်၍ကြည့်ရင်း ဟိန်းဟောက်လိုက်၏၊ ထိုစဉ်စားပွဲရှိ ကျောင်းထန်ကဆိုင်ရှေ့သို့ထွက်လာသည်။

'ဟင်း မင်းဘာလာလုပ်တာလဲ'

'ကျွန်မ ရှင်နဲ့စကားပြောချင်လို့ပါ'

မေချူးက ကျောင်းထန်ကို တောင်းပန်စကား ဆိုလိုက်သည်။

'မင်း ခုထွက်သွားစမ်း မင်းဟာသစ္စာမရှိတဲ့ မိန်းမ ခင်းကြောင့်ငါ့အစ်ကိုသေရတာ'

ကျောင်းထန်က သူ့အစ်ကိုအသတ်ခံရမှုအတွက် မေချူးကို အထင်လွဲကာ အော်ငေါက်နေသည်။

'မဟုတ်ပါဘူးရှင် ကျွန်မရှင်းပြပါရစေ'

'ဘာမှရှင်းပြမနေနဲ့ မင်းမျက်နှာလဲ ငါမကြည့်ချင်ဘူး မင်းမျက်နှာများသို့ ငါ့အစ်ကို သေရတာ မင်းရဲ့နောက်ရည်းစားက ငါ့အစ်ကိုကို သတ်လိုက်တာမဟုတ်လား.'

မေချူးက မျက်နှာကို လက်ဝါးဖြင့်အုပ်ကာ ငိုယိုလိုက်လိုက်သည်။

'အဟင့်ဟင့် မဟုတ်ဘူးရှင့် မဟုတ်ဘူး'

'သွားကွာသွား မင်းမျက်နှာကိုကြည့်ရတာ ကျက်သရေယုတ်တယ်'

ကျောင်းထန်က မေချူးကို ဆောင့်တွန်းရန် ပြင်လိုက်သည်၊ သို့သော် ကျောင်းထန်၏ လက်ကို ရှေ့သို့ မရောက်အောင် နောက်မှဆွဲထားခြင်းသိလိုက်ရ၏။



ကျောင်းထန်၏ပခုံးကို နောက်မှလှမ်းဆွဲလိုက်သူမှာ လူ့ဘီလူးကြီး ကျုံးထန်ပင်ဖြစ်သည်။

'ဟေ့ မိန်းကလေးတစ်ယောက်ကို ဒီလိုရိုင်းရိုင်းပျပျမလုပ်ပါနဲ့ကွာ'

'ခင်ဗျားနဲ့ဘာဆိုင်လဲဗျ၊ ဒါကျွန်တော့်အစ်ကိုကို ဂြိုဟ်မွှေတဲ့ကောင်မ'

ကျောင်းထန်က လှည့်ကာပြောလိုက်၏။

ထိုအချိန်ပသွင် ကျုံးထန်မှာ အတော်မူးနေပြီဖြစ်သည်။

သူ့အားနှင့် ကျောင်းထန်ကို သူ့စားပွဲသို့ ဆွဲယူလိုက်သည်။

'မင်းက ငါ့ကို ဘာစကားပြောတာလဲ ဒီဆိုင်မှာ ငါ့ကို ဘယ်သူမှ ပမာမခန့်မလုပ်ရဲဘူး'

ကျောင်းထန်ကို ဆောင့်ဆွဲပြီး နောက်သို့ တွန်းလိုက်၍ ပက်လက်လန်ကျသွားသည်၊ ထိုမျှနှင့်မကျေနပ်သေးဘဲ ကျုံးထန်က သူ့ခြေထောက်နှင့် ကျောင်းထန်ကို တက်နင်းရန်ဟန်ပြင်လိုက်၏။

ဦးထုပ်ကို ခေါင်းမျက်နှာတစ်ဝက်ဖုံးအောင် ဆောင်းထားသော လူငယ်က စားပွဲမှထလာကာ လဲကျနေသောကျောင်းထန်ရှေ့မှ ရပ်လိုက်သည်။

ကျုံးထန်မှာ သူ့ကို ဝင်နှောင့်ယှက်သူကို ကြည့်လိုက်၏။

'တော်ရောပေါ့ဗျာ၊ အားချင်းမှ မမျှတာပဲ ဘာဖြစ်လို့ အနိုင်ကျင့်ချင်ရတာလဲ'

လူငယ်က ခပ်အေးအေးပင်ပြောလိုက်သည်။

'ကဲ....မဆိုင်ဘဲနဲ့ ဝင်ရှုပ်တဲ့ကောင် လာစမ်းကွာ'

ကျုံးထန်က လူငယ်၏ လည်တိုင်ကို လှမ်းဆွဲလိုက်၏။

ဦးထုပ်ဆောင်းထားသော လူငယ်က ပေါ့ပါးနုပ်စွာ ရှောင်တိမ်းလိုက်၍ လေကိုသာ ဆွဲမိပြီး နောက်သို့ ဖင်ထိုင်လျက်လဲသွား၏။

'ကဲ....ကျုပ်မပြောဘူးလား၊ ဒီကောင်လေး အချိုးမပြေဘူးဆိုတာကို'



မျက်စေ့တစ်ဖက်လပ် ဝမ်ချောင်က နေရာမှ ထလာရင်း ပြောလိုက်သည်၊ ကျုံထန်က လဲကျနေရာမှ ထရပ်လိုက်၏။

ဝမ်ချောင်က သူ့အဖော် ကျုံးထန်နှင့်အတူ လူငယ်ကို မျက်နှာချင်းဆိုင်လိုက်သည်။

'ဟေ့ကောင်လေး၊ တို့နှစ်ယောက်ကို ခု ထိုင်ကန်တော့ပြီး တောင်းပန်စမ်း၊ မင်းဒီဆိုင်မှာ တို့နာမည်ကို မကြားဖူးဘူးထင်တယ်'

လူငယ်က ခပ်အေးအေး အမူအရာဖြင့်....

'ကျွန်တော့်မှာ ကန်မတော့တယ် တောင်းပန်တယ် ဆိုတာ ထုံးစံကိုမရှိလို့ပါဗျာ'

'ကဲ....ထုံးစံမရှိဦးကွာ'

'ရှပ်'

'ရှီ....'

ဝမ်ချောင်က အလှန်လက်မြန်သူဖြစ်သည်၊ သူ့ခါးမှ ဓားကို လှစ်ခနဲဆွဲထုတ်ကာ လူငယ်ကို သူ၏ပါးလှသောအဆိပ်ဓားနှင့် လှမ်းပိုင်းလိုက်သည်။

လူငယ်မှာ ပေါ့ပါးစွာ ကြောင်တစ်ကောင်ကဲ့သို့ပင် လှစ်ခနဲ ငုံ့ရှောင်လိုက်သည်။ ကျုံးထန်ကလည်း ပြေးဝင်လာကာ လူငယ်ကို သူ၏ လက်ဝါးချက်ဖြင့် ရိုက်ချလိုက်ပြန်သည်။

လူငယ်၏ လှုပ်ရှားမှုက မယုံကြည်နိုင်လောက်အောင်ပင် မြန်ဆန်လှသည်၊ သူတို့နှစ်ယောက် ကြားမှာ စားပွဲတစ်လုံးပေါ်သို့ လွှားခနဲ ရောက်ရှိသွားသည်။

'ကျုံးထန်ရေ၊ ဒီနေ့တော့ ဒီကောင်လေးကို သေအောင် သတ်လိုက်ရအောင်ကွာ'

'မင်းသဘောပဲ၊ မင်းသဘောကျရင် ငါကလဲမငြင်းပါဘူး'

မျက်နှာတစ်ဝက်အုပ်အောင် မြက်ဦးထုပ်ဆောင်းထားသော လူငယ်ကို ကျုံးထန်နှင့်ဝမ်ချောင်တို့က ဝိုင်း၍တိုက်သည်၊ လူငယ်လေးက သူတို့နှစ်ယောက်ကြားတွင် ပါးနပ်စွာ ရှောင်တိမ်းနေသည်။

ဝမ်ချောင်က သူ၏ အဆိပ်ဓားနှင့် ဝိုင်းနေရင်းမှ ဘယ်လက်ကအိတ်ထဲမှ အဆိပ်အပ်များကို ထုတ်ယူကာ ဖလစ်တွင် ပစ်ထည့်လိုက်၏။



'ထန်း'

လူငယ်က ရိပ်မိ၍ ခုန်ရှောင်ကာ အဆိပ်အပ်များကို ရိုက်ထုတ်လိုက်သည်၊ လူငယ်ရိုက်ထုတ်လိုက်သောအဆိပ်အပ်က ဝမ်ချောင်ထံသို့ ပြန်၍ ဦးတည်သွား၏၊ ဝမ်ချောင်မှာ ကြောက်အားလန့်အားဖြင့် ဘေးသို့ခုန်ရှောင်လိုက်ရလေသည်။

လူငယ်လေးက ထိုအကွက်ကို အလွတ်မပေးတော့ပေ။

ဟန်ချက်ပျက်သွားသော ဝမ်ချောင်၏ဝမ်းဗိုက်ကို သူ၏ ညာခြေထောက်ဖြင့် ဂန်ထည့်လိုက်သည်။

'အ့တ်'

ခပ်အုပ်အုပ် အသံတစ်ချက် ထွက်ကာ ဝမ်ချောင်း ဖင်ထိုင်ကျသွားသည်၊ ကျုံးထန်က လူငယ်လေးကို ခါးမှ တိုင်ပေါက်သတ်ရန် ဇက်မှ ဆုပ်ကိုင်လိုက်၏၊ အပေါ်သို့ မ၍မြှောက်လိုက်သည်။

'အား'

ကျုံးထန်မှ ကျယ်လောင်စွာ အော်ဟစ်ရင်း နောက်သို့ ထိတ်လန့်တကြား ဆုပ်လိုက်၏၊ လူငယ်လေး၏ လက်များက သူ၏ ဆုပ်ကိုင်ထားသော လက်နှစ်ဖက်ကို အတွင်းအားဖြင့် တိုက်ချလိုက်သောကြောင့် ဖြစ်သည်။

ဝမ်ချောင်း လဲကျရာမှ မထနိုင်ကြောင်းကို သိသောအခါတွင် ကျုံးထန် ဆိုင်ထဲမှအိပ်ပဲ့ အိမ်မဲ့နှင့် ထွက်ခွာသွားလေတော့သည်၊ ဝမ်ချောင်းကတော့ လောကကြီးနှင့် စကားအဆက်ပြတ်နေလေသည်။

'ကျေးဇူးတင်ပါတယ် အစ်ကို၊ နို့မို့ဆိုရင် ဟို-ပူ့ဘီလူး သတ်တာနဲ့ ကျွန်တော်သေမှာ'

ကျုံးထန်က လူငယ်လေးကို ကျေးဇူးတင်စကား ပြောလိုက်၏၊ ထိုအခါ ဆိုင်ဘေးတွင်ကပ်ကာ ပုန်းနေသော မေချူးသည် ဆိုင်ထဲသို့ ဝင်လာ၏။

'ကဲ...ညီလေး၊ အစ်ကိုတို့က မင်းအစ်ကိုကို သတ်သွားတဲ့ တရားခံပေါ်အောင် လိုက်ရှာနေတာပါ၊ သူ့ကိုလဲ အထင်မလွဲပါနဲ့'

ဦးထုပ်ကို ခပ်ငိုက်ငိုက်ဆောင်းကာ ရုပ်ဖျက်ထားသော ဝူချင်းဖိန်က လူငယ်ကို ဖျောင်းဖျလိုက်သည်။



လူငယ်လေးမှာ ဝူချင်းဖိန်ကို အားနာသောကြောင့် မေချူးကို မကျေနပ်သော်လည်း ရန်တွေ့သောစကားများ မပြောတော့ချေ၊ သူတို့နှစ်ဦးကို စားပွဲတစ်လုံးတွင် နေရာချပေးသည်။

'ကျွန်တော့်နာမည် ကျောင်းထန်ပါ အစ်ကို၊ အစ်ကို သိချင်တာ မေးပါ'

'အေး....နောက်မှမေးမယ်၊ ဟို မျက်စိတစ်ဖက်လက်နဲ့ တစ်ကိုယ်လုံးကို အနှံ့ရှာဖွေကြည့်စမ်းကွာ၊ ဒီလူ လူကောင်းတစ်ယောက်တော့ ဟုတ်မယ် မထင်ဘူး'

'ဟုတ်တယ်အစ်ကို၊ သူတို့ မိုးမျှော်စံအိမ်က လူတွေပဲ'

ဝူချင်းဖိန်မှာ 'မိုးမျှော်စံအိမ်'ဟု ကြားလိုက်ရ၍ စိတ်ဝင်စားသွားသည်။

'မိုးမျှော်စံအိမ်ဆိုတာ ဟိုတောင်ကုန်းပေါ်က မျှော်စင်လို ဆောက်ထားတဲ့အိမ်ကို ပြောတာအစ်ကို၊ အဲဒီအိမ်မှာလဲ လူဆိုးတွေရှိသလိုလို လူတွေက ပြောနေကြတာပဲ'

'ဟုတ်လား၊ ဒါဆို သူ့ကိုယ်မှာ ဘာတွေပါလဲ ရှာကြည့်စမ်း'

ဝမ်ချောင်း ကိုယ်ထဲမှ လက်နက်ပုန်များ၊ အဆိပ်အပ်များ ထွက်လာသည်၊ ထို့နောက် စာတစ်စောင်ကိုပါ သူတို့ တွေ့လိုက်ကြရသည်။

ဝမ်ချောင်း

ငါတာဝန်ပေးထားတာ လုပ်တော့၊ အောညက်က မင်းကိ တံဆိပ်ပြားတစ်ခု လာပေးလိမ့်မယ်၊ အဲဒါကို ချထားခဲ့။

ဝူချင်းဖိန်နှင့် မေချူးတို့ ထိုစာကိုဖတ်ကာ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်မိကြ၏၊ စာတွင် လက်မှတ်ရေးထိုးထားခြင်း မရှိပေ။

## အခန်း (၁၉)

ဝူချင်းဖိန်သည် စာကို ဖတ်ကြည့်သည်နှင့်ပင် ထန်းဖိန်နှင့် ကျောင်းဖုတ္တိကို သတ်သော တရားခံမှာ ဝမ်ချောင်းဖြစ်ကြောင်းကို ရိပ်မိလိုက်သည်။

'သူ သတ်တာတော့ သေချာနေပြီ၊ ဒီတော့ သူ့ကို ဘယ်သူက ခိုင်းသလဲ၊ ဒါ သူဌေးကြီး လိုကျန်းဖုန်းရဲ့ လက်ရေးလားအစ်ကို'

မေချူးက ဝူချင်းဖိန်ကိုမေးလိုက်သည်၊ ဝူချင်းဖိန်က ခေါင်းခါပြလိုက်၏။

'မဟုတ်ဘူး မေချူး၊ သူဌေးရဲ့လက်ရေးက ဒီလောက်မညံ့ဘူး၊ ဒါ စာမရေးတာကြာတဲ့လူရဲ့ လက်ရေးမျိုးပဲ'

'သူ့ကို မေးကြည့်ရင်တော့ အဖြေမှန်ပေါ်မှာပဲ'

ဝမ်ချောင်းကို လက်ညှိုးထိုးပြရင်း ပြောလာ၏။

ကျောင်းထန်က ဝူချင်းဖိန့် ခိုင်းစေသည့်အတိုင်း ဝမ်ချောင်းကို ကြိုးတုပ်ထားလိုက်လေသည်။

'ကဲ....ပြီးရင် လှည်းတစ်စီးသာ ရှာဟေ့'

'မြို့ဝန်ကြီး ချူးရင်ထန်ဆီကို သူ့ကို သွားပို့ကြရအောင်၊ သူဟာ မင်းအစ်ကိုနဲ့ ထန်းဖိတို့ကိုသတ်တဲ့ တရားခံပဲဟေ့'

အရက်ခွက်ကိုမော့သောက်ရင်း ဝူချင်းဖိန်က အားရပါးရ ပြောလိုက်၏။

'အခု သူ့ကို မြို့ဝန် ချူးရင်ထန်ဆီကို တစ်ခါတည်းပို့တော့ မလို့လား အစ်ကို'

'အေးလေ....ဘာဖြစ်လို့လဲ မေချူး'



'သူက ဒီစာဟာ သူ့ကိုယ်ထဲကရတာ မဟုတ်ပါဘူးလို့ငြင်းရင် ဘယ်လိုလုပ်မလဲ'

မေချူးက တွေးမြော်တတ်သူ ဖြစ်သည့်အတိုင်း စိုးရိမ်စိတ်ဖြင့် ပြောလိုက်သည်။

'သူ့အိတ်ထဲက တွေ့တာပဲ၊ သူ ငြင်းလို့ရမလား မေချူးရဲ့'

ဝူချင်းဖိန်ကတော့ ရိုးရိုးသားသား တွေးတတ်သူ ဖြစ်၍ နောက်ဆက်တွဲဖြစ်ပေါ်လာနိုင်သည့် ကိစ္စရပ်များအပေါ်တွင် သိပ်အလေးအနက်ထား၍ မတွေးသေးပေ။

'သူက မငြင်းဘူးဘဲထားပါတော့၊ ကျွန်မတို့က သူ့ကို တရားခံအဖြစ် မသေချာဘဲ ကြိုးတုပ်ခေါ်တာ တရားပါ့မလား၊ မြို့ဝန်က ကြို ပါ့မလား'

မေချူးကို အတွေးခေါင်လွန်းသည်ဟု ဝူချင်းဖိန်က ယူဆလိုက်သည်။

'အစ်ကို့နေရာကလဲ စဉ်းစားကြည့်ဦးလေ၊ လူသတ်တရားခံအဖြစ် မဟုတ်မမှန် စွပ်စွဲခံထားရတာ၊ တကယ်သတ်တဲ့ တရားခံကိုတွေ့ရင် ဒီလောက်တော့ လုပ်ရမှာပေါ့'

ပန်းမာလာသောက်ဆိုင် ပိုင်ရှင်နှင့် ကျောင်းထန်တို့က ဝူချင်းဖိန်နှင့် မေချူးတို့ရှိရာသို့ ရောက်လာသည်၊ ပန်းမာလာ စားသောက်ဆိုင်ပိုင်ရှင် ချူးကုမှာ အလွန်စိုးရိမ်တတ် ကြောက်တတ်သူတစ်ဦးဖြစ်၏။

'ဆရာတို့....ဆရာတို့'

'ဘာလဲဗျ'

'ဒီလူကို မြို့ဝန်ဆီ ဖမ်းမပို့လို့ မရဘူးလားဗျာ'

'ဟာ....ဒီလူဟာ လူသတ်တရားခံ အစစ်ပဲ၊ မြို့ဝန်ဆီကို ဖမ်းမပို့လို့မဖြစ်ဘူး'

ဝူချင်းဖိန်က ခပ်ပြတ်ပြတ်ပင် ပြောလိုက်သည်။

'ဒါဆိုရင်တော့ ဒုက္ခပဲဆရာရယ်'

'ဘာလို့ ခင်ဗျားက ဒုက္ခရောက်ရမှာလဲ'

'မိုးမျှော်စံအိမ်ကလူတွေနဲ့ ကျွန်တော်တို့ ရန်ငြိုးဖွဲ့သလို ဖြစ်ဘော့မှာပေါ့၊ ဒီလိုဖြစ်ရင် ကျွန်တော့်ဆိုင် ပိတ်ရတော့ မှာပဲ'



ချူးကုက ငိုတော့မလိုမျက်နှာမျိုးဖြင့် တောင်းပန်စကား ဆိုလိုက်သည်၊ ဂူချင်းဖိန်က မေချူးကို လှည့်ကြည့်လိုက် သည်။

'ဒါဆိုလဲ သူ့ကို ကြိုးပြန်ဖြည်ပေးလိုက်ပါ'

'ဟင်....မေချူး၊ ဒီလိုလုပ်လို့ဖြစ်မလား'

'ဖြစ်ပါတယ်၊ ကျွန်မတို့ ဒီစာကို မြို့ဝန်ဆီကို ယူသွားပြီပြ မယ်၊ အကျိုးအကြောင်းရှင်းပြလို့ မြို့ဝန်က လက်ခံရင် တရား ခံကို သူတို့လာဖမ်းမှာပေါ့၊ ပြီးတော့ မိုးမျှော်စံအိမ်မှာပဲ ဒီလူကနေတာဆိုတော့ မြို့ဝန်ကဖမ်းရင် မိမှာပါပဲ'

'အစ်ကို စိတ်တွေ လေးနေတယ် မေချူး၊ သူ့ကို အစ်ကို တစ်ခါတည်း မြို့ဝန်ဆီကပဲ ပို့ချင်တယ်'

ဝူချင်းဖိန်က ဝမ်ချောင်းကို မြို့ဝန်အိမ်သို့ ပို့မည်ဟုဆိုတိုင်း ချူးကု၏မျက်နှာမှာ ရှုံ့မဲ့သွားရလေသည်။

'မလုပ်ပါနဲ့ ကလေးမရယ်။ ကလေးမရဲ့အကြံက ကောင်း ပါတယ်'

'ဟုတ်ပါတယ် အစ်ကို'

'အစ်ကိုကတော့ သိပ်သဘောမတူချင်ဘူး၊ ဒါဆိုလဲပြီးရော လေ၊ ကို မြို့ဝန်ဆီကို သွားကြတာပေါ့'

'ကောင်းပြီလေ၊ ကျုပ်သူသတိမရခင် ကြိုးဖြေထားလိုက်ပါမယ်'

ချူးကုက ဝမ်းသာအားရပြောလိုက်သည်၊ ကျောင်းထန်ကို နှုတ်ဆက်ကာ မေချူးနှင့် ဝူချင်းဖိန်တို့ ဝမ်ချောင်းဖိန်ထံမှ သိမ်းဆည်းမိသောစာကို ယူဆောင်လာသည်။

မေချူးနှင့်ဝူချင်းဖိန်ကို ထွက်ခွာသွားသည်နှင့် ချူးကုက ကျောင်းထန်ကို မာကျောသောမျက်နှာဖြင့် ကြည့်သည်၊

'ကျောင်းထန် မင်းဒီလိုရှုပ်ရှုပ်ရှက်ရှက်မိန်းမတွေနဲ့ ဒီလိုလူတွေကို ဆက်သွယ်နေရင် မင်းကိုဒီဆိုင်ကဲ ငါအလုပ်ထုတ်ပစ်ရလိမ့်မယ်'

'ကျွန်တော်က မဆက်သွယ်ပါဘူး သူတို့ဟာသူတို့ လာတာပါ'

'အေး ဘာပဲဖြစ်ဖြစ် ငါတို့က စားသောက်ဆိုင်ဆိုတော့ ပြဿနာမဖြစ်ဖို့လိုတယ်၊ သွားလူရှင်းတုန်း နောက်ဘက်မှာ လုပ်စရာရှိတဲ့အလုပ်တွေသွားလုပ်'

'ဟုတ်ကဲ့'

မေချူးက ဟောက်ဟန့်ထုတ်လိုက်၍ ကျောင်းထန်မှာ မီးဖိုဖက်သို့ထွက်သွားသည်၊ မေချူးတို့စားသောက်ခမပေးဘဲ ထွက်သွားသည်ကို သူသတိရကာ ချူးကုကို သူစိုက်ပေးဖို့ ပြောရန် ပြန်ထွက်လာသည်။



ထိုအချိန်မှာပင် ချူးကုတာ သတိလစ်နေသော ဝမ်ချောင်း၏ပါးစပ်ထဲသို့ တစ်စုံတစ်ရာ ထည့်လိုက်သည်ကို တွေ့မြင်ရသည်၊ ဝမ်ချောင်းမှာ တစ်ချက်နှစ်ချက်တွန့်ကာ ငြိမ်သက်သွားသည်။

## အခန်း (၂၀)

မျက်စိတစ်ဘက်လပ် ဝမ်ချောင်း၏ ပါးစပ်ထဲသို့ဆေးလုံး တစ်လုံးထည့်လိုက်သည်ကို အခန်းဝမှ ကျောင်းထန်က ခ ချာခွာမြင်တွေ့လိုက်ရ၍ မျက်နှာပျက်သွားသည်၊ သူသည်ပါး နပ်သူတစ်ယောက်ဖြစ်သောကြောင့် ယခုအချိန်တွင် ချူးကုရှိ ရာသို့ သွားရောက်ပါက သူ့ကိုပါအန္တရာယ် ပေးနိုင်သည်ကို သိရှိသွားသည်။

'ကျောင်းထန်ရေ ခဏလာဦးဟေ့'



ကျောင်းထန်က တံခါးဝတွင် ကွယ်နေစဉ်မှာပင် ချူးကုက လှမ်း၍အော်ခေါ်သံကြားလိုက်ရသည်။

'ဟုတ်ကဲ့ လာပါပြီဦးလေးချူးကု'

ချူးကုက ကြိုးဖြေထားသော်လည်း ပက်လက်ငြိမ်သက်နေသည့် ဝမ်ချောင်းကို လက်ညှိုးထိုးပြလိုက်သည်။

'မင်းဒီကောင့်ကို ကြည့်စမ်း ငါကြိုးဖြေထားလိုက်တော့ ဒီကောင်ပျော့စိစိဖြစ်နေတယ်ကွ'

ချူးကုက အဆိပ်ဆေးလုံးကို သူကိုယ်တိုင် ပါးစပ်ထဲသို့ ထည့်၍ သက်လိုက်ပြီးမှ ဟန်ဆောင်ကာ ပြောလိုက်ခြင်းဖြစ်ကြောင်း ကျောင်းထန်က ရိပ်မိလိုက်သည်။

ကျောင်းထန်ကလည်း မသိချင်ယောင်ဆောင်ကာ ဝမ်ချောင်း၏ကိုယ်ကို စမ်းကြည့်သည်။

'ဟင်....အသက် မရှိတော့ဘူး ဦးလေး ဘယ်လိုလုပ်ကြမလဲ'

'ဒုက္ခပါပဲကွာ ဆိုင်ထဲမှာတော့လာပြီး လူသတ်မှု ဖြစ်နေပြန်ပြီ၊ ကဲ မင်းနဲ့ငါမြို့ဝန်ဆီကိုသွားပြီး အကြောင်းကြားမှ ဖြစ်မယ်၊ မင်းပဲ မြို့ဝန်ဆီကို သွားအကြောင်းကြားစမ်းပါကွာ ဒီအသုဘကို ငါကြည့်ရှင်းရဦးမယ်'

'ဟုတ်ကဲ့'

ချူးကု၏ ပန်းမာလာဆိုင်မှ စားပွဲထိုး ကျောင်းထန်သည် ဝေကွဲရခက်သောစိတ်ဖြင့် ဆိုင်ထဲမှထွက်လာခဲ့သည်။

'အင်း....ငါအမှန်တိုင်းပြောလိုက်ရင်လဲ ချူးကုက ငါ့ကို သတ်မှာသေချာတယ်၊ အခုအတိုင်းဆိုရင်တော့ မေချူးနဲ့ ဖိုးလူဒုက္ခရောက်မှာ သေချာပြီ တော်ကြာ ငါ့ပါ အမှုပတ်နေမယ်'

ကျောင်းထန်မှာ စိတ်ဝေကွဲဆုံးဖြတ်မရသလို ချီတုံချတုံ ဖြစ်နေသည်၊ သို့သော်သူသည် စားဝတ်နေရေး အတွက် ချူးကုဆိုင်တွင် အလုပ်လုပ်နေခြင်းဖြစ်ရာသူ့ မိန်းမနှင့်ကလေး များမျက်နှာကို မြင်ယောင်လာသည်။

'မဖြစ်ပါဘူး ငါသတ်တာမှမဟုတ်ဘဲ လူသတ်မှု မပေါ်ရင်လဲ ချူးကုနဲ့ပဲဆိုင်တာ လောလောဆယ် ငါ့အတွက်ဘာမှ မဖြစ်ဖို့အရေးကြီးတယ်'



ကျောင်းထန်သည် သူ့ကိုယ်သူအတွက် အဓိကထားစဉ်းစားကာ မြင်းပေါ်သို့လွှားခနဲ ခုန်တက်လိုက်သည်၊ထို့နောက် မြို့ဝန် ချူးရင်ထန်၏ အိမ်ဝင်းကြီး အပေါက်ဝသို့ ရောက်ရှိလသည်။

ဝင်းတံခါးစောင့်က လှံတံရှည်ကြီးဖြင့် ကျောင်းထန်၏ မြင်းကို ဆီးကြိုထားလိုက်သည်။

'ဘာကိစ္စလဲ'

'လူသတ်မှုတစ်ခုဖြစ်လို့တိုင်ကြားချင်လို့ပါ'

'ဒီမှာ ခဏစောင့်ပါ'

ဝင်းတံခါးစောင့်က တံခါးဝတွင် ကျောင်းထန်ကိုခေါ်ခိုင်းထားပြီးနောက် ချူးရင်ထန်ရှိရာသို့သွား၍ အကြောင်းကြားသည်။

ထိုအချိန်တွင် ချူးရင်ထန်မှာ ခိုင်ဖုံးတရားသူကြီး ကုန်းစွန်း၊ကျန်ကျောင်းတို့နှင့်အတူ တရားစီရင်ရေးခန်းမ အတွင်း၌ စကားဆိုင်၍ပြောနေကြသည်။

မြို့ဝန်မင်းခင်ဗျား တံခါးပေါက်ဝမှာ လူသတ်မှု တိုင်ကြားချင်တဲ့သူရောက်နေပါတယ်'

'လွှတ်လိုက်ပါ'

မြို့ဝန်ချုပ်ရင်ထန်က သုခမိန်ကြီး၏မျက်နှာကို ကြည့်လိုက်သည်။

'ဒီမြို့မှာ ကျူပ်ရောက်တုန်း လူသတ်မှုတစ်ခုထပ်ဖြစ်ပြန်ပြီခင်ဗျား။ရဲ့တပ်ဖွဲ့တွေကို မြို့ထဲမှာအခြေအနေရော စောင့်ကြည့်ခိုင်းရဲ့လား'

သုခမိန်ကြီးက ချုပ်ရင်ထန်၏ မျက်နှာကိုကြည့်ကာ မေးလိုက်သည်။

'ကင်းလှည့်ပြီး မတရားမှုတွေမဖြစ်အောင်တော့ စေခိုင်းထားပါတယ်'

'ဒါတောင် လူသတ်မှုတွေက မကြာခဏဖြစ်နေသေးတာကိုး၊ ဒါဆိုရင်တော့ တရင့်အမိန့်ကို ဖီဆန်ပြီး နောက်ကွယ်က အေးပ်ချုပ်နေတဲ့ ဒုစရိုက်လမားရှိတယ်ထင်တယ်



သုခမိန်ကြီး၏စကားကြောင့် မြို့ဝန်ချုပ်ရင်ထန်မှာ မျက်နှာပျက်သွားသည်။

'ကျွန်တော်လဲ ဘုရင့်ဆီကတွဲထူးနဲ့ လစာကိုစားနေတဲ့သူမို့ တာဝန်မကြေဖြစ်မှာ စိုးရိမ်ပါတယ်သုခမိန်ကြီး ကျွန်တော်ရဲ့အမှုတွေကိုလဲ တရားလမ်းမှန်အောင် ဒီမှာရက်ကြာကြာနေပြီး စုံစမ်းဖော်ထုတ်ပေးဖို့ တောင်းပန်ပါတယ်ခင်ဗျား'

သုခမိန်ကြီးက ခေါင်းခါလိုက်သည်။

'မင်းဟာ မြို့ဝန်တစ်ယောက်ပဲ ချုပ်ရင်ထန် မင်းမှာလဲတရားစီရင်ခွင့် အာဏာရှိတာပဲ၊ မြို့သူမြို့သားတွေ မတရားလုပ်တာမခံရဖို့ တာဘူးမြို့မှာ မင်း တာဝန်အရှိဆုံးပဲ'

'ဟုတ်ပါတယ်ခင်ဗျား၊ အခု လူသတ်မှုတစ်မှု ထပ်ဖြစ်ပေါ်လာတာကိုလဲ သုခမိန်ကြီးရဲ့ ညွှန်ကြားကူညီမှုကိုရရင် ဖော်ထုတ်နိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်'

ချုပ်ရင်ထန်က လက်နှစ်ဖက်ကို ဆုပ်ကာ သုခမိန်ကြီးကို အရိုအသေပြုရင်း ပြောဆိုလိုက်သည်၊ သုခမိန်ကြီးက လက်ကို

နောက်ပစ်၍ လမ်းလျှောက်ရင်း ကုလားထိုင်ပေါ်၌ ထိုင်နေသော ချူးရင်ထန်ကို အကဲခတ်ကြည့်ရှုနေကာ ချူးရင်ထန်မှာ သုခမိန်ကြီး၏မျက်လုံးများနှင့် မဆုံမိစေရန် သူ၏ခေါင်းကို ငုံ့ထားလေသည်။

မကြာမီ အစောင့်အကြပ်နှစ်ဦးနှင့်အတူ ပိန်ပိန်ပါးပါး လူငယ်တစ်ဦး ခန်းမထဲသို့ဝင်လာသည်။

ကြမ်းပြင်ပေါ်တွင်ထိုင်ကာ ကျောင်းထန်က လက်အုပ်ချီ၍ အရိုအသေပြုလိုက်၏၊ သုခမိန်ကြီးကတော့ ဘေးတွင်ရပ်ကာ တိုင်ကြားသူကို လေ့လာကြည့်နေသကဲ့သို့ ချူးရင်ထန်ကလည်း စူးရဲသော မျက်လုံးများဖြင့် ကျောင်းထန်ကို မေးခွန်းထုတ်လိုက်သည်။

'လူသတ်မှုကို တိုင်ကြားချင်တယ်ဆိုတာ မင်းလား'

ကျောင်းထန်မှာ ကြောက်ရွံ့တုန်လှုပ်သော မျက်နှာဖြင့် ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်ရှုလိုက်ရင်း....

'ဟုတ်ပါတယ် ခင်ဗျား' ဖြေကြားသည်။

'ဟင် အရင်တစ်ခါ လူသတ်မှုတုန်းကလဲ မင်းကို ငါတွေ့ဖူးသလိုပဲ'



'ဟုတ်ကဲ့ ကျွန်တော် ကျောင်းဖုရဲ့ညီပါ'

'ဪ လက်စသတ်တော့ ပထမလူသတ်မှုတုန်းက သေဆုံးသွားတာ မင်းအစ်ကိုကိုး'

ချူးရင်ထန်က ကျောင်းထန်ကို မှတ်မိသွားလေသည်၊ ကျောင်းထန်သည် ခိုင်ဖုန်းတရားသူကြီးကိုလည်း လှည့်၍ အရိုအသေပြုလိုက်သည်။

''သုခမိန်ကြီးခင်ဗျာ ကျွန်တော့်ကို ကယ်ပါဦး၊ ကျွန်တော် မကြာခင် ဒုက္ခရောက်တော့မှာမို့ပါ'

ချူးရင်ထန်နှင့် စကားပြောနေရာမှ ကျောင်းထန်က သုခမိန်ကြီး ပေါင်ချင်းကျန်းကို ဖပ်၍အရိုအသေပေးရင်း တောင်းပန်လိုက်သည်၊ ကျောင်းထန့်၏ မျက်လုံးအိမ်တွင် မျက်ရည်များ စီးကျနေသည်။

ပေါင်ချင်းကျန်းက လက်ကို နောက်ပစ်၍ ရပ်နေရာမှ ကရုဏာသက်သော မျက်နှာနှင့် ငုံ့ကြည့်လိုက်သည်။

'လောကမှာ သူများကို ဘေးဒုက္ခရောက်အောင် မလုပ်တဲ့ သူတွေဟာ ဘယ်လို ဘေးဒုက္ခမျိုးမှ ကြီးကြီးကျယ်ကျယ်

မရောက်နိုင်ပါဘူးကွာ'

သုခမိန်ကြီးက အေးချမ်းတည်ငြိမ်သော အသံဖြင့် ပြော လိုက်သည်။

'ကဲ ဒီကိုရောက်လာမှ မင်း ဘာမှ ကြောက်မနေပါနဲ့ မင်းရဲ့အမှုကိုသာ တိုင်ကြားပါ'

သုခမိန်ကြီးက မြို့ဝန်ရှိရာသို့ လက်ဖြင့်ညွှန်ပြရင်း ကျောင်း ထန်ကို အမှုအကြောင်း တိုင်ကြားခိုင်းလိုက်လေသည်။

'တို့လဲ ဟာဟူးမြို့မှာ လူသတ်မှုမဖြစ်အောင် အမျိုးမျိုး ကင်းထပ်တွေချပြီး စောင့်ရှောက်ထားပါတယ်၊ အခု လူသတ်မှု ဖြစ်ပွားတာက ဘယ်မှာဖြစ်တာလဲ'

'နန်းမာလာ'

'ကျဲစားသောက်ဆိုင်မှာပါ'

'သေဆုံးသွားတဲ့လူက ဘယ်သူလဲ'

'ဝမ်ချောင်းဆိုတဲ့ လူတစ်ယောက်ပါ'



'ဝမ်ချောင်း ဟုတ်လား၊ သူကဘာလဲ ဘာအလုပ်ကို လုပ်သလဲ'

'သူ ဘာအလုပ် လုပ်တယ်ဆိုတာတော့ ကျွန်တော် မသိပါ ဘူး၊ ဒါပေမယ့်'

ကျောင်းထန်က ဆက်ပြောရမည့်စကားကို စဉ်းစားရင်း ရပ်နားလိုက်သည်၊ သူ့မျက်နှာသည် တစ်စုံတစ်ရာကို စိုးရိမ် ထိတ်လန့်နေကြောင်း ထင်ရှားနေသည်၊ ကျောင်းထန် စဉ်းစား နေသည်မှာ....

'ဝမ်ချောင်းပါးစပ်ထဲကို ဆေးလုံးထည့်ပြီး ဆိုင်ပိုင်ရှင် ချူးကု သတ်လိုက်တာကို ငါမြင်တယ်၊ ဒါပေမယ့် ဒီအတိုင်း ပြောလိုက်ရင် ချူးကုက ငါ့ကို တော်တော် ဒေါသထွက်မှာပဲ၊ ပြီးတော့ ချူးကု မသတ်ခင်ကတည်းက ဝမ်ချောင်းဟာ သတိ မေ့နေတဲ့သူ၊ ဒါမှမဟုတ် အဲ့ဒီဓာတ်ရာကလဲ သေလောက်အောင် ဖြစ်ချင်ဖြစ်မယ်၊ ငါဟာ ဂူချင်းဖိန်နဲ့ ရန်ဖြစ်ခဲ့တာကို ထည့် ပြောလို့ ကောင်းပါ့မလား' ဟူ၍ဖြစ်သည်။

'ဆက်ပြောပါ ကျောင်းထန်၊ ပန်းမာလာစားသောက်ဆိုင် မှာ ဝမ်ချောင်းဟာ ဘာဖြစ်လို့ သေသွားတာလဲ၊ သူ့ကို

သတ်တာ ဘယ်သူလဲ'

'ကျွန်တော် ကျွန်တော် သေသေချာချာ မသိပါဘူး'

ကျောင်းထန်မှာ သူ့ကို အမှုပြန်ပတ်မှာ ကြောက်သွေးနေသည့်အထွက် ချူးကု ပါးစပ်ထဲသို့ ဆေးလုံးထည့်၍ သတ်ခြင်းကို ဖွင့်မပြောရဲတော့ပေ၊ ကျောင်းထန်တွင် တစ်စုံတစ်ရာ လျှို့ဝှက်ထားကြောင်းကို သုခမိန်ကြီးက အကဲခတ်မိလိုက်သည်။

ချူးရင်ထန်ကတော့ ထိုအချက်ကို မရိပ်စားမိပေ။

'ပြောလေကွာ ကျောင်းထန်၊ အဲဒီလူကို မင်းသတ်လိုက်တာ မဟုတ်လား'

'ဟာ မဟုတ်ပါဘူးဗျာ၊ ကျွန်တော် လူသတ်သမား မဟုတ်ပါဘူး'

'မဟုတ်ရင် မင်း ဘာလို့ ကြောက်နေရတာလဲကွ'

ချူးရင်ထန်၏အသံက ပို၍မာကျောလာသည်၊ ကျောင်းထန်၏ကိုယ်မှာ တုန်ရင်နေ၏။



'ငါသိပါတယ် ကျောင်းထန်ရာ၊ မင်းအစ်ကို ကျောင်းဖုအသတ်ခံရတုန်းက တရားခံမပေါ်ဘူး၊ ဟုတ်တယ် မဟုတ်လား၊ ဝမ်ချောင်းကို မင်းကထင်တယ်၊ ဒါကြောင့် မင်းက ဝမ်ချောင်းကို ဂလဲ့စားမချေတဲ့အနေနဲ့ ပြန်သက်လိုက်တာ ပေါ့လေ'

မြို့ဝန်ချူးရင်ထန်၏ စကားမဆုံးမီ သုခမိန်ကြီးက လက်ကာတားလိုက်သည်။

'ခဏနေပါဦး ချူးရင်ထန်၊ သူက လူသတ်သမားဆိုရင် လူသတ်မှုကို ဒီမှာလာပြီး ဘယ်တိုင်ကြားပါ့မလဲ'

သုခမိန်ကြီးက ချိန်ချိန်ဆဆဖြင့် ပြောကြားလိုက်၏။

'အို တစ်ချို့လူတွေက ကိုယ်ကိုင်သတ်ခဲ့ပြီး တစ်ခြားလူတွေက သတ်တယ်လို့ထင်အောင် တရားရုံးကို ဦးအောင်လာတတ်ကြတယ် မဟုတ်လား သုခမိန်ကြီး'

ချူးရင်ထန်က သုခမိန်ကြီးကို စောဒကတက်လိုက်၏။

'ချူးရင်ထန်ပြောတာကို ကျုပ် မကန့်ကွက်ပါဘူး၊ ဒါ

ပေမယ့် လူသတ်သမားဟာ ကျောင်းထန့်လိုလူမျိုး မဖြစ်နိုင်ဘူး'

သုခမိန်ကြီး၏စကားကြောင့် ချူးရင်ထန်မှာ စကားကို ဆက်မပြောနိုင်တော့ပေ၊ သုခမိန်ကြီးက ကျောင်းထန်ကို ငုံ့ကြည့်လိုက်သည်။

'ဒီလူသတ်မှုနဲ့ မင်းနဲ့ ဘယ်လိုပတ်သက်နေသလဲ ကျောင်းထန်'

သုခမိန်ကြီး၏အမေးကို ကျောင်းထန်က မော့ကြည့်လျက်....

'ဘယ်လိုမှ မပတ်သက်ပါဘူးခင်ဗျာ၊ ကျွန်တော်ကလူသတ်သမားမဟုတ်သလို လူသတ်သမားနဲ့ကြံရာပါလဲ မဟုတ်ပါဘူး'

ကျောင်းထန်က ပျာပျာသလဲဖြေသည်။

'ဒါဖြင့်ရင် မင်းက ဒီအမှုကိုဘာလို့မြို့ဝန်ရဲ့ဆီကိုလာတိုင်ရတာလဲ'

'အမှုနဲ့ကျွန်တော်နဲ့ မသက်ဆိုင်တာသိစေချင်လို့ပါ၊ လူသတ်မှုဆိုတာ ပေါ်ရင် ခေါင်းဖြတ်စက်နဲ့ ဖြတ်အသတ်ခံရမယ် မဟုတ်လား'



သုခမိန်ကြီးက ခေါင်းခါလိုက်၏၊

'မင်းပြောတဲ့စကားတွေကို ငါမယုံဘူး ကျောင်းထန်၊ မင်းလူသတ်သမားကိုသိနေတယ်လို့ငါထင်တယ်၊ ဘယ်သူလဲ၊ ပြောစမ်း'

'ဟို....ဟို....ကျွန်တော်မသိပါဘူးဗျာ၊ ကျွန်တော်ဟာ ပန်းမာလာဆိုင်မှာ စားပွဲထိုးလုပ်ပါတယ်'

'ပိုင်ရှင်က ဘယ်သူလဲ'

သုခမိန်ကြီးက ဝင်မေးလိုက်သည်။

'ချူးကုပါ'

'မင်းက ချူးကုရဲ့ အလုပ်သမားပါ'

'ဟုတ်ပါတယ် ခင်ဗျာ'

'သေဆုံးတဲ့သူက မင်းတို့ဆိုင်ကိုလာပြီး စားသောက်တာလား'

'ဟုတ်ပါတယ်'

'ပြီးတော့ သူက တခြားတစ်ယောက်နဲ့ရန်ဖြစ်တယ်၊ သူတို့ချင်း သတ်ကြတယ်၊ သေတယ်၊ ဒါပဲမဟုတ်လား'

သုခမိန်ကြီးက ခန့်မှန်းခြေမေးခွန်း ထုတ်လိုက်လေသည်၊ သုခမိန်ကြီး၏ ခန့်မှန်းမေးခွန်းက နီးစပ်လွန်းနေ၍ ကျောင်းထန်က ခေါင်းကိုညိတ်လိုက်သည်။

'ဒါဆိုရင် မင်းကို ဒီကို ဘယ်သူလွှတ်လိုက်တာလဲ၊ မင်းဟာ မင်းလာပြီး တိုင်တာလား'

'မဟုတ်ပါဘူးခင်ဗျာ၊ ချူးကုကလွှတ်လိုက်တာပါ'

'ဩော်....ဆိုင်ရှင်က မင်းကို တာဝန်လွှဲလိုက်တာပေါ့၊ ဒါဆိုရင် ဝမ်ချောင်းနဲ့ရန်ဖြစ်တာ ဘယ်သူလဲ'

'ကျွန်တော် နာမည်တိတိကျကျတော့မသိဘူးခင်ဗျာ၊ လူငယ်တစ်ယောက်ပါပဲ'

'တခြားလူတွေရော ပါသေးလား'

'ဟုတ်....ဟုတ်ကဲ့၊ ပါပါတယ်၊ ကျွန်တော့် အစ်ကိုရဲ့ ရည်းစားဟောင်း မေချူးရယ်၊ သူနဲ့နောက်ထပ်တွဲနေတဲ့ ဝူချင်းဖိန်တို့ရယ်ပါ'



'ဒါဖြင့် သေသွားတဲ့ ဝမ်ချောင်းကရောတစ်ယောက်တည်းလား'

'မဟုတ်ပါဘူး ခင်ဗျာ၊ လူ့ဘီလူးကြီး ကျူးထန်ပါပါတယ်၊ သူတို့နှစ်ယောက်နဲ့ အဲဒီလူငယ် တိုက်ကြခိုက်ကြရင်း ဝမ်ချောင်းက ဆိုင်ထဲမှာ လဲကျန်ရစ်ခဲ့တာပါပဲ'

'နောက်ဘာဆက်ဖြစ်သလဲ'

'အဲ....နောက်တော့ ချူးကုက ဝူချင်းဖိန် ချည်နှောင်ထားတဲ့ကြိုးတွေဖြေပေးတော့....'

ထိုနေရာတွင် ကျောင်းထန်က စကားကိုရပ်ထားလိုက်သည်။ သုခမိန်ကြီးက....

'ဝမ်ချောင်းက သေနေရော မဟုတ်လား'

'ဟုတ်....ဟုတ်ပါတယ် ခင်ဗျား'

'ဟုတ်ရင်ပြီးရောပေါ့၊ ဒါဆိုရင် လူသတ်တရားခံကရှင်းနေသားပဲ၊ မင်းပြောတဲ့ ဝူချင်းဖိန်ဆိုတဲ့ ကောင်လေးပဲပေါ့၊ မဟုတ်ဘူးလား'

သုခမိန်ကြီးက ကျောင်းထန်၏မျက်နှာကို သေသေချာချာ အအဲခတ်ရင်း မေးမြန်းလိုက်ခြင်းဖြစ်၏။

ကျောင်းထန်၏မျက်နှာက တစ်စုံတရာကိုစိုးရိမ်ကာ ဝေခွဲမရသောပုံမျိုးဖြစ်နေသည်။

'ဝူချင်းဖိန်နဲ့ တိုက်ခိုက်ကြံတုန်းကတော့ သတိမေ့သွားတာပါပဲ'

'ကဲ....ဒါဆိုရင် ဘယ်သူကသတ်လိုက်တာလဲ၊ ဝမ်ချောင်းကို ဘယ်သူက ကြိုးတုပ်သလဲ'

ကျောင်းထန်မှာ မဖြေနိုင်ဘဲ မျက်လုံးများ ပြူးနေ၏၊ သုခမိန်ကြီးက မေးလိုက်သည်။

'ဟော ကောင်....ဘာလဲ၊ ခင်းကြိုးတုပ်တဲ့လူကို မဖြေနိုင်ဘူးလား၊ မဖြေချင်ဘူးလား....ပြောစမ်း'

'ဝူချင်းဖိန်ပဲ ကြိုးနဲ့တုပ်တာပါ'

'ဘာလုပ်ဖို့ ကြိုးနဲ့တုပ်တာလဲ'



'ပန်းမာလာဆိုင်မှာ လာပြီး ရမ်းကားပြီး ကျွန်တော့်ကို နှိပ်စက်လို့ မြို့ဝန်ဆီကို ဖမ်းပြီးပို့မလို့တဲ့'

သုခမိန်ကြီးက ခေတ္တခေါ်ကာစဉ်းစားလိုက်သည်။

'ဝူချင်းဖိန်က မင်းအစ်ကိုရဲ့ရည်းစားကိုလုယူတဲ့သူ မဟုတ်လား'

'ဟုတ်ပါတယ် သုခမိန်ကြီး'

'ဒါကြောင့် မင်းက ဝူချင်းဖိန် တရားခံဖြစ်နိုင်တယ်လို့ ပြောတာလား'

'မဟုတ်ပါဘူး၊ တရားခံက....'

ကျောင်းထန်၏စကားမှာ ရပ်တန့်သွားပြန်လေသည်။

'ဘယ်သူလဲ ပြော'

'ဟို....ဟို....ကျွန်တော် မသိပါဘူး'

ချူးကု၏နာမည်ကို ထုတ်ဖော်၍ ပြောမည် လုပ်ပြီးမှ မပြောရဲ၍ ရပ်တန့်သွားပြန်သည်။

'ကဲ....ချုံးရင်ထန်၊ သူ့ကိုပြန်လွှတ်လိုက်ပါတော့၊ သေဆုံးတဲ့သူကိုသွားပြီးကြည့်ရှုမှ အမှုမှန်ပေါ်မယ်ထင်တယ်၊ ဒီတော့ ချုံးရင်ထန်ကိုယ်တိုင်လိုက်သွားပြီး ဝမ်ချောင်းဘာကြောင့်သေတယ်ဆိုတာကို ကျကျနနစစ်ဆေးဖော်ထုတ်ပေတော့'

'ဟုတ်ကဲ့'

မြို့ဝန်လှည့်ထွက်သွားသည်နှင့် ကုန်းစွန်းနှင့် ကျန်ကျောင်းတို့ သုခမိန်ကြီးရှိရာသို့ ဝင်ရောက်လာကြသည်။

'ကျန်ကျောင်း'

'အမိန့်ရှိပါ'

'ခုနလာတဲ့ ကျောင်းထန်ရဲ့နောက်ကို လိုက်ပြီး သေချာစုံစမ်းထောက်လှမ်းပါ၊ သူဟာ တစ်ခုခုကို မျိုသိပ်ထားတယ်၊ ဒီတော့ သူ့မှာ အန္တရာယ်ရှိနေတာသေချာတယ်'

'ဟုတ်ကဲ့'

သုခမိန်ကြီးသည် ကျန်ကျောင်းကို သွားခွင့်ပေးလိုက်ပြီးနောက် ကုန်းစွန်းဘက်သို့လှည့်လိုက်သည်။

'ဒီတာဟူးမြို့မှာတော့ ကျုပ်တို့ရှာနေတဲ့ ကြယ်နီခေါးပြဂိုဏ်းကို ဖော်ထုတ်နိုင်မယ်ထင်တယ် ကုန်းစွန်း'



'ဟုတ်ပါတယ် သုခမိန်ကြီး ဒီအမှုတွေနဲ့ ခေါးပြဂိုဏ်းကြီးဟာ တစ်နည်းမဟုတ် တစ်နည်း ဆက်သွယ်နေမှာ သေချာပါတယ်'

အခန်း (၂၁)

ကျောင်းထန်သည် ချူးကုနာမည်ကို ထုတ်ဖော်မပြော ရဲသောကြောင့် ဝူချင်းဖိန်ကဲတော့ သူ့ကိုစိတ်ဆိုးတော့မည် ထင်သည်၊ မချူးက ရှင်းပြတော့လည်း သူ့အစ်ကို၏ အဖြစ် ကို သူသိရသည်၊

မြို့ဝန်အိမ်ထဲမှ ကျောင်းထန်ပြေးထွက်ခဲ့သည်၊ သူသည် တောင်ကုန်းတစ်ခုပေါ်သို့ ကျော်တက်ရင်း ချူးကုထံသို့ ဒရောသောပါး ပြန်လာခဲ့၏၊ နေကကျဲကျဲတောက် ပူနေ သည်။



ထို့ကြောင့် ကျောင်းထန်က သစ်ပင်ရိပ်များ အောက်မှ ဖြတ်သန်းကာ ပြေးလာခဲ့သည်၊ တောင်ကုန်းဆင်း ချောက် တမ်းနားထိပ်သို့ အရောက်တွင် ချောက်ထဲမှ ခုန်တက်လာ သော လူရိပ်နှစ်ခုကို ဘွားကနဲ မြင်တွေ့လိုက်ရ လေတော့ သည်။

'ဟေ့ကောင် ကျောင်းထန် ရပ်လိုက်စမ်း'

'ဟင်'

ကျောင်းထန်မှာ မမျှော်လင့်ဘဲ ချောက်ထဲမှခုန်တက်လာ သည့် မျက်နှာဖုံးစွပ် နှစ်ဦးကြောင့် ထိတ်လန့်စွာနောက်ဆုတ် လိုက်သည်။

'ခင်ဗျားတို့ဘယ်သူတွေလဲ'

'တို့အကြောင်းကို မင်းသိဖို့မလိုဘူး၊ မင်းရဲ့အကြောင်းကို ပဲ မင်းသိဖို့လိုတယ်'

'ကျုပ်အကြောင်းဟုတ်လား၊ ကျုပ်အကြောင်းက ကျုပ် သိပြီးသားပဲဗျ'

'ဖြစ်ခဲ့ပြီးတာတွေတော့ မင်းသိတာပေါ့ကွာ၊ ဒါပေမယ့် မဖြစ်သေးတာကိုတော့ မင်းဘယ်သိမလဲ'

'မဖြစ်သေးတာဆိုတာဘာလဲ'

ကျောင်းထန်က ထိတ်လန့်သောအသံဖြင့် ထပ်မေးလိုက်လေသည်။

'ဥပမာကွာ မင်းညနေစာ စားရမလား၊ မစားရဘူးလား ဆိုတာပေါ့'

ကျောင်းထန်က နောက်သို့ တစ်လှမ်းချင်း ဆုတ်လိုက်ရင်း....

'ဒါများ ဘာဆန်းသလဲဗျ ညနေစာ ကျုပ်စားချင်ရင် စားရမှာပေါ့ဗျ၊ မစားချင်ရင် မစားဘဲ နေလိုက်ရင် မစားရတော့ဘူးပေါ့'

'ဟား ဟား ဟား ဟား'

ကျောင်းထန်၏ စကားကိုရယ်မောဟားတိုက်စရာ စကားကဲ့သို့ မျက်နှာဖုံးစွပ်နှစ်ဦးစလုံးက အားရပါးရ ရယ်မောလိုက်ကြသည်။



'ခင်ဗျားတို့ ဘာရယ်တာလဲ'

'မင်းအကြောင်းကို မင်းမသိလို့ပေါ့ကွ'

'ဗျာ'

'ဟုတ်တယ် မင်းဒီညနေစာဟာစပြီး နောက်ကို ဘာအစာမှ စားဖို့မလိုတော့ဘူး ကဲရှင်းပြီလား'

'ဟင် ခင်ဗျားတို့ ကျုပ်ကိုသတ်မလို့ပေါ့လေ'

ကျောင်းထန်က မျက်စေ့ပျက် မျက်နှာပျက်ဖြင့် နောက်သို့ ဆုတ်ရင်း တုန်ယင်စွာ ပြောလိုက်သည်။

—

'အေးလေကွာ တစ်ခါတစ်လေကျတော့ လူတွေဟာကိုယ်က မသေနိုင်သေးပေမယ့် တစ်ခြားလူတွေအတွက် လိုအပ်ရင် သေပေးရတယ်'

'ကျုပ်ဟာ ဘာလုပ်လို့လဲ'

'မင်းအပြစ်ကလား မင်းသိပြီးသားပါ မင်းဘာတွေ မြင်ခဲ့သလဲ ဘာတွေသိခဲ့သလဲ အဲဒီမင်းမြင်တာ မင်းသိတာတွေဟာ မင်းကိုသေဖို့ ခိုင်လုံစေတဲ့ အကြောင်းတွေပဲ'

မိုးဆင်း၊ ပန်းခရေ

ကျောင်းထန်မှာ နောက်သို့ ဆက်ဆုတ်စရာလမ်းမရှိတော့ပေ၊ နောက်ဘက်တွင် သစ်ပင်ကြီးတစ်ပင်ကခံနေလေပြီ၊ သစ်ပင်ကို ကျောင်းထန် ကျောကပ်လိုက်၏။

'ကောင်းပါတယ်ကွာ၊ မင်းအစ်ကိုလဲ သေသွားပြီပဲ၊ မင်းသူ့နောက်လိုက်သွားပေါ့ မဟုတ်ဘူးလား'

'ဟာ မလုပ်ပါနဲ့ဗျာ'

ကျောင်းထန်လက်ကကာတားဆီးနေသည့် ကြွားမှုပင်ခေါင်းဆောင် ဝတ်ရုံနက်၏ဓားက နေရောင်တွင် လက်ကနဲ ဖြစ်သွားသည်။

'ချွင်'

'အား'

ကျောင်းထန်သည် မျက်နှာကို လက်ဝါးနှင့် အုပ်ကာ ခေါင်းငုံ့တားလိုက်၏၊ သို့သော် ကျောင်းထန်၏ကိုယ်ပေါ်သို့ ဓားသွားက ကျရောက်လာခြင်းမရှိပါပေ။



ကျောင်းထန်၏ ခေါက်ပေါ်သို့လွှဲခုတ်ချလိုက်သော ဓားချက်ကို သစ်ပင်၏ နောက်ကွယ်တွင် ရောက်ရှိနေသော ထောက်လှမ်းရေးမှူးကြီး ကျန်ကျော်ကသူ့ဓားဖြင့် ခုခံတားဆီးလိုက်ခြင်း ဖြစ်ပါသည်၊

မျက်နှာဖုံးစွပ် နှစ်ဦးမှာအံ့အားသင့်သွားသည်၊ အနီရောင်ကိုယ်ကျပ် ဝတ်စုံကို ဝတ်ဆင်ထားသော ကျန်ကျော်းက ကျောင်းထန်၏ ရှေ့တွင် ရောက်ရှိနေ၏၊ ကျောင်းထန်ကို ခုတ်ပိုင်းသော ဓားကို သူ့ဓားဖြင့် ခုတ်ဖယ်ကာ ဝင်၍ရပ်နေလိုက်ခြင်းဖြစ်ပါသည်။

'မျက်ဖုံးတွေစွပ်ထားတော့ မင်းတို့က မင်းတို့ကိုယ်မင်းတို့ သူများမသိစေချင်တဲ့ လူတွေပေါ့'

'သေချာတာပေါ့ ထောက်လှမ်းရေးမှူးကြီးရဲ့ ခင်ဗျားနဲ့ မဆိုင်ရင် ဒီနေရာက ထွက်သွားပါ'

ခပ်ဝဝ မျက်နှာဖုံးစွပ်က ကျန်ကျောင်းကိုအမိန့်ပေးလိုက်ခြင်းဖြစ်သည်။

'ကျုပ်က ဘုရင့်ဆီက လစရိက္ခာစားနေတဲ့လူ အပြစ်မရှိတဲ့

လူတစ်ယောက်ကို ရက်ရက်စက်စက် သတ်နေတာကို ကျုပ် လက်ပိုက်ကြည့်မနေနိုင်ဘူး'

ကျန်ကျော်ခတ်ပြတ်ပြတ်ပင်ပြောလိုက်သည်။

'ကျုပ်တို့ကလဲ ကျုပ်တို့ခေါင်းဆောင် ပေးအပ်တဲ့ တာဝန်ကို ရှောင်လွဲလို့ မရဘူး၊ ရှောင်လွှဲရင် ကျုပ်တို့အသက်လဲသေတာနဲ့အတူတူပဲ'

'ဒီလိုဆိုရင် အသေခံမယ်ပေါ့'

ကျန်ကျော်က တည်ကြည်သောအသံဖြင့်မေးရင်း ရှေ့သို့ တစ်လှမ်းတိုး၍လာသည်။

'ကျုပ်တို့ကိုလျှော့တွက်တာကိုး ကျုပ်တို့ရဲ့သိုင်းပညာကိုလဲ ခန့်မှန်းကြည့်ပါဦး'

ဝတ်ရုံနက်နှစ်ဦးက ပြိုင်တူ မနေလစ္စမ်းအား တိုက်ကွက်ဖြင့် ကျန်ကျော်ကို စတင် တိုက်ခိုက်လေတော့သည်၊ မျက်နှာဖုံးစွပ်နှစ်ဦး၏ သိုင်းကွ[illegible]းဓား အပူဓား နှစ်မျိုးကို ပေါင်း၍ တိုက်ခိုက်သော ဓါးမျိုးကွက်းဖြစ်သည်။



ပိန်လှီသောမျက်နှာဖုံးစွပ်က အအေးဓားကိုသုံးပြီး ဝဖိုင့်သောမျက်နှာဖုံးစွပ်ကမူ အပူဓားကို သုံးလေသည်၊ ကျန်ကျော်၏ လက်ယာဘက်မှ ဝဖိုင့်သော ဓားသမား၏ အပူဓားကွက်များက လျင်မြန်သွက်လက်နေသည်၊ ကျန်ကျော်၏ လက်ဝဲဘက်မှ မျက်နှာဖုံးစွပ် ပိန်လှီလှီလူကမူ လေးလံ၍ ပြင်းထန်သော ဓားကွက်မျိုးကို အသုံးပြုကာ တိုက်ခိုက်နေလေသည်။

'တို့ရဲ့ အအေးဓားနဲ့တွေ့ရင်အသက်ရှင်ဖို့ စိတ်ကုန်သွားတဲ့ လူတွေကများပါတယ်ကွ'

လူဝကြီးက သူတို့၏ ဓားကွက်ကို သူတို့ အထင်ကြီးကာ ကျန်ကျော်ကို ခြိမ်းခြောက် ပြောဆိုလိုက်သည်။

'ကျုပ်က ခင်ဗျားတို့တွေ့ဖူးတဲ့လူတွေနဲ့မတူဘူး'

ကျန်ကျော်က ပြောပြောဆိုဆို အပူဓားကိုင်သူကို လျှပ်တစ်ပြက် ဝင်ရောက် တိုက်ခိုက်လိုက်သည်၊ ကျန်ကျော်၏ သိုင်းကွက်မှာ 'မြွေဟောက် ကိုးကျော်' သိုင်းကွက် ဖြစ်၍ မျက်နှာနှင့် ရင်ဘတ်ရှိရာသို့ ဦးမော့ကာ ဆောင့်ဝင်လာသော ဓားချက်များကို မျက်နှာဖုံးစွပ်လူဝကြီးမှာ ထိတ်လန့်စွာနှင့်

သစ်ပင်ပေါ်သို့ လွှားခနဲခုန်တက်ကာ ရှောင်တိမ်းလိုက်ရလေတော့သည်။

အကွက်ကောင်းကို စောင့်နေသော အအေးဓားသမား မျက်နှာဖုံးစွပ်သည် ကျန်ကျောင်းက သစ်ပင်ပေါ်သို့ လိုက်၍ ခုန်လိုက်သည်ကို တွေ့သည်နှင့် ကျန်ကျောင်းနောက်သို့ကပ်၍ ခုန်တက်ကာ ကျန်ကျောင်း၏ ခါးကို သူ့လက်ထဲမှဓားနှင့် ပိုင်းချလိုက်တော့သည်။

'နောက်မှာ....နောက်မှာ'

အခြေအနေကို တွေ့မြင်လိုက်ရသော ကျောင်းထန်က သစ်ပင်နောက်ကွယ်မှ ပုန်းနေရာမှ အော်ဟစ်လိုက်သည် ကျန်ကျောင်းသည် သစ်ပင်ပေါ်သို့ ခုန်တက်နေရာမှ ကိုယ်ကိုတစ်ပတ်လှည့်ကာ သူ့နောက်မှပိုင်းလိုက်သော ဓားသမား၏ဓားကို ကြောင်လိမ်အိပ်မက်ဓားကွက်ဖြင့် လှည့်ကာ ခုခံတိုက်ခိုက်လိုက်လေသည်။

'ချင်....'

'ထန်း....'



'အို....'

ကျန်ကျောင်းကို အပိုင်နောက်မှ ခုတ်ပိုင်းလိုက်သောမျက်နှာဖုံးစွပ်မှာ မထင်မှတ်သော တိုက်ကွက်ကြောင့် ဓားရောလူပါ လွင့်ထွက်သွားသည်၊ ကျန်ကျောင်းမှာလည်းသစ်ပင်ပေါ်သို့ မရောက်နိုင်တော့ဘဲ မြေပြင်ပေါ်သို့ လွှားခနဲ ခုန်ဆင်းလိုက်ပါလာသည်။

အအေးလှိုင်းဓားသမားမှာ ကျန်ကျောင်းနှင့် နှစ်ယောက်ချင်း ရင်ဆိုင်တိုက်ခိုက်ရမည်ဟု ဆိုသောအခါတွင် ထိတ်လန့်နေ၏၊ ကျန်ကျောင်း၏ ဓားသိုင်းကို သိရှိသွားသော သစ်ပင်ပေါ်မှ လူ၀ကြီးမှာ ရုတ်တရက် ခုန်ချမလာဘဲ အခြေအနေကို ကြည့်ရှုနေ၏။

'ဟေ့ကောင်....ဆင်းခဲ့လေကွာ၊ ဒီမှာ ငါတစ်ယောက်ထဲမရဘူး'

ကျန်ကျောင်း၏ တိုက်ကွက်များကို ပြင်းပြင်းထန်ထန် ခုခံရင်း ပိန်လှီသော မျက်ဖုံးစွပ်က အော်လိုက်သည်။

'ဟား....ဟား....ဟား ခုမှသိတယ်၊ မင်းက သတ္တိမရှိတဲ့ကောင်ပဲကိုး'

သစ်ပင်ပေါ်မှ လူဝကြီး၏ ရယ်သံနှင့်အတူ မြေပြင်ပေါ်သို့ ခုန်ဆင်းလာသံများ ကြားလိုက်ရသည်၊ မျက်နှာဖုံးစွပ် လူဝကြီးတစ်ဦးတည်းသာ မဟုတ်တော့၊ သူ့အဖော် သုံးဦး စုစုပေါင်း ကျန်ကျောင်းကို ဝိုင်းရံထားကြသည်မှာ လူငါးဦးရှိလေသည်။

'ကဲ တောက်လျှမ်းရေးမှူးကြီး၊ အေးအေးဆေးဆေး ပြန်မယ်လို့သာ ကတိပေးပါ၊ ကျုပ်တို့ လမ်းဖွင့်ပေးပါ့မယ်'

စောစောက လူဝကြီးက ကျန်ကျောင်းကို ပြောလိုက်ခြင်းဖြစ်လေသည်၊ လူအင်အားဖြင့် ဝိုင်းတိုက်ခြင်းဖြင့် ကျန်ကျောင်းကို အနိုင်ရလိမ့်မည်ဟု လူဝကြီးက တထစ်ချ ဆုံးဖြတ်၍ထားပုံရလေသည်။

'ကျုပ်က သူများလမ်းဖွင့်ပေးမှ ထွက်တတ်တဲ့လူမျိုး မဟုတ်ဘူး၊ ကျုပ်ကို ဘယ်လို အတားအဆီးမျိုးမှ ပိတ်ပင်လို့မရဘူး'

ကျန်ကျောင်းက ပြတ်သားစွာ ပြောလိုက်၏၊ မျက်နှာဖုံးစွပ် ဓားသမားများက သူတို့၏ဓားများကို ရှေ့သို့ ဆန့်တန်းလိုက်ကြလေသည်၊ တောင်စောင်းမှ နေရောင်ကြောင့် ဓားဦးများမှာ အရောင်တလက်လက် ထွက်နေသည်။



'ကဲ ဒီလောက် သေချင်တဲ့လူကို ငတ်လိုက်ကြ'

လူဝကြီးက အမိန့်ပေးလိုက်သည်နှင့် ဓားသွားများက စတင်လှုပ်ရှားလာသည်၊ ကျန်ကျောင်းသည် လူအုပ်ကြီး၏ကြားမှ မိုးပေါ်သို့ လွှားခနဲ ခုန်တက်လိုက်သည်၊ ကျန်ကျောင်း ခုန်တက်ရာသို့ လူသုံးဦးက လွှားခနဲ ခုန်တက်ကာ လိုက်ပါလာလေသည်။

ကျန်ကျောင်းက ကိုယ်ကိုတစ်ပတ်လှည့်ကာ သူ့အား ဝိုင်းဝန်းထိုက်ခိုက်သော ဓားသမားသုံးဦးကို ခုခံလိုက်လေသည်၊ လေထဲတွင် ဓားသွားချင်း ထိခိုက်သံက အဆက်မပြတ် ထွက်ပေါ်လာသည်။

'ထန်း....ချွင်....ချင်'

'အား'

'အိုး'

လျှင်မြန်သော ကျန်ကျောင်း၏ နဂါးပတ်ကွန်ခြာသိုင်းကွက်ကြောင့် ဓားသမားနှစ်ဦးမှာ ဓားကိုင်လက်များကို ထိသွား၍ နောက်သို့ ခုန်ရှောင်ထွက်ပြေးသည်၊ ထိုသူ၏ဓားများလည်း မြေပြင်ပေါ်သို့ လွင့်စင်လျှသွားသည်။

ကျန်ကျောင်း မြေပြင်ပေါ်သို့ ပြန်၍ ခုန်ချလာသောအခါ တွင် လူသုံးဦးမှာ နောက်သို့ တစ်လှမ်းစီ ဆုတ်ခွာသွားကြ၏။

'ဘယ်လိုလဲကွ၊ ခုဒေတာ့ မင်းတို့ နောက်ဆုတ်ဖို့ စဉ်းစား နေပြီလား၊ မစဉ်းစားနဲ့ကွ၊ ငါက မင်းတို့လို ရာဇဝတ်ကောင် တွေကို အရှင်မထားဘူး'

ကျန်ကျောင်းက ခုန်ဝင်ကာ တိုက်ခိုက်လိုက်၏ လူဝကြီးမှာ နောက်သို့ခုန်ကာ ဆုတ်ခွာသွားသည်၊ ကျန်ကျောင်းက နဂါး မိုးပျံတိုက်ကွက်ဖြင့် လူနှစ်ဦးကို ရှေ့မှခုန်ချကာ လမ်းပိတ်ထား လိုက်၏။

'ထန်း'

'ချမ်'

'အား'

နှစ်ဦးလုံး ပြိုင်တူခုန် တိုက်ခိုက်လိုက်ကြသော်လည်း ကျန် ကျောင်း၏သိုင်းကွက်ကို မခုခံနိုင်ကြတော့ပေ၊ ကျန်ကျောင်း၏ ဓားက မျက်နှာဖုံးစွပ်တစ်ဦး၏ ပခုံးကို ဖောက်ထွင်း ဝင်ရောက် သွား၏။



'အား အား'

ပခုံးကို လက်နှင့်ဖိကာ မျက်နှာဖုံးစွပ်တစ်ဦးမှာ ခွေကျ သွားလေသည်၊ ကျန်တစ်ဦးမှာ ထိုအခွင့်အရေးကို အသုံးချကာ သစ်ပင်ပေါ်သို့ လွှားခနဲခုန်တက်၍ ထွက်ခွာပြေးသွားကြလေ တော့သည်။

'ကျွန်တော့်အသက်ကို ချမ်းသာပေးပါ'

မျက်နှာဖုံးစွပ်က တောင်းပန်လိုက်သည်၊ ကျန်ကျောင်းက မျက်နှာဖုံးစွပ်၏ မေးစေ့မှအဝတ်စကို ဓားနှင့် ကော်တင်ကာ မျက်နှာဖုံးကို ဖွင့်လှစ်လိုက်လေသည်။

ပြည့်ပြည့်ဝဝဖြင့် လူကောင်းလက္ခဏာနှင့်ကူသော မျက်နှာ တစ်ခု ပေါ်လွင်လာသည်။

'ဟင် ထန်းဖိပါလား၊ ဒါနဲ့ ခင်ဗျားက အသတ်ခံရပြီး သေသွားပြီဆို'

'ကျောင်းထန်က သစ်ပင်နောက်မှ ပြေးထွက်လာကာ မျက် နှာဖုံး ချွတ်ခွာလိုက်သော ထန်းဖိကိုတွေ့၍ အံ့အားသင့်သံဖြင့် ပြောလိုက်လေသည်။

ကျန်ကျောင်းသည် ကျောင်းထန်ကိုလှည့်ကြည့်လိုက်လေသည်၊ 'ကျောင်းထန် မင်း သူ့ကိုသိသလား'

'ကျွန်တော် ကောင်းကောင်းသိပါတယ်၊ သူက ကျွန်တော့်အစ်ကို ကျောင်းဖုံရဲ့ သူငယ်ချင်းပါ'

ကျန်ကျောင်းမှာ ယခုမှ သဘောပေါက်သွားလေသည်၊

'ဒါဆိုရင် လုပ်ကြံခံရလို့ သေသွားတာ ခင်ဗျားမဟုတ်ဘူးပေါ့၊ ခင်ဗျားမျက်နှာပုံတူ စွပ်ထားတဲ့လူပေါ့ ဟုတ်လား'

ကျန်ကျောင်းက ထိုလူသတ်မှုအကြောင်းကို သိရှိထားသူဖြစ်၍ ပွင့်ပွင့်လင်းလင်း မေးလိုက်၏။

'ဟုတ်ပါတယ်၊ ကျောင်းဖုနဲ့ ကျွန်တော်အား မျက်နှာဖုံးစွပ်နဲ့ ပန်းချီအတတ်ပညာကို ကျွမ်းကျင်တော့ ကျွန်တော်တို့ကို လုပ်ကြံမယ်လို့ထင်လို့ ကျွန်တော်တို့ရဲ့ တပည့်နှစ်ယောက်ကို မျက်နှာဖုံးအတု တပ်ပေးပြီးတော့ သူဌေးကြီး လိုကျန်ဖုန်းဆီကို လွှတ်ခဲ့တာပါ'

'ဟင် ဒါဆို ကျွန်တော့်အစ်ကို ကျောင်းဖုလဲ မသေဘူးပေါ့နော်'



'ဟုတ်တယ် သေတော့မသေဘူး၊ ဒါပေမယ့် သူဟာ သူ့ဘဝကိုသူ စိတ်ပျက်သွားပြီး တာဟူးမြို့ထဲမှာလဲ မနေချင်တော့လို့ ထွက်သွားပါပြီ၊ ဒီအကြောင်းတွေ သူဌေးကြီး လိုကျန်းဖုန်းသိရင် ကျွန်တော်တို့အန္တရာယ်မကင်းပါဘူး'

'အော်'

ကျန်ကျောင်းက ထန်းဖိရှင်းပြနေသည်ကို နားထောင်ပြီးနောက် ခေါင်းညိတ်လိုက်သည်။

'ခုမင်းပြောနေတာတွေ အမှန်ပဲလား'

'အမှန်ပါပဲခင်ဗျား'

'ဒါဆို မင်းကိုစစ်ဆေးစရာရှိတယ်၊ မြို့ဝန် ချူးထန်းကျင်းအိမ်ကိုလိုက်ခဲ့၊ ကဲ ကျောင်းထန် မင်းလဲမပြန်နဲ့တော့ မင်းကို အသက်အန္တရာယ် ပေးမယ့်လူတွေရှိနေပြီ၊ ဒီတော့ မြို့ဝန်အိမ်ကိုပဲ ပြန်လိုက်ခဲ့ သူ့ဒဏ်ရာကို အစတ်နဲ့သွေးတိတ်အောင် စီးပေးလိုက်'

'ဟုတ်ကဲ့'

ကျောင်းထန်က သူ့အင်္ကျီ အဝတ်ဝတစ်စကိုဆုတ်ကာ ထန်းဖိ၏ ပခုန်းမှ ဒဏ်ရာကို စီးနှောင်ပေးလိုက်လေသည်၊ ပြီးနောက် ကျောင်းထန်က ထန်းဖိကိုတွဲကာ ကျန်ကျောင်း၏နောက်မှ လိုက်ပါသွားလေသည်။

'ကာဘဲပြောပြောဗျာ ခင်ဗျားနဲ့ ကျွန်တော့်အစ်ကို အ
သက်ရှင်နေတယ်ဆိုတာကို သိရတာ ဝမ်းသာပါတယ်'

ကျောင်းထန်က သူ့ကိုမှီကာ လိုက်လာသော ထန်းဖိကို
စကားပြောလိုက်သည်၊ ထန်းဖိခြေလှမ်းများမှာ လှမ်းလာ
ရင်း လေးလံလာသလို ထင်မှတ်ရသည်၊ ခြေလှမ်းဆယ်လှမ်း
စာမျှ ရောက်သောအခါ ထန်းဖိမှာ လမ်းမလျှောက်နိုင်
တော့ပေ။

'ဆရာ သူ သူလမ်းမလျှောက်နိုင်တော့ဘူး'

ကျောင်းထန်က ရှေ့မှသွားနေသည့် ကျန်ကျောင်းကိုပြော
လိုက်သည်။

'ဒဏ်ရာက သွေးထွက်များသွားလို့ ထင်တယ်၊ ပြီးတော့
အဆိပ်လဲပါတယ်၊ ဒီတော့ သူ့ကို မွေ့ပြီးသာ ထမ်းလိုက်ပါ
ကျောင်းထန်ရာ'

ကျောင်းထန်က ကျန်ကျောင်း၏အမိန့်အတိုင်း ထန်းဖိခန္ဓာ
ကိုယ်ကို ပခုန်းပေါ်တင်ကာ ထမ်းလိုက်လေသည်၊ သို့သော်
ကျောင်းထန်၏ စိတ်ထဲတွင် တစ်မျိုးဖြစ်နေလေသည်၊ ထန်းဖိ
၏ ကိုယ်ခန္ဓာကြီးမှာ တဖြေးဖြေး လေးလံလာသည်ဟု
ထင်မှတ်ရသည်။

'ဆရာ....ဆရာ'

ကျောင်းထန်က ခေါ်လိုက်၍ ကျန်ကျောင်း၏ ခြေလှမ်း
များ တုန့်ကနဲရပ်သွားသည်။

'ဘာဖြစ်လို့လဲ ကျောင်းထန်'

'သူ့ကိုကြည့်ပါဦးဆရာ'



ကျန်ကျောင်းသည် ထန်းဖိ၏ မျက်နှာနားကို ကပ်ကြည့်
လိုက်သည်။

'သူအသက်မရှိတော့ဘူး အဆိပ်ဆေးလုံး ခိုးသောက်
သွားပြီ'

## အခန်း (၂၂)

'အင်း သေမှာကြောက်လို့ မျက်နှာဖုံးစွပ်အတုနဲ့ လူစားထိုး လဲခဲ့တဲ့ ထန်းဖိဟာ အစစ်ဆေးခံရကာနီးမှ သူ့ကိုယ်သူ အဆိပ်ဆေးလုံး သောက်သေသွားဟာဆိုတော့ သူနဲ့ဆက်သွယ်တဲ့ အဖွဲ့ဟာတော်တော်ရက်စက်ကြမ်းကြုတ်ပုံရတယ်'

သုခမိန်ကြီးက စားပွဲပေါ်တွင် လက်ထောက်ထိုင်-င်း ရေရွတ်ပြောဆိုလိုက်သည်၊ သုခမိန်ကြီး၏ ရှေ့တွင် ကျန်ကျောင်းနှင့် ကုန်းစွန်တို့ မတ်တတ်ရပ်နေကြ၏။

'ကျွန်တော်လဲ သူ့ကိုဒဏ်ရာ ပြင်းထန်မှာစိုးလို့ ပခုန်းကိုထိရုံသာ တိုက်ခိုက်ခဲ့တာပါပဲ၊ ဒါပေမယ့်သူက လမ်းမှာအဆိပ်ဆေးလုံးကို ခိုးပြီးသောက်လိုက်တာ သတိမမူထားမိဘူး



ကျန်ကျောင်းက သူ့အတွေ့အကြုံကို အစီရင်ခံ ပြောကြားလိုက်သည်၊ ခိုင်ဖုံးတရားသူကြီးက သူ၏နဖူးကို ညာလက်ဖြင့် ထောက်လိုက်သည်။

'အင်း သူ့ကိုသာ မေးမြန်းခွင့်ရရင် သိပ်ကောင်းတာပေါ့ ဒါထင်တာတော့ သူဟာဒီတရားရုံးရဲ့ အနီးမှာ ကတည်းက ကျောင်းထန်ကို စောင့်ကြည့်နေပုံရတယ်၊ ကျောင်းထန်ဟာ သူသိတာကို တို့ကိုမပြောဘူး၊ ဒါကြောင့် အချိန်မီ ကျောင်းထန်ကို နုတ်ပိတ်လုပ်ကြံတာ ဖြစ်ရမယ်'

'ဖြစ်နိုင်ပါတယ်သုခမိန်ကြီး ကျောင်းထန်ကလဲ တစ်စုံတစ်ခုကို သိပ်ကြောက်နေလို့သာ ဖုံးကွယ်ထားတာ ဖြစ်မှာပါ'

ကုန်းစွန်းက သုခမိန်ကြီး၏ စကားကို ထောက်ခံလိုက်လေသည်။

'ဘာဘဲဖြစ်ဖြစ် အဲဒီလူဟာ ပန်းမာလာ စားသောက်ဆိုင်မှာ ရှိတဲ့လူ၊ ဒါမှမဟုတ် ပန်းမာလာ စားသောက်ဆိုင်နဲ့ ဆက်သွယ်နေကဲ့လူ ဖြစ်ရမယ်ကုန်စွမ်း သူတို့ကိုတရားရုံးမှာ ခေါ်ထားပြီးတော့ သူထုတ်ပြောအောင် မေးရမှာပဲ'

'သူ ထုတ်ပြောအောင်မေးလို့ ထုတ်ပြောလာပြီ ဆိုရင်တော့ လမ်းစတစ်ခုခုပေါ်လာမှာပါ'

သုခမိန်ကြီးက ကုန်းစွန်း၏စကားကို ခေါင်းညိတ်လိုက်သည်။

'အင်း....ဒါပေမယ့် ဒီနေရာက တာဟူးမြို့ဝန်ရဲ့အိမ်၊ တာဟူးမြို့ဝန်ရဲ့ တရားရုံးဆိုတော့ ကျောင်းထန်ရဲ့လုံခြုံရေးက စိတ်ချရပါ့မလား၊ ကျန်ကျောင်း အစောင့်အကြပ်တွေကို သေချာထားနော်'

'ဟုတ်ကဲ့ပါ သုခမိန်ကြီး၊ မြို့ဝန်ရဲ့အစောင့်တွေထဲမှာ ကျွန်တော်တို့ရဲ့လူတွေပါ ထည့်ထားပါတယ်၊ အခန်းနားကိုလဲ ကျွန်တော် မကြာခဏသွားပြီး အကဲခတ်ပါတယ်'

'အေး.... တောင်းတယ်၊ ကဲ အခုလောက် ဆိုရင်တော့ ကျောင်းထန်က စိတ်နသ်းနည်းငြိမ်သွားပါပြီ၊ အဲ့ဒီတော့ သူ့ကို သွားခေါ်ခဲ့ပါ ကျန်ကျောင်း'

'ဟုတ်ကဲ့'



ကျန်ကျောင်းသည် ကျောင်းထန်ကို ထားခဲ့သည့် အိပ်ခန်းဆောင်သို့ ခေါ်ဆောင်ရန် ထွက်ခွာသွားလေသည်၊ အခန်းထဲတွင် ကုန်းစွန်နှင့် သုခမိန်ကြီး ပေါင်ချင်ကျန်းသာ ကျန်ခဲ့တော့သည်။

'ကုန်းစွန်'

'ဗျာ'

'ကြောက်တတ်ရင် ဝန်ကင်းဆိုတဲ့ စကားရဲ့အဓိပ္ပာယ်ကဘာလဲ'

'ကြောက်တတ်တဲ့လူတွေဟာ ဘယ်သူ့ရဲ့ဝန်မှမပိဘဲ ဘေးကင်းရန်ကင်း နေရတယ်လို့ ဆိုလိုဖယ်ထင်ပါတယ် သုခမိန်ကြီး၊ ကျွန်တော်ပြောတာ မှန်ရဲ့လား'

'မှန်ပါတယ်၊ ဒါပေမယ့် ကိုယ့်မှာ အပြစ်ရောက်နိုင်မှန်းသိတဲ့အခါ ကြောက်တတ်သူတွေဟာ တာဝန်ကင်းအောင်နေလို့ မဖြစ်တော့ပါဘူး၊ သူတို့ ဒီလိုနေလိုက်ကြရင် ပိုပြီး ဝန်ပိစရာလဲ ဖြစ်လာတတ်တယ်'

သုခမိန်ကြီးက ထရပ်ကာ လက်နှစ်ဖက်ကို နောက်ပစ်၍ ရပ်ရင်း ကုန်းစွန်းကို ရှင်းပြလိုက်သည်။

'ဘာကိုဆိုလိုပါသလဲ သုခမိန်ကြီး'

'အခု ကျောင်းထန်ဟာ သိပ်ကြောက်စရာကောင်းတဲ့ အရာတစ်ခုကို တွေ့ထားတာ သေချာတယ်၊ အဲဒါကို ထုတ်ဖော်ပြောလိုက်ရင် သူ့ကို အပြစ်ရောက်မှာ ကြောက်နေတယ်၊ အဲဒီတော့ ဖွင့်မပြောရင် သူ့မှာ အပြစ်ပိုကြီးပြီး ဒုက္ခရောက်မယ့်အကြောင်း ရှင်းပြရင် သူ ပြောလာနိုင်မယ် ထင်ပါတယ်၊ ဒီအမှုက အချိန်ဆွဲလို့ မဖြစ်ဘူး'

သုခမိန်ကြီးနှင့် ကုန်းစွန်းတို့ စကားပြောဆိုနေစဉ်မှာပင် မြို့ဝန် ချူးရင်ထန်က ဝင်လာသည်၊

'သုခမိန်ကြီးကို ဂါရဝပြုပါတယ်'

'ထိုင်ပါ ချူးရင်တန်'

ချူးရင်ထန်၏မျက်နှာမှာ မဟောင်းပါ၊ တစ်စုံတစ်ရာကို စိတ်ပျက်ဝမ်းနည်းနေပုံရလေသည်။



'ဒီမြို့မှာလဲ အမှုတွေက တစ်ခုပြီးတစ်ခု ဆက်ဖြစ်နေတာပဲ၊ မကြာသေးခင်ကမှ အမှုတစ်ခုကို လာတိုင်ပြန်ပြီ သုခမိန်ကြီး'

'ဟုတ်လား ဘာအမှုလဲ'

သုခမိန်ကြီးက အေးဒအေးသေချာစွာဖြင့်ပင် ပြန်မေးလိုက်သည်။

'သူဌေးကြီးလိုကျုန်းဖုန်းရဲ့သမီးလေးကို လူဆိုးတစ်ယောက်က ဖမ်းသွားလို့ပါ'

'လူဆိုး ဟုတ်လား၊ အဲဒီလူဆိုးက ဘယ်သူလဲ'

သုခမိန်ကြီးက မြို့ဝန်ကို မေးခွန်းထုတ်လိုက်လေသည်၊

'မကြာခင်မှာ ဒီအမှုတွေရဲ့တရားခံကို မိတော့မယ်လို့ ထင်ရတာပါပဲ'

သုခမိန်ကြီးက မြို့ဝန်၏စကားကို လက်မခံဘဲ ခေါင်းခါယမ်းလိုက်သည်။

'ဒီလူသတ်မှုတွေရဲ့ တရားခံဟာ လွယ်လွယ်နဲ့တော့ ဖော်တ်လို့ ရမယ်မထင်ဘူး ချူးရင်ထန်၊ အကြောင်းရင်းကိုစု

တွေကို အသေးစိတ်ထုတ်ဖော်နိုင်မှ တရားခံဟာ ပေါ်လာလိမ့်မယ်'

'အခု ကလေးကိုဖမ်းသွားတဲ့လူဆိုးဟာ ထန်းဖိနဲ့ကျောင်းဖုတ်တို့ကိုသတ်တဲ့ လူသတ်တရားခံ ဝူချင်းဖိန်ဆိုတဲ့ ကောင်ပါပဲ သုခမိန်ကြီး'

'ဝူချင်းဖိန် ဟုတ်လား၊ သူက ပန်းမာလာ စားသောက်ဆိုင်မှာ မျက်စိတစ်ဖက်လပ် ဝမ်ချောင်းနဲ့ လူ့ဘီလူးကြီး ကျုံကန်တို့ကို တိုက်ခိုက်သွားတဲ့ လူငယ်လေးလား'

'ဟုတ်ပါတယ်'

သုခမိန်ကြီးက ခေါင်းခါလိုက်သည်။

'ဝူချင်းဖိန်ဟာ ဒီအလုပ်တွေကို အကြောင်းမဲ့လုပ်တာ မဖြစ်နိုင်ဘူး ချူးရင်ထန်၊ သူဟာလဲ လူသတ်တရားခံ မဖြစ်နိုင်ဘူး'

သုခမိန်ကြီးက ယတိပြတ်ပြောချလိုက်သည်။



'ကျွန်တော် သူဌေးကြီးလိုကျန်းဖုန်းကိုခေါ်ပြီး တွေ့ပြီးပါပြီ၊ သူဌေးကြီးလူယုံ တော်အောညက်နဲ့ ကျောင်ဖုန်းစန်းတို့က ပါ ထန်းဖိနဲ့ကျောင်းဖုတ်တို့ကို သတ်တဲ့တရားခံဟာ ဝူချင်းဖိန်လို့ တညီတည်းထွက်ဆိုကြပါတယ်၊ ပြီးတော့ သေဆုံးသူတွေနားက သူဌေးကြီးပေးအပ်ထားတဲ့ ဝူချင်းဖိန်ရဲ့ အမှတ်အသားကိုလဲ ခိုင်ခိုင်မာမာတွေ့ရတာပဲ'

သုခမိန်ကြီးက ချူးရင်ထန်၏စကားကို မထောက်ခံသေးဘဲ စဉ်းစားနေလေ၏။

'ဝူချင်းဖိန်နဲ့ကျောင်းဖုတ်တို့ဟာ ဘယ်လိုရန်ငြိုးရန်စရှိလို့လဲ၊ သူတို့ ရန်ငြိုးရန်စရောရှိနိုင်သလား၊ ကျုပ်အထင်တော့ ဝူချင်းဖိန်ဆိုတဲ့လူငယ်ဟာ မျက်စိတစ်ဖက်လပ်ဝမ်ချောင်းလို လူဆိုးမျိုးနဲ့တောင် ရင်ဆိုင်တိုက်ခိုက်ခဲ့တာဆိုတော့ အလုပ်တစ်ခုကို သိပ်ကြောက်ကြောက်ရွံ့ရွံ့လုပ်ပြီး ပုန်းကွယ်နေမယ့် လူငယ်မျိုး မဟုတ်ဘူး'

သုခမိန်ကြီး၏ ဝေဖန်သော စကားကြောင့် ချူးရင်ထန် မျက်နှာပျက်သွား၏။

'သုခမိန်ကြီး သူဌေးကြီးလိုကျန်းဖုန်းကို ခေါ်တွေ့ပြီး မေး

ချင်မေးကြည့်ပါ၊ လိုကျန်းဖုန်းကတော့ ဂူချင်းဖိန့်ကို သူ့ရဲ့ ကိုယ်ရံတော်အဖြစ် ထားဖူးတော့ ပူချင်းဖိန့်အကြောင်း ကောင်းကောင်းသိပါတယ်'

'ကောင်းသားပဲ၊ လောလောဆယ်တော့ မလိုအပ်သေးဘူးထင်ပါတယ်'

သုခမိန်ကြီးက လိုကျန်းဖုန်းကို အရေးကြီးသော သက်သေအဖြစ် မထားလိုကြောင်း အကြောင်းပြလိုက်၍ ချူးရင်ထန်စိတ်ပျက်သွား၏။

'လိုကျန်းဖုန်းရဲ့စကားကိုမှ မယုံကြည်ရင် ဒီတရားခံနဲ့ ပတ်သက်လို့ ဘယ်သူ့စကားကို ကျွန်တော်တို့ ယုံရမှာလဲ သုခမိန်ကြီး'

သုခမိန်ကြီးက ပြုံးလိုက်သည်။

'တာဟူးမြို့ဝန်ချူးရင်ထန်ကလဲ တယ်စိတ်လောတာကိုး၊ အမှုတစ်ခုမှာ ဘယ်သူ့စကားကိုမှ ခိုင်ခိုင်မာမာ ယုံကြည်စရာ မလိုဘူး၊ အမှန်တရားဆိုတာ သူတို့တကယ်ဖြစ်ပွားခဲ့စဉ်ကသာ ထုတ်ဖော်ပြောပြတတ်တာမျိုးပဲလေ၊ ဒီတော့ အမှုဖြစ်ပွားရာ



ကွင်းဆက်တွေ၊ အမှုထဲမှာပါခဲ့တဲ့၊ ပတ်သက်ခဲ့တဲ့လူတွေ၊ သေဆုံးသွားတဲ့လူတွေရဲ့ သေပုံသေနည်းတွေကို သေချာလေ့လာဖို့က အဓိကကျတယ် မဟုတ်လား'

သုခမိန်ကြီး လမ်းလျှောက်နေရာမှ လှည့်၍ပြောသည်၊ ချူးရင်ထန်းမှာ ဘုရင့်တရားသူကြီးဖြစ်သော သုခမိန်ကြီးကို အပြန်အလှန် ငြင်းဆန်ပြောဆိုလိုသော စိတ်ထား မရှိသော်လည်း သုခမိန်ကြီး၏ ထင်မြင်ချက်အပေါ်တွင်တော့ သိပ်ဖြစ်နိုင်လိမ့်မည်ဟု မထင်ပေ။

'ဘာပဲဖြစ်ဖြစ်၊ လောလောဆယ် သူဌေးသမီးလေးဖုဖုကို ဖမ်းခေါ်သွားတာတော့ သိပ်ရက်စက်ရာ ရောက်ပါတယ်၊ မတော်တဆ သတ်ပစ်လိုက်ရင် ဘယ့်နှယ်လုပ်မလဲ'

'ငွေဘယ်လောက်တောင်းသတဲ့လဲ'

'ငွေတော့ မတောင်းပါဘူး....၊ ဒါပေမယ့် သူက လူသတ်သမားမဖြစ်အောင် သူဌေးကြီးက ကာကွယ်ထွက်ဆိုရမယ်လို့ တောင်းဆိုထားသတဲ့'

ချူးရင်ထန်၏စကားကိုနားထောင်၍ သုခမိန်ကြီးကခေါင်းကိုနှစ်ခါလောက်ညိတ်လိုက်သည်။

'လူသတ်သမားတစ်ယောက်ရဲ့ ထင်ရှားတဲ့ လူသတ်မှုကို သူငွေးတစ်ဦးက ကာကွယ်ပေးလို့ရပါမလား သုခမိန်ကြီး'

သုခမိန်ကြီးက ခေါင်းခါရမ်းလိုက်သည်။

'နေပါဦး ချူးရင်ထန်၊ အခုစကားတွေက ဝူချင်းဖိန်က ပြောတာလား'

ရုတ်တရက် သုခမိန်ကြီး မေးလိုက်သော စကားကြောင့် ချူးရင်ထန်ပြန်မဖြေနိုင်၊ မျက်လုံးအဝိုင်းသားဖြင့် သုခမိန်ကြီးကို ကြည့်နေ၏။

'သူဌေးကြီးလိုကျွန်ဖုန်းဟာ ပြောတဲ့စကားတွေ မဟုတ်လား ချူးရင်ထန်'

'ဟုတ်ပါတယ်၊ သူ့သမီး ဖမ်းခေါ်သွားတာခံရတဲ့ သူဌေးကြီးဟာ မဟုတ်တာပြောပါမလား သုခမိန်ကြီးရယ်'

ချူးရင်ထန်၏စကားကို သုခမိန်ကြီးက လက်မခံကြောင်း ခေါင်းခါပြလိုက်၏။

'လူတွေဟာ ကိုယ့်အပြစ်ကို ဖုံးကွယ်ပြီး သူများအပြစ်ကို တတ်နိုင်သလောက် ထုတ်ဖော်ပြတတ်တဲ့အကျင့် ရှိတတ်တယ် ချူးရင်ထန်၊ အခုကိစ္စမှာ ဘယ်ဟာမှ မှန်တယ်ဆိုးဖြတ်လို့ မရသေးဘူး'

'ဟုတ်ပါတယ်၊ ဝူချင်းဖိန်ကိုမိဖို့ကလဲ သိပ်အရေးကြီးနေတယ်၊ ဝူချင်းဖိန်ကို အသေရရအရှင်ရရဖမ်းခဲ့ဖို့ ကျွန်တော်အမိန့်ထုတ်ထားပါတယ်'



သုခမိန်ကြီးက သူ၏မုတ်ဆိတ်မွေးများကိုဆွဲကာ စဉ်းစားလိုက်၏။

'ဝူချင်းဖိန်ကို အသေသတ်ခိုင်းဖို့တော့ အမိန့်မပေးသင့်ဘူး'

'ဘာဖြစ်လို့လဲ သုခမိန်ကြီး၊ ဒီလောက်ဆိုးတဲ့လူဆိုးကို ကြာကြာလွှတ်ပေးထားရင် အန္တရာယ်ကြီးတယ် မဟုတ်လား'

'ဒီအမှုမှာ ဝူချင်းဖိန်က သိပ်အဓိကကျတယ်ဆိုတာ မှန်တယ် ချူးရင်ထန်၊ ဒါပေမယ့် သူသေသွားခဲ့ရင်တော့ အမှုဟာ စစ်ဆေးရဖို့ခက်နိုင်တယ်၊ သူတစ်ဦးတည်းတရားခံမဖြစ်နိုင်ဘူး၊ သူဟာ တရားခံအစစ်ဖြစ်ဘယ်ထားဦး၊ သူ့ထက် အရေးပါတဲ့ သူတွေ ရှိနေတယ်လို့ ကျုပ်ထင်တယ်။ သူ့ဟာ သူတံဆိပ်ပြား ကိုသုံးပြီး သူ့ကိုယ်သူ လူသတ်တရားခံလုပ်မယ်လို့ ချူးရင်ထန် ထင်သလား'

ချူးရင်ထန်မှာ ထိုမေးခွန်းကို ရုတ်တရက်မဖြေနိုင်ဖြစ်သွားသည်။

'သေချာ စဉ်းစားကြည့်ပါ ချူးရင်ထန်၊ ခင်ဗျားသာ လူသတ်မယ်ဆိုရင် ခင်ဗျားကို သူများက လူသတ်သမားမှန်း သိအောင် မြို့ဝန်တံဆိပ်ကြီးကို သေတဲ့သူဘေးမှာချထားခဲ့မှာတဲ့လား'

'မတော်တဆ ကျန်ခဲ့တာမျိုးလော မဖြစ်နိုင်ဘူးလား သုခမိန်ကြီး'

'ဖြစ်နိုင်ပေမယ့် ဒါမျိုးဟာ အင်မဟာန်ဖြစ်ခဲပါတယ်၊ မထင်ရှားတဲ့ လမ်းခရီးတို့၊ မနီးမဝေးတို့မှာသာ ရုတ်တရက် ကျကျန်တာမျိုးဖြစ်နိုင်တာပေါ့၊ အခုဟာက လူသေအလောင်းရဲ့ ဘေးနေရာမှာဆိုတော့ တော်တော့ကို မဖြစ်နိုင်တာပဲ'

သုခမိန်ကြီးက တိတိကျကျဝေဖန်ပြောဆိုလိုက်၍ ချူးရင်ထန်မှာ လက်မခံ၍ မဖြစ်တော့။

'သုခမိန်ကြီးယူဆချက်ဟာ သိပ်ကို သဘာဝကျပါတယ်ခင်ဗျာ၊ ငှုချင်းဖိန်ဟာ လူသတ်မှုမှာ ပါဝင်နိုင်ပေမယ့် သူကိုယ်တိုင်သွားသတ်ပြီး သူ့တံဆိပ်ချခဲ့တာတော့ မဖြစ်နိုင်တော့ပါဘူး'

သုခမိန်ကြီးက ပြုံး၍ခေါင်းညိတ်လိုက်သည်။

'အဲဒီအယူအဆက သိပ်မှန်တာပေါ့၊ လူသတ်တရားခံတွေဟာလဲ လူမှားပြီး သတ်ခဲ့ကြတာပဲ၊ တင်းဖိက ခုမှသေတယ်၊ ကျောင်းဖုန်ကတော့ ခုထိမသေဘဲ တစ်နေရာကို ထွက်သွားတယ်၊ အဓိက ကျောင်းဖုန်ကိုတွေ့ရင် သူ့ကို ဘယ်သူကဘာလို့ သတ်ဖို့ကြိုးစားတယ်ဆိုတာသိရမှာပဲ'

မြို့ဝန်ချူးရင်ထန်မှာ သုခမိန်ကြီးကို အရိုအသေ ပြုလိုက်သည်။

'ခိုင်ဖုန်းတရားသူကြီး ပေါင်းချင်းကျန်းဟာ ဒါခြောက်လဲ နာမည်ကြီးပြီး လူအများ ကြည်ညိုလေးစားတာ ခံရတာပဲ၊ သုခမိန်ကြီးရဲ့ ထုတ်ဖော်တွေးဆချက်တွေဟာ သိပ်ပြီးတိရောက်



ပါတယ်၊ ကျွန်တော်လဲ ဒီအချက်ကို ခုမှပဲ စဉ်းစားမိတော့တယ်၊ အရေးကြီးတာက ကျောင်းဖုန်ကို ရှာဖွေဖို့ပဲ'

'ကျောင်းဖုကလဲ ဒီအချက်ကိုသိနိုင်တယ်ဆိုတာ ထည့်တွက်ထားဦးပေါ့'

'ဟုတ်ကဲ့ပါ သုခမိန်ကြီး'

## အခန်း (၂၄)

မိုးမျှော်စံအိမ်၏ အပေါ်ဆုံးထပ်တွင် မီးများ ထိန်ထိန်လင်းလျက်ရှိလေသည်၊ ကျောက်ဆူး ကျာပွတ်ကြီးကို ကိုင်ဆောင်ထားသော စံအိမ်၏အရှင်သခင်ကြီး မာကျောက်ယီ၏မျက်နှာမှာ တင်းမာခက်ထန်နေသည်၊ မာကျောက်ယီ၏ရှေ့တွင် ရပ်နေကြသော ခန္ဓာကိုယ်ကြီးမားထွားကြိုင်းသည့် လူဘီလူးကြီး ကျုံးဆန်နှင့်လက်မရှိခံ့ားသမား ယုကျင်နှင့် မြားဝိဇ္ဇာချောင်လီတို့မှာ မျက်နှာများပျက်နေကြသည်။



'ဘယ်လိုလဲကွ မင်းတို့ပြောတော့ ကျောင်းထန်ဆိုတဲ့ကောင်လေးတစ်ကောင်ကို သတ်ရတာဟာ ပုရွက်ဆိတ်လေး တစ်ကောင်လောက်တောင် မခက်ပါဘူးဆို'

မာကျောက်ယီက ကျာပွတ်ကို ရှမ်းခနဲ ဆန့်လိုက်ရင်း အော်ဟစ်ပြောလိုက်သည်၊ အသံလုံနေသောခန်းမကြီးထဲတွင် မာကျောက်ယီ၏ အသံမှာဟိန်း၍ထွက်နေသည်၊

'ကျွန်တော်တို့အစီအစဉ်အတိုင်း မြို့ဝန်ချူးရှင်ထန်ရဲ့ အိမ်ကအပြန်စောင့်စားနေတဲ့ တောစပ်မှာပဲ ယုကျင်နဲ့ ကျုံးထန်တို့က အသေသတ်ဖို့ကြိုးစားပါတယ်၊ ဒါပေမယ့်ခိုင်ဖုံးတရားသူကြီးဆီမှာ တာဝန်ယူနေတဲ့ ထောက်လှမ်းရေးမှူး ကျန်ကျောင်းက ဝင်ကယ်လို့ ခုလိုဖြစ်ရတာပါ'

'ခိုင်ဖုံးတရားသူကြီး တာဟူးမြို့ကိုရောက်နေတယ်လို့ မင်းတို့အားလုံးသိတယ်၊ သူ့လက်ထဲကို ကျောင်းထန်မရောက်ဖို့လဲ ငါကြိုမှာထားတယ်၊ ခုတော့ ကျောင်းထန်က ငါထင်တဲ့အတိုင်း မြို့ဝန်အိမ်ရောက်သွားပြီ၊ ကဲဘယ်လုပ်မလဲ'

မာကျောက်ယီက ယုကျင်တို့ဘက်သို့လှည့်ကာ မေးလိုက်သည်။

'မြို့ဝန်ရဲ့အိမ်မှာ ကျွန်တော်နဲ့ ကျင်းယုံတို့ နှစ်ယောက်သွားပြီး ကျောင်းထန်ကို နှုတ်ပိတ်လိုက်ပါမယ်'

'ဟား ဟား ဟား လာပြန်ပြီ ယူကျင် မင်းတို့တောထဲမှာ လွတ်လွက်လပ်လပ်တောင် သတ်လို့မရခဲ့တာ မြို့ဝန်တို့မှာ အစောင့်အကြပ်တွေဒီလောက်များတာ သွားလုပ်လို့ဖြစ်မလားကွ တော့ မင်းတို့ကို ကွိခနဲမိမှ တနွယ်ငင်တစင်ပါ ငါတို့ပါ ခိုင်ဖုံးတရားသူကြီးရဲ့ ခေါင်းဖြတ် ဓားစက်အောက် ဝင်နေရမှာပေါ့'

'ဒါဆို ကျွန်တော်တို့ဘာလုပ်ရမလဲ'

လူဘီလူးကြီး ကျုံးထန်က မေးလိုက်ခြင်းဖြစ်သည်။

'ခုမှ ငါ့ကိုမေးရသလားကွ'

'ရှမ်း'

'အမယ်ရဲ ပဲ'

'သုံ့ ဖျင်းကြဦးကွာ'

'ရှမ်း... ရှမ်း'

'အား'

'အို'

မာကျော့ာက်ယိ၏လက်ထဲမှ ကျောက်ဆူး ကျာပွတ်ကြီးက လူ့ဘီလူးကြီး ကျုံးထန်မှအစ ကျင်းယုံနှင့် ယူကျင်တို့ကိုပါ တစ်ယောက်ပြီးတစ်ယောက် ရစ်ပတ်ကာ ကြမ်းပြင်ပေါ်သို့ လဲကျသွားစေသည်။



စင်စစ် မာကျောက်ယိ၏ခန္ဓာကိုယ်မှာ ကြီးမားထွားကြိုင်း လှသည်တော့မဟုတ်ပါ၊ ကြုံလှီသေးကွေးသော သူလည်း မဟုတ် လေးထောင့်ကျကျမျက်နှာနှင့် အရပ်အမောင်း ငါးပေကျော်ကျော်သာရှိသော မာကျောက်ယိ၏ အတွင်းအားက တော့ ကြောက်မက်ဖွယ်ရာကောင်းလှပေသည်။

မာကျောက်ယိ....

မာကျော၏အရင်းမှ အဖျားသို့ သေးသွယ်သွားသော ရှည်လျားသည့် ဆူးများပါသော ကျောက်ဆူးကျာပွတ်သည် လူတစ်ကိုယ်လုံးမြောက်သွားအောင် ရစ်ပတ်ပြီးမှ မာကျောက် ယိက ဆွဲဖြုတ်လိုက်ခြင်းဖြစ်သည်၊ ထိုအခါတွင် ရစ်ပတ်ခံရ သူ၏ ကိုယ်လုံးတစ်လျှောက်လုံး သွေးချင်းချင်းနီကာ လဲ၍ သွားသည်။

လူ့ဘီလူးကြီး ကျုံးထန်သည် သူ၏လက်မောင်းနှင့်ကျော ပြင် ဝမ်းဗိုက်များတွင်မှ ဝင်သွားသောဆူးချက်များကြောင့် နာကျင်သည့် ဝေဒနာကို ခံစားရင်း ကြမ်းပေါ်တွင်လိမ့်နေ သည်။

'အား'

'အိုး အိုး'

မိုးဆမ်းပန်းစာပေ

ကျောက်ဆူးကျောပွတ်၏ရိုက်ချက်မှာ ငရဲသားတစ်ဦး ငရဲခံရသကဲ့သို့ပင်ရှိသည်၊ တွန့်တွန့်လူးနေသော လူသုံးဦးမှာကြမ်းပြင်ပေါ်တွင် သွေးသံရဲရဲဖြင့် လိမ့်နေသည်။

ပါကျောက်ယိကတော့ ထိုကဲ့သို့ဝေဒနာခံစားနေရသော ယူကျင်၊ ကျင်းယုံနှင့် ကျုံးထန်တို့ကိုပြုံး၍ကြည့်နေ၏။

မာကျောက်ယိက သူ၏ကျောပွတ်ချက် အချိန်အဆကို သူသိသည်၊ သူလိုချင်သလောက် ဝေဒနာကို သူပေးတတ်သည်၊ ယခုကျောပွတ်ရိုက်ချက်မှာ သွေးကြောမျှားကိုပွတ်၍ အသားထဲသို့ ကျောပွတ်ဆူးများစိုက်ရုံမျှ ရိုက်ချက်မျိုးသာ ဖြစ်သည်၊ ထို့အပြင် ကျောပွတ်ဆူးများအတွင်း ထည့်သွင်းထားသည့် အဆိပ်ရည်များဝင်သွားနိုင်သောနေရာအထိ မရောက်အောင် ရိုက်ခဲ့သောကြောင့် အသက်အန္တရာယ်တော့မရှိနိုင်ပေ။

အသက်အန္တရာယ်ပင်မရှိငြားလည်း ခံစားလိုက်ရသူ သုံးဦးမှာတော့ မချိမဆန့်တွန့်တွန့်လူးနေသည်။

'ဟော ကောင်တွေ ထပြီးရပ်စမ်း မင်းတို့အသားထိတော့ နာတတ်သလား ဒါနောက်တစ်ချက်အသက်ထွက်သွားအောင် ရိုက်လိုက်ရမလား'

ကျောပွတ်သံ တဖျောင်းဖျောင်းဆန့်၍ သူ့ကျောပွတ်များကို သူ့လက်နှင့်ပြန်ဖမ်းရင်း မာကျောက်ယိက အမိန့်ပေးလိုက်သည်၊ နာကျင်နေသူများမှာ မျက်နှာကို ရှုံ့မဲ့သွား၍ အံကြိတ်ရင်း နာကျင်နေသော ကျောနှင့် ဝမ်းဗိုက်များကို လက်နှင့်ဖိကာ ထရပ်လိုက်ကြသည်။

သူတို့ရပ်ပုံမှာ နာတာရှည်ရောဂါသည်များ အိပ်ယာမှထ



လာသကဲ့သို့ ဒယိမ်းဒယိုင်ဖြစ်နေသည်။

'ကျုံးထန်'

'ဗျာ'

'မင်းဟာ လူကောင် ကြီးသလောက် အသုံးမကျတဲ့ကောင် ဘာမဟုတ်တဲ့ ကောင်လေး တစ်ယောက်ကိုတောင် မင်းဟာ စားသောက်ဆိုင်ထဲမှာ နိုင်အောင်မတိုက်နိုင်ခဲ့ဘူး'

ကျုံးထန်မှာ တဆတ်ဆတ်တုန်နေရင်းမှ မခံမရပ်နိုင်၍ စီးကျလာသော သူ့မျက်ရည်များကို လက်ခုံဖြင့် သုတ်လိုက်သည်။

'အဲဒီဝူချင်းဖိန်ဆိုတဲ့ကောင်လေးက သိုင်းပြီးတော့ သိုင်းပညာတော်လို့ပါ သခင်ကြီး'

'ဘာကွ ဝူချင်းဖိန်ဆိုတဲ့ကောင်လေးက သိုင်းပညာတော်တယ်ဟုတ်လား၊ မင်းနဲ့ဝမ်ချောင်းနဲ့ နှစ်ယောက် ဝိုင်းတိုက်တာတောင် မနိုင်ဘူးလား'

'သူသုံးတဲ့သိုင်းကွက်တွေဟာ သိပ်အဆင့်မြင့်ပြီး သူ့တိုက်ကွက်တွေက ခန့်မှန်းလို့မရပါဘူး'

မာကျောက်ယိ မျက်မှောင်ကျုတ်၍စဉ်းစားလိုက်သည်။

'မင်းတို့ ယွင်ဖေးချူကိုလဲ တွေ့အောင် မရှာနိုင်ကြဘူး၊ ဘာဘာဝန်ကို မင်းတို့ကျေသလဲ၊ ခုငါပြောမယ့် ပထမ မင်းတို့မြို့ဝန်အိမ်မှာရောက်နေတဲ့ ကျောင်းထန်ကို ဒီညအပြတ်ရှင်းပါ ယွင်ဖေးချူကို တွေ့အောင်ရှာပါ နောက် ချောင်းလီကိုခေါ်သွားပြီးတော့ ဝူချင်းဖိန်ဆိုတဲ့ကောင်ကို အဆိပ်မြားချက်နဲ့ အပြတ်ရှင်းလိုက်ကြားလား'

…တ်ချပါ'

ခဝတ်အစားများတွင် သွေးများ စိုစွတ်ကာမောဟိုက်သော လက်မရှိခြေမရှိသူ ယူကျင်မှာ နာကျင်မှုကြောင့် …ကိုကျိတ်ထားရာမှ ချွေးဒီးဒီးကျလျက်ရှိသည်။

'ယူကျင်'

'ဗျာ'

'မင်းက ကိုယ်ဖော့ပညာသိပ်တော်တယ် ဒီတော့ဒီကိစ္စကို မင်းက ဦးဆောင်ပါ ပိပိရိရိဖြစ်ပါစေ၊ အေး မြို့ဝန်ရဲ့တပ်ဖွဲ့တွေ မင်းကိုမိရင်တော့ ထုံးစံအတိုင်း သက်ပြတ်အဆိပ်လုံးကိုမြိုချလိုက်ပေတော့ ငါ့ဆီပြန်ရောက်လာရင်တော့ မင်းဒီထက်ဆိုးမယ်ဆိုတာသိကယ်မို့လား'

'ဟုတ်ကဲ့'

ယူကျင်မှာ လေသံမျှသာ အသံထွက်တော့သည်၊ ကျောက်ဆူးဒဏ်ချက်ကြောင့် အင်အားများကုန်ဆုံးလုမတတ် ခံစားနေရပြီးဖြစ်သည်။

'ကဲ မင်းတို့အတွက် ဖြေဆေးကို စူးရှင်က အဆင်သင့်လုပ်ထားတယ် သွားကြပေတော့'

ဖြေဆေးကို မြန်မြန်ရမှ ဒဏ်ရာသက်သာမည်ဖြစ်၍ စူးရှင်စောင့်နေသော တံခါးပေါက်ဝသို့ ယူကျင်တို့သုံးဦး ဒူယိမ်းဒယိုင်ပြင့်ပြေးသွားသည်။

ကျုံးထန်က ဖြေဆေးကို အရင်လက်ဝါးဖြန့်၍ယူသည်၊ ကျုံးထန်လက်ထဲဖြေဆေးကို ယူကျင်ကလုသည်။



'ကဲ ကဲ ရှင်တို့တစ်ယောက်ကို ဆေးလုမနေပါနဲ့'

စူးရှင်ဟူသော အိမ်ဖော်မလေးက [ပြ]ပြောလိုက်သည်။

## အခန်း (၂၄)

တာမို့ ဘုန်းတော်ကြီးကျောင်းသည် အရိပ်အာဝါသ ကောင်းမွန်၍ ရှေးဟောင်းဇရပ်ကြီးများကြောင့် အေးမြသာယာနေသည်၊ ဇောင်းချမ်းပင်အောက်တွင် ကလေးမတစ်ဦးမှာ ဇောင်းချမ်းသီးများကို ဝါးတုတ်တံဖြင့်ထိုးကာနူးယူနေသည်။

အောက်သို့ ပြုတ်ကျလာသော ဇောင်းချမ်းသီးများကို ဂါဝန်လေးတကားကားဖြင့် ပြေး၍ကောက်ယူကာသစ်ကိုင်းခွကြားတွင် စုဆောင်းထားသည်။



'ဟေ ဖုဖု အများကြီး ဘာလုပ်ခူးနေတာလဲ စားနိုင်သလောက်ခူးပေါ့'

လူငယ်တစ်ဦး၏အသံ ထွက်ပေါ်လာသည်။

'ဟော ဦးဦးချင်းဖိန်ပါလား သီးက စားနိုင်ပါတယ်၊ ၁၀နှစ်ဆလောက်အောင်စားနိုင်သေး'

ပြုံးရွှင်စွာ ပြန်၍ပြောနေသော ကလေးမလေး ဖုဖု၏ခေါင်းကို ဝူချင်းဖိန်က ပွတ်ပိုက်သည်။

'ဒီအသီးမျိုးကို အများကြီးမစားရဘူးသမီးရဲ့ ဗိုက်နာတတ်တယ်'

'ဟင့်အင်း နာချင်နာ လမီးက စားချင်တာစားမှာပဲ'

ဖုဖုက ပြောပြောဆိုဆို နောက်ထပ်ဇောင်းချမ်းသီး တစ်လုံးကို တုတ်နှင့်ထပ်ထိုးနေပြန်သည်၊ ဝူချင်းဖိန်က ဖုဖုလက်ထဲမှ တံချူကိုဆွဲယူလိုက်သည်။

'တော်ပြီ ဖုဖု ဦးဦးစကားနားမထောင်ရင် ရိုက်မှာနော်'

'အိမ်မယ်ဦးဦးက ဖုဖုကို ဘယ်တော့မှမရိုက်ပါဘူး ဖုဖုတစ်ခါတည်းမစားပါဘူး ဦးဦးရဲ့ နည်းနည်းစီ ပြီးစားမှာပါ'

'အေး ဒီလိုမှပေါ့၊ လာ တော်ကြာရင်ဘုန်းကြီးတွေ ကြွလာတော့မယ် တို့နေတဲ့နေရာသွားကြစို့'

ဝူချင်းဖ ိန်က ဖုဖု၏သက်ကလေးကိုဆွဲကာ ခေါ်ဆောင်လာခဲ့သည်၊ ဖုဖုက ဂါဝန်ထဲတွင် ဇောင်းချမ်းသီးများ ထည့်ကာ လက်နှင့်ဂါဝန်စကိုလှန်၍ကိုင်ရင်း ခုန်ပေါက် လိုက်ပါလာသည်။

သူတို့နှစ်ဦးလာနေသည်ကို ယွင်ဖေးချူက ဇရပ်တစ်ခု၏အပေါက်ဝမှရပ်ကြည့်နေသည်၊ သူတို့နေထိုင် ရာဇရပ်အပေါက်တွင်းသို့ ဖုဖုကိုခေါ်ဆောင်သွားပြီး နေရာအရောက်ပို့ခဲ့ကာ ဝူချင်းဖ ိန်က ပြန်၍ထွက်ခွာလာသည်။

ယွင်ဖေးချူ ရှိရာသို့ ဝူချင်းဖ ိန်လျှောက်လှမ်းလာခဲ့သည်၊

'ရှင်ဟာ ဒီကလေးကိုပဲ ဂရုစိုက်နေရတာပဲနော် ဘာလို့ ဒီလောက်ဂရုစိုက်နေရတာလဲ'

'သူ့အဖေဆီပြန်မပို့ခင် တစ်ခုခုအန္တရာယ် မဖြစ်ရအောင် လို့ပေါ့ညီမရယ်၊ ဒါနဲ့ညီမအဖေကိုညီမလိုက်ရှာဖို့ကိစ္စကို အစ်ကို ကူညီချင်ပါတယ်၊ အစ်ကို့မှာကလဲ ကိစ္စလေးတွေ ရှိနေလို့ပါ'

ယွင်ဖေးချူက ပြုံးလိုက်သည်။

'ရပါတယ်ရှင် ကိုယ့်ကိစ္စနဲ့ကိုယ်ပေါ့, ဟုတ်တယ် မဟုတ်လား၊ ကျွန်မမှာလဲ အန္တရာယ်တွေက လွတ်အောင်သွားရမှာ



မို့ ခုချက်ချင်းခရီးဆက်ထွက်မှဖြစ်မှာ ဒါကြောင့်ရှင့်ကို လာနှုတ်ဆက်တာ'

'ဟင် ခုပဲခရီးထွက်တော့မလို့လား'

'ဟုတ်တယ် ကျွန်မရဲ့အသက်ကို ကယ်ခဲ့တဲ့ ရှင့်ရဲ့ကျေးဇူးကို ကျွန်မမမေ့ပါဘူး'

ဝူချင်းဖ ိန်သည် နှုတ်ဆက်အကြည့်ခြင့် ကြည့်ရာမှ ယွင်ဖေးချူး၏လက် ကောက်ဝတ်တွင် ဝတ်ဆင်ထားသော ကျောက်စိမ်းလက်ကောက်ကို ကြည့်လိုက်လေသည်၊ သို့သော် ရိုးရိုးလက်ကောက်တစ်ခုသာဖြစ်နေ၍ နှင်းဆီဘိုးဘိုး၏ သမီးမှန်း ဝူချင်းဖ ိန် မမှတ်မိလိုက်တော့ပေ။

'ကဲ....ကျောင်းပေါက်ဝအထိ လိုက်ပို့ပါ့မယ်၊ အစ်ကို့ရဲ့ပြဿနာတွေ ရှင်းပြီးရင်တော့ ညီမတို့နောက်ကို အစ်ကိုလိုက်နိုင်ဖို့ ကြိုးစားပါ့မယ်'

ယွင်ဖေးချူးက လှည့်၍ပြုံးပြရင်း ခေါင်းညိတ်လိုက်သည်။

'သွားမယ် အစ်ကိုဝူချင်းဖ ိန်၊ ကံကောင်းရင်တော့ ပြန်ဆုံကြသေးတာပေါ့'

တာမိုဘုန်းတော်ကြီးကျောင်း၏ နောက်ပေါက်မှ တောထဲသို့ တရွေ့ရွေ့ဝင်သွားသော ယွင်ဖေးချူးကို ငေးကြည့်ရင်း ဝူချင်းဖ ိန် ရပ်ကျန်ခဲ့သည်။

'အင်း....ယွင်ဖေးချူးဆိုတဲ့ မိန်းကလေးကလဲ စိတ်ဝင်စားစရာပါပဲလေ'

ဝူချင်းဖိန် နောက်သို့လှည့်အကြည့်လိုက်တွင် အနီရောင် ဝတ်စုံ ဝတ်ဆင်ထားသော လူလေးယောက် သူ့နောက်တွင် ရောက်ရှိနေသည်ကို တွေ့လိုက်ရသည်။

'ဟင်....မင်းတို့က ဘယ်သူတွေလဲ'

ဝူချင်းဖိန်က အံ့ဩသောအသံဖြင့် မေးမြန်းလိုက်သည်။

'ကျုပ်တို့က မြို့ဝန်ကြီးရဲ့ ကပ်သားတွေပါပဲ၊ မင်းဟာ ဝူချင်းဖိန် မဟုတ်လားဟင်၊ ဟိုလူသတ်မှု ပြန်ပေးမှုနဲ့ မြို့ဝန်ကြီးက အလိုရှိနေတယ်'

'ဘာကွ၊ လူသတ်ပြန်ပေးမှု ဟုတ်လား၊ ငါ ဘယ်သူ့ကိုမှ မသတ်ဘူး'

'ဒါဆို လိုက်ခဲ့ပါ၊ မြို့ဝန် ချူးရင်ထန်ရဲ့ အိမ်ကိုရောက်တော့ ရှင်းတာပေါ့'

ဝူချင်းဖိန် ဆုံးဖြတ်ရခက်သွားသည်၊ လောလောဆယ်တွင်တော့ သူသည် အဖမ်းခံ၍ မဖြစ်၊ လူသတ်တရားခံကို ထုတ်ဖော်ရဦးမည်၊ ယခုအချိန်တွင် အဖမ်းခံရပါက လူသတ်တရားခံ အဖြစ် အပြစ်စီရင်ခံရကာ အသက်ဆုံးဖို့များကြောင်း သူ ရိပ်မိသည်။

'ကျုပ် မလိုက်နိုင်ဘူး ဆိုရင်ရော'

'လူမလိုက်နိုင်ရင် အသက်ကိုယူလာခဲ့ဖို့ မြို့ဝန်က အမိန့်ပေးထားပါတယ်'



'ဪ....ဒီလိုလား'

မြို့ဝန်၏ တပ်သားတစ်ဦး ပြောသံအဆုံးတွင် ဝူချင်းဖိန်က ဘုန်းကြီးကျောင်းဝင်းတံတိုင်းပေါ်သို့ လွှားခနဲ ခုန်တက်လိုက်သည်။

'တရားခံပြေးပြီဟေ့၊ မိအောင်ဖမ်း၊ ခုခံရင် အသေသာ သတ်'

မြို့ဝန်၏တပ်ဖွဲ့ခေါင်းဆောင်က အုတ်ရိုးပေါ်သို့ ခုန်တက်လိုက်လာသည်၊ ဝူချင်းဖိန်က လူတစ်ယောက်သာ လမ်းလျှောက်၍ရသော အုတ်ရိုးပေါ်တွင်ရပ်ကာ သူ့ထံသို့ ဝင်လာသူများကို တစ်ဦးပြီးတစ်ဦး ခုခံတိုက်သည်။

ဝူချင်းဖိန်သည် နှင်းဆီဘိုးဘိုးထံမှ လျှို့ဝှက်သိုင်းပညာများကို ရရှိထားသူဖြစ်သောကြောင့် မြို့ဝန်၏တပ်သားများမှာ သူနှင့် တစ်ဦးချင်း ဓားသိုင်းယှဉ်ပြိုင်၍ မရပေ။

အုတ်ရိုးပေါ်သို့ ခုန်တက်လာသူများ တစ်ဦးပြီးတစ်ဦး အောက်သို့ ပြန်ခုန်ဆင်းသွားရသည်၊ တပ်ဖွဲ့ခေါင်းဆောင်သည် ဝူချင်းဖိန်နှင့် သူ့တပ်ဖွဲ့ဝင်များ တိုက်ခိုက်နေသည်ကို ကြည့်ရှုလိုက်သည်။

ဝူချင်းဖိန်၏ သိုင်းပညာမှာ အဆင့်မြင့်မားနေ၍ သူ့တပ်ဖွဲ့များ တစ်ဦးချင်း ရင်ဆိုင်တိုက်ခိုက်၍ မရနိုင်ကြောင်းကို

ရိပ်မိသွားသည်၊ တပ်ဖွဲ့မှူးသည် ဇရပ်များအတွင်း ခိုအောင်းနေသော သူ့တပ်ဖွဲ့ဝင်များဘက်သို့လှည့်ကာ အော်ဟစ်အမိန့်ပေးလိုက်သည်။

'ဟေ့....ဒီကောင်ကို အုတ်ရိုးပေါ်ကိုတက်ပြီး တိုက်မနေနဲ့၊ ပြန်ဆင်းကြစမ်း'

ခေါ်သမားများ ပြန်ခုန်ဆင်းသွားကြသည်၊ တပ်ဖွဲ့ခေါင်းဆောင်က အမိန့်ထပ်၍ ပေးပြန်သည်။

'မြားသမားတွေ ဒီကောင်ကို အဆိပ်မြားနဲ့ပစ်ဖို့ အသင့်ပြင်ကြ'

ဇရပ်များအောက်မှ မြားသမားများ ထွက်ပေါ်လာသည်၊ စုစုပေါင်း ဆယ်ဦးတိတိရှိသည်၊ သူတို့၏မြားများကို ဝူချင်းဖ ိန်ရှိရာသို့ ချိန်ရွယ်လိုက်ကြသည်။

မြားသမားဆယ်ဦး ပစ်လွှတ်သည့် မြားများကို အုတ်ရိုးပေါ်မှ ဝူချင်းဖ ိန် ခုခံကာကွယ်ဖို့ မလွယ်ကူပါ၊ အဆိပ်မြားတစ်ချောင်း ထိမှန်လိုက်သည်နှင့် သူ၏အသက် ဆုံးရှုံးသွားနိုင်သည်။

ဝူချင်းဖ ိန်သည် အုတ်ရိုးပေါ်မှ ကျောင်းဝင်းအပြင်ဘက်သို့ လွှားခနဲ ခုန်ဆင်းကာ ထွက်ပြေးဖို့ ကြိုးစားသည်။

'တရားခံ ထွက်ပြေးပြီဟေ့၊ အားလုံး မိအောင်လိုက်ဖမ်းကြ'

အမိန့်ပေးသံနှင့်အတူ သူ့နောက်သို့ အုတ်ရိုးပေါ်မှခုန်ချကာ လိုက်လာသော ခြေသံများကို ကြားနေရသည်၊ နောက်မှ



အဆိပ်မြားတို့ လေထဲတွင် ကိုးရှော့လာသံကို ဝူချင်းဖ ိန် ကြားလိုက်ရ၏။

ဝူချင်းဖ ိန်သည် အဆိပ်မြားကိုကို လှည့်ကာ ဓားဖြင့်ရိုက်ထုတ်လိုက်ရသည်။

'ချွင် ထန်း'

'ပုစ်'

'ချွင်'

ဝူချင်းဖ ိန်သည် သစ်ပင်များကို အကာအကွယ်ယူရင်း မြို့ဝန်၏တပ်ဖွဲ့များကို ခုခံတိုက်ခိုက်နေရသည်၊ ထိုအချိန်မှာပင် သစ်ပင်ပေါ်မှ ခုန်ချလာသော လူဘစ်ဦးက ဝူချင်းဖ ိန့်ဘက်မှ ခုခံကာကွယ်ပေးနေသည်ကို တွေ့လိုက်ရသည်။

ချုံနွယ်သစ်ပင်များ ထူထပ်နေသောကြောင့် မြားသမားတို့၏ မြားများမှာ မကြာမီ ကုန်ဆုံးသွားကြသည်၊ ဓားသမားတို့မှာလည်း ဝူချင်းဖ ိန်နှင့် အနက်ရောင်ကိုယ်ကျပ်သက်ျှ ဝတ်ထားသော ပါးသွာသည့် ပိုးပဝါအနက်ကို မျက်နှာဖုံးအုပ်ထားသူနှစ်ဦးတို့အား တိုက်ခိုက်၍ မလွယ်ကူကြောင်း သိသွားကြသည်။

'ချွင်'

'ထန်'

'အား'

ကျောချင်းကပ်ကာ ဝူချင်းဖ ိန်နှင့် အနက်ရောင်ကိုယ်ကျပ်အင်္ကျီ ဝတ်ဆင်ထားသူတို့က ခုခံကာကွယ်သောကြောင့် ရှေ့သို့ ဆက်မတိုးရဲကြတော့ပေ။

'ကဲ....မိတ်ဆွေ၊ ဒီအချိန်ဆိုရင် ကျုပ်တို့ ထွက်ခွာဖို့ကောင်းပြီ'

အနက်ရောင် ကိုယ်ကျပ်အင်္ကျီ ဝတ်ဆင်ထားသူက ဝူချင်းဖိန်ကို သတိပေးလိုက်၏။

❦

အခန်း (၂၅)

ဝူချင်းဖိန်သည် သစ်ပင်ပေါ်သို့ လွှားကနဲ ခုန်တက်ကာ အနက်ရောင် ကိုယ်ကျပ်အင်္ကျီနှင့်လူ နောက်သို့ ပြေးလိုက်လာခဲ့သည်။

အနက်ရောင် ကိုယ်ကျပ်အင်္ကျီနှင့်လူမှာ ဓားသိုင်းပညာတွင် သူထက်မည့်ကြောင်း သိရှိပြီး သူ့ကိုအဘယ်ကြောင့်ဝင်ရောက်ကူညီပါလိမ့်ဟူသော အဓိပ္ပာယ်ကို ဝူချင်းဖိန် နားလည်နိုင်ခြင်းမရှိခဲ့ပေ။

သို့သော် ယခုလောလောဆယ်တွင်တော့ လမ်းပကျွမ်း ကျင်ပုံရသော မျက်နှာတွင်ပိုးပုဝါဖုံးထားသော အနက်ရောင် ကိုယ်ကျပ်အကျီနှင့်လူ ခေါင်းဆောင်ရာသို့ သစ်ပင်များပေါ်မှ ခုန်၍ကူးရင်း လိုက်ပါလာခဲ့သည်။

သူတို့နှစ်ဦးသည် တဖြေးဖြေး ဘောနက်ထဲသို့ရောက်ရှိလာ ခဲ့ကြပြီးနောက် ကျောက်သားပြင်ကြီးတစ်ခုပေါ်သို့ လွှားကနဲ ခုန်ချလိုက်သည်။

ထိုနေရာတွင် ကျောက်သားပြင်ပေါ်သို့ စီးကျနေသော ရေတံခွန်ကြီးတစ်ခုကို မြင်တွေ့လိုက်ရပြီး ပတ်ပတ်လည်တွင် အေးစိမ့်သော ကျောက်ဆောင်ကြီးများ ကာရံထားသည်ကို တွေ့လိုက်ရသည်။

'ဒီနေရာလောက် ဆိုရင်တော့ သူတို့မလိုက်နိုင်တော့ပါ ဘူး မိတ်ဆွေ'

အနက်ရောင် ကိုယ်ကျပ်အကျီနှင့်လူက ဝူချင်းဖိန်ကို ပြော လိုက်၏။

'အင်းတော်တော်သာယာတဲ့ နေရာပဲနော် မောလိုက်တာ ဗျာ ဟိုရေတံခွန်မှာသွားပြီး ရေချိုးလိုက်ရရင်ကောင်းမယ်'

'ကောင်းတာပေါ့ သွားချိုးလေ၊ ကျုပ်ဒီကထိုင်ပြီးစောင့် နေမယ်'

ကျောက်သားပြင်ပေါ်တွင် အနက်ရောင် ကိုယ်ကျပ်အကျီ နှင့်လူက ထိုင်ချလိုက်သည်၊ မောလျနေသော ဝူချင်းဖိန်သည်



ရေတံခွန်ထဲသို့ ဝုန်းကနဲ ခုန်ဆင်းလိုက်သည်၊ ရေထဲတွင် ကူး ခတ်ကာ ဝအောင်ချိုးပြီးမှ ကျောက်လှာကြီးပေါ်သို့ပြန်၍ခုန် တက်လာသည်။

အနက်ရောင်ကိုယ်ကျပ်အကျီ ဝတ်ဆင်ထားသူကတော့ ခပ် အေးအေးပင် ကျောက်လှာပေါ်တွင်ထိုင်ကာ တောင်နံရံကို ကျောမှီထားသည်၊ ကိုယ်ကျပ်အကျီနှင့်လူမှာ အရပ်မြင့်မားပြီး မျက်နှာသွယ်ပုံရသည်၊ ကိုယ်လုံးလိုယ်ထည် ကျစ်လစ်၍ သန် စွမ်းလှ၏။

အဝတ်အစားများကို ရေညှစ်ကာ ဝတ်ဆင်ပြီးနောက် ဝူချင်းဖိန်က အနက်ရောင် ကိုယ်ကျပ်အကျီနှင့်လူ၏ဘေးတွင် ဝင်၍ ထိုင်ကာ တောင်နံရံကို ကျောမှီထားလိုက်သည်။

'အင်းအခုမှ အမောပြေသွားတယ်ဗျာ၊ ကျွန်တော်ကို ခင် ဗျားခုလို ဝင်ပြီးကူညီတာ ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ခင်ဗျားပါ အမှုပတ်နိုင်တယ်ဆိုတာ သိတယ်မို့လား'

ဝူချင်းဖိန်က စိတ်မကောင်းသောအသံဖြင့် ပြောလိုက် သည်။

'ကျုပ်မကူညီရင် မြို့ဝန်မင်းရဲ့တပ်တွေက ခင်ဗျားကို အ သေသတ်မှာမို့လို့သာ ဝင်ကူလိုက်ရတာပါပဲ'

ကိုယ်ကျပ်အကျီအနက်နှင့်လူက ခပ်အေးအေး လေသံဖြင့် ပြောလိုက်သည်၊ တုန့်လှုပ်မှုကင်းမဲ့သော ခပ်အေးအေးလေသံ ကြောင့် ဝူချင်းဖိန်၏ စိတ်ထဲတွင် ထိတ်ခနဲဖြစ်သွားမိသည်။ ၂

'တကယ်လို့သာ ခင်ဗျားဟာ မြို့ဝန်မင်းရဲ့တပ်တွေက ကျုပ်ကို အသေမသတ်ဘဲ ဖမ်းဆီးသွားမယ်ဆိုရင်တော့ ကြည့်နေမယ်ဆိုတဲ့ သဘောပေါ့'

'သော့ချပါတယ် မိတ်ဆွေကြီး ဝူချင်းဖန် ဒါတော့ အမှန်ပါဘဲ'

သူ့နှာမည်ကိုပါ သိနေကြောင်း ဖော်ပြလိုက်၍ ဝူချင်းဖန် ထရပ်လိုက်၏။

'ဒါဆို ခင်ဗျားဘယ်သူလဲ ဘာဖြစ်လို့မျက်နှာကိုဇာပုဝါ အနက် အုပ်ထားရတာလဲ'

'ကျုပ်ရဲ့ ဇာပုဝါကခင်ဗျားအတွက် အုပ်ထားတာမဟုတ်ပါဘူးဗျာ၊ မြို့ဝန်မင်းရဲ့ တပ်ဖွဲ့တွေက ကျုပ်ကို ရိပ်မိသွားမှာစိုးလို့ပါ'

အနက်ရောင် ကိုယ်ကျပ်အင်္ကျီ ဝတ်ဆင်ထားသူကသူ့မျက်နှာပေါ်မှ ဇာပုဝါကို ဖြုတ်ချလိုက်သည်။

'ဟင် ခင်ဗျားဟာ ထောက်လှမ်းရေးမှူး ကျန်ကျောင်း ဟုတ်တယ်မို့လား'

ကျောက်သွားပြင်ပေါ်တွင် နောက်ဆုတ်ရင်း ဝူချင်းဖန်က ဓားကိုဆုပ်ကိုင်ကာ ပြောလိုက်လေသည်။

ကျန်ကျောင်းက ထရပ်လိုက်၏။

'အထင်မလွဲပါနဲ့မိတ်ဆွေ ခိုင်ဖုံးတရားရုံးက သုခမိန်ကြီးက ခင်ဗျားကိုတွေ့ချင်တယ်ဆိုလို့ ကျုပ်ဒီလို စီစဉ်လိုက်တာပါ'

'သုခမိန်ကြီး ပေါင်ချင်းကျန်းက ကျုပ်ကိုတွေ့ချင်လို့ ဟုတ်



လား ကျုပ်လိုက်လိုဘယ်ဖြစ်မလဲဗျာ ကျုပ်အမှုကိုစစ်ပြီး ကျုပ်ကို သေဒဏ်ပေးမှာပေါ့ ခင်ဗျားကျုပ်နားမကပ်နဲ့နော်'

ဝူချင်းဖန်မှာ ဓားကိုဆွဲထုတ်ကာ ကျန်ကျောင်းကို ချိန်ရွယ်ရင်း အော်ဟစ်ပြောဆိုလိုက်သည်။

'ကျုပ် ခင်ဗျားကို ဒီလိုသေစေချင်ရင် စောစောက မြို့ဝန်မင်းရဲ့ တပ်ဖွဲ့တွေနဲ့ပေါင်းပြီး ခင်ဗျားကို သတ်လိုက် မှာပေါ့'

'ဒါဖြင့် ကျုပ်ကို ဘာဖြင့်လို့ ဖမ်းသွားရမှာလဲ၊ ကျုပ်အဖမ်းမခံနိုင်ဘူး'

ဝူချင်းဖန်က ကျားရဲတစ်ကောင်လို ဓားကိုဝေ့ယမ်းကာ ကျန်ကျောင်းကို ပြောလိုက်ပြန်သည်၊ ကျန်ကျောင်းကခုထိဓားကို မထုတ်သေးပေ။

'ဝူချင်းဖန် ခင်ဗျားကို ဖမ်းသွားမယ်လို့ ကျုပ်မပြောသေးပါလား'

'အို ဘာဘဲဖြစ်ဖြစ် ခုလောလောဆယ်တော့ ကျုပ်ဟာ တရားစီရင်မှုကို မခံနိုင်သေးဘူး ကျုပ်ကို ဒုက္ခရောက်အောင် လုပ်တဲ့ တရားခံအစစ်ကို ဖော်ထုတ်ပြီးရင် တရားဥပဒေအတိုင်း ရင်ဆိုင်ပါ့မယ်'

ဝူချင်းဖန်က ကျန်ကျောင်းကို တောင်းပန်စကားဆိုလိုက်လေသည်။

'ခိုင်ဖုန်းတရားရုံးက သုခမိန်ကြီးဟာ ဘယ်တော့မှ မှားယွင်းပြီး တရားစီရင်လေ့မရှိဘူးဆိုတာကို ဝူချင်းဖန် ကြားဖူးမှာပါ'

ဝူချင်းဖန်က ခေါင်းခါလိုက်သည်။

'သူခမိန်ကြီးရဲ့ ကောင်းသတင်းတွေကို ကျုပ် ကြားဖူးပါတယ်ဗျာ၊ ဒါပေမယ့် ကျုပ်ကို ခင်ဗျားတို့ ဖမ်းမသွားဘူးလို ဘယ်သူ အာမခံနိုင်မှာလဲ၊ ခင်ဗျား ကျုပ်နားက အခု ထွက်သွားပါ'

'ဒီလိုတော့ ထွက်မသွားနိုင်ဘူး ဝူချင်းဖိန်၊ ကျုပ်ဟာ သူခမိန်ကြီး ပေါင်ချိန်ကျန်းရဲ့အမိန့်ကို ဘယ်တော့မှ မလွန်ဆန်နိုင်ဘူး'

'ဒါဆိုရင်လဲ ကျုပ်ကကော့ ခုခံပြီး ထွက်ပြေးရမှာပေါ့ဗျာ'

ပြောပြောဆိုဆို ဝူချင်းဖိန်မှာ ကျန်ကျောင်းကို နှင်းဆီဘိုးဘိုး၏ မြေပြိုသိုင်း ခုနစ်ကွက်ဖြင့် စတင် တိုက်ခိုက်လေတော့သည်၊ ဇွတ်တရွတ် ဝင်ရောက်တိုက်ခိုက်လိုက်သော ဝူချင်းဖန်ကြောင့် ကျန်ကျောင်းမှာ ဓားကို မထုတ်ဘဲထား၍ မရတော့ပေ။

'ချွင်'

'ထန်'

ဓားချင်းထိ၍ မီးပွင့်သံ ပေါ်ထွက်လာသည်၊ ကျန်ကျောင်းသည် မြေပြိုသိုင်းခုနစ်ကွက်၏ ပြင်းထန်သော တိုက်ကွက်ကို ခုခံရာမှ သူ၏မီးလျှံဓားသုံးကွက်ကိုသုံးကာ တုံ့ပြန်တိုက်ခိုက်လိုက်လေတော့သည်။

'အိုး'

'ချွင်း'

ဖိ၍တိုက်ခိုက်နေသော ဝူချင်းဖိန်မှာ အတွင်းအားပြင်းထန်သော ကျန်ကျောင်း၏တိုက်ကွက်ကြောင့် နောက်သို့ခုန်၍



ဝူချင်းဖိန်နှင့် ကျန်ကျောင်းမှာ အတွင်းအားချင်း တူညီနေသောကြောင့် သူတစ်ပြန်ကိုယ်တစ်ပြန် တိုက်ခိုက်ရင်းမောပန်းလာကြသည်။

'ထောက်လှမ်းရေးမှူးကြီး'

ဝူချင်းဖိန်က ဓားကိုင်ထားသောလက်ဖြင့် သူ၏နဖူးမှ ချွေးစက်များကို သုတ်လိုက်ကာ မောသံကြီးဖြင့် ခေါ်လိုက်သည်။

'ဘာလဲ ဝူးချင်းဖိန်'

'ကျုပ်တို့ လမ်းခွဲကြပါစို့ဗျာ၊ ကျုပ်တို့ရဲ့ သိုင်းကွက်တွေဟာ တစ်ဦးနဲ့တစ်ဦး အသာစီး ပြတ်ပြတ်သားသား မရနိုင်ဘူးဆိုတာ ထင်ရှားနေပါပြီ'

ကျန်ကျောင်းက သူ၏ဓားကို ဓားအိမ်ထဲသို့ ပြန်၍ထည့်သွင်းလိုက်သည်၊

'ကျုပ်က တိုက်ချင်လို့ တိုက်နေရတာမဟုတ်ပါဘူးဝူချင်းဖိန် ခင်ဗျားက ကျုပ်ကို အခမ့်ရန်မူနေလို့ပါ'

ကျန်ကျောင်းက သိုင်းကွက်ကို ရပ်နားလိုက်ပြီးဝူချင်းဖိန်ကို ရှင်းပြလိုက်လေသည်။

'ကျုပ်ကလဲ အသက်အန္တရာယ်ကို ကာကွယ်ခုခံရတာပါ၊ ကျုပ်အဖမ်းခံလို့မဖြစ်လို့ပါ ခင်ဗျားကို ဖိဆန်ပြီး ရန်စူမဖြစ်ချင်ပါဘူးဗျာ'

ဝူချင်းဖိက သူ့ဓားကိုအောက်သို့စိုက်၍ထားရင်း သက်ပြင်းချလိုက်၏။

'ဝူချန်းဖိန် နေရာတကာမှာ လူတွေဟာ တဇွတ်ထိုးဆန်

တိုင်း မကောင်းပါဘူးဗျာ၊ ခင်ဗျားကို ကျုပ်ကတိပေးပါ
တယ် ခိုင်ဖုန်းတရားသူကြီးကို ခင်ဗျားလိုက်တွေ့ပါ သူဟာ
ခင်ဗျားအတွက် အကောင်းဆုံး အကြံပေးနိုင်ပါလိမ့်မယ်'

ကျန်ကျောင်းက ဖျောင့်ဖျလိုက်သည်၊ ဝူချင်းဖန်မှာ ခုထိ
ယုံကြည်စိတ်ချမှု မရှိသေးပေ။

'သုခမိန်ကြီးဟာ မတရားဘယ်တော့မှဆုံးဖြတ်မှာ မဟုတ်
ဘူးဆိုတာ ယုံကြည်ပါတယ်၊ ဒါပေမယ့် မြို့ဝန်ချူရင်ထန်ကို
တော့ ကျုပ်မယုံကြည်ဘူး သူဟာကျုပ်ကိုဖမ်းထားလိုက်ရင်
ဘယ်နှယ်လုပ်မလဲ'

ဝူချင်းဖန်ကသူ၏စိတ်ထဲတွင်ရှိသည့်အတိုင်း ဖွင့်ဟပြောဆို
လိုက်သည်။

'ဒါများ ခင်ဗျားစောစောက ပြောရောပေါ့ ခုလောက်
တောင် ပင်ပန်းမှာမဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ခိုင်ဖုံး
တရားသူကြီး ပေါင်ချိန်ကုန်းက ခင်ဗျားကိုတရားခွင်မဟုတ်
တဲ့ အလွတ်သဘောမျိုး နှစ်ဦးချင်း တွေ့ဆုံချင်တာပါ'

'ဟင် ဟုတ်လား'

ဝူချင်းဖန် အံ့အားသင့်သွားသည်။

'ခုသုခမိန်ကြီးက ဘယ်မှာလဲ'

'ဟိုရေတခွန်အောက်က ကျောက်ဂူထဲမှာ ရှိပါတယ်ဗျာ၊
ဘယ်သူမှပါမလာပါဘူး သုခမိန်ကြီးက ခင်ဗျားကို ဒီကျောက်
ဂူထဲကို ခေါ်လာဖို့ ကျုပ်ကိုမှာထားလို့ပါ'

ဝူချင်းဖန်သည် သူ၏ဓားကို ဓားအိမ်ထဲသို့ပြန်ထည့်လိုက်
လေတော့သည်။



'ဒါဆိုရင်တော့ ကျုပ်ကသဘောမတူစရာ မရှိပါဘူး၊
ထောက်လှမ်းရေးမှူးကြီးရော . ကျုပ်ကမြို့ဝန်ရဲ့အိမ်အထိ ကျုပ်
ကိုခေါ်သွားမယ်ထင်လို့ပါ'

ဝူချင်းဖန်က ကျန်ကျောင်းရှိရာသို့လျှောက်လှမ်းလာရင်း
ရှင်းပြလိုက်သည်၊ ကျန်ကျောင်းက ဝူချင်းဖန်၏ပုခုံးကို ဖက်
လိုက်သည်။

'သုခမိန်ကြီးက ခင်ဗျားထင်တာထက် ပိုပြီးအမျှော်အမြင်
ရှိပါတယ်ဗျာ'

ကျန်ကျောင်းက ဝူချင်းဖိန်ကို သုခမိန်ကြီးပေါင်ချိန်ကုန်း
စောင့်နေသော ကျောက်ဂူရှိရာသို့ ခေါ်သွားသည်၊

ရန်မျိုးအောင်

ပထမပိုင်း ပြီး၏။

[ ဒုတိယပိုင်းကို ဆက်လက်ဖတ်ရှုပါရန် ]